မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၃၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့။

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သူတို့သည် သေသည် မည်ကုန်၏။ (အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒ)

အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုများတွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Nobuhide Hayashi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက်ငွေကြေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်ရေးနှင့် အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုများတွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းတို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် **Mr. Nobuhide Hayashi** အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အစွရေးနှင့် ပါလက်စတိုင်း ငါးရက်ကြာ အပစ်အခတ်ရပ်စဲမှုစတင် စာမျက်နှာ » ၄

ဘဲခြံအတွင်း ဝင်ဆွဲသည့်မိကျောင်း အသေဖမ်းမိ စာမျက်နှာ » ၅

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မိုးညှင်းမြို့တွင် ရေကြီး၊ ရေလွှမ်းရပ်ကွက်များတွင် ကယ်ဆယ်ရေးဆောင်ရွက် စာမျက်နှာ » ၇

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း နှမ်းရောင်စုံများ ပိုမိုတင်ပို့

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နယ်စပ်ကုန်သွယ်ရေးစခန်းတွင် တစ်ဖက်နိုင်ငံသို့တင်ပို့မည့် ကုန်ပစ္စည်းများတင်ဆောင်ထားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၁၄

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ် (၁၀၅)မိုင်နှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ယခုသီတင်းပတ်အတွင်း နှမ်းရောင်စုံတင်ပို့မှု တန်ချိန် ၈၆၇ တန်ခန့်ရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စာရင်းအင်းများ၌ ဖော်ပြထားသည်။

ထိုသို့ နှမ်းရောင်စုံများတင်ပို့မှုကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၉ သန်းရရှိခဲ့သည်။ နှမ်းများတင်ပို့မှုတွင် မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးမှ နှမ်းရောင်စုံများတင်ပို့ရာ၌ ယခုသီတင်းပတ်အတွင်း ၂၆၄ တန်ရှိခဲ့ရာ ယခင်သီတင်းပတ်က နှမ်းတင်ပို့မှု ၉၇ တန်ထက် ပိုမိုများပြားခဲ့သည်။

ချင်းရွှေဟော် နယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်အတွင်း နှမ်းရောင်စုံ ၆၀၃ တန် တင်ပို့ခဲ့ပြီးဖြစ်ရာ ပြီးခဲ့သည့်သီတင်းပတ်က နှမ်းတန်ချိန် ၁၃၀၂ တန်တင်ပို့မှုထက် လျော့နည်းခဲ့သည်။ ထို့အတူ နှမ်းဖြူဈေးနှုန်းလည်း ကျဆင်းမှုရှိခဲ့သည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့နေသည့် ပစ္စည်းများမှာ ပြောင်း၊ နှမ်း၊ ဆန်၊ ပဲတီစိမ်း၊ မြေပဲဆန်၊ သကြား၊ ရော်ဘာစသည့် ပစ္စည်းများဖြစ်သည်။ အထူးသဖြင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြေပဲဆန် တင်ပို့မှုများလည်းရှိနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❊

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရအပိုင်းက အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ ပုဂ္ဂလိကပိုင်းကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာသည်ကို သတိပြုမိသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့်ဖောင်ဒေးရှင်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ထဲထဲဝင်ဝင်ပါဝင်ပူးပေါင်းလုပ်ဆောင်လာကြသည်ကို တွေ့ရသည်။ ဤသို့ လုပ်ဆောင်ခြင်းမှာ စေတနာသဒ္ဓါတရားထက်သန်သည့်အလျောက် လူသားချင်းစာနာမှုသည် လူမှုရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် လူမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် အခမဲ့မျက်စိကုသစောင့်ရှောက်ပေးမှုကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ကြည့်ရှုတွေ့ဆုံအားပေးခဲ့ပါသည်။ ဤဆေးရုံကြီး၌ မျက်စိလာရောက်ကုသသူပေါင်း ၄၉၀၀ ခန့်ရှိရာ ၁၂၃၀ ကို စမ်းသပ်ကုသမှုများပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းတို့အနက် လူပေါင်း ၁၀၀ ကို ခွဲစိတ်ကုသပေးလျက်ရှိကြောင်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများကို အခမဲ့ကုသပေးနေကြောင်း၊ နောင်တွင် မျက်စိဝေဒနာရှင်များအပြင် လည်ပင်းကြီးရောဂါ၊ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း ကြားသိရသည်။

ဤကျန်းမာရေးစောင့်ရှောက်မှုမှာ ဆေးရုံသို့ တက်ရောက်လာသော ဝေဒနာရှင်များအတွက် ကုန်ကျစရိတ်အားလုံးကို ဖောင်ဒေးရှင်းက ကျခံပေးခြင်းဖြစ်သည်။ သွားစရိတ်၊ လာစရိတ်၊ စားစရိတ်ကုန်ကျမှုမှန်သမျှ လူနာအတွက် ကျခံပေးခြင်းဖြစ်သည်။ အလွန်ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ လူအများစုသည် မိမိတွင် ရောဂါရှိသည်ဟု သိနေလင့်ကစား ငွေကြေးချို့တဲ့မှုကြောင့် ရောဂါကိုကုစားရန်မစွမ်းဆောင်နိုင်ကြပါ။ ဝန်ဆောင်မှုကောင်းသော ပုဂ္ဂလိကဆေးရုံဆေးခန်းများ ပေါ်ပေါက်လာသော်လည်း လူအများစုမှာ ဆေးဖိုးဝါးခနှင့် ကုသစရိတ်အလွန်များပြားလွန်းလှသဖြင့် အလှမ်းကွာနေဆဲဖြစ်ပါသည်။ နောက်ဆုံးရောဂါပြင်းထန်လာသည့် အခြေအနေရောက်မှသာ ဆေးရုံတက်ကြလေ့ရှိပါသည်။ ထို့ကြောင့်လည်း "အပ်နှင့်ထွင်းရမည့်အစား ပုဆိန်နှင့်ထွင်း" သကဲ့သို့ ဖြစ်ကြပြီး နောက်ဆုံးတွင် ပြင်းထန်သောဝေဒနာခံစားနေရမှုကြောင့် သေဆုံးသည်အထိနေကြရပါသည်။ အမှန်မှာ ရောဂါကိုသိလျှင်သိချင်း ကုသမှုခံယူနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ သို့သော် ငွေကြေးတည်းဟူသော အကျပ်အတည်းကြောင့် လူအများစုမှာ ကောင်းမွန်သော ဆေးရုံဆေးခန်းများသို့ သွားရောက်နိုင်စွမ်း မရှိကြပါ။

ယခုကဲ့သို့ ဆေးရုံများနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလွန်ထိရောက်မှု ရှိပါသည်။ ဇမ္ဗူသီရိဆေးရုံကြီး၌သာမက ရန်ကုန်၊ မန္တလေးဆေးရုံကြီးများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံကြီးများတွင်လည်း ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်မည်ဆိုလျှင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် ပိုမိုထိရောက်မှု ရှိလိမ့်မည်ဟု ယူဆမိပါသည်။ သက်ဆိုင်ရာ ကျေးလက်တိုက်နယ်ဆေးရုံ ဆေးပေးခန်းများနှင့် ဖောင်ဒေးရှင်းများ၊ လူမှုရေးအသင်းအဖွဲ့များ ချိတ်ဆက်ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ပြုလုပ်ပေးနိုင်မည်ဆိုပါက ပြည်သူများ၏ လူမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည်လည်း ပိုမိုထိရောက်ပြီး တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စံပြမူကြိုကျောင်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကလေး ၂၀၀ ဆံ့ ရင်သွေးရတနာမူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဥပဒေ ၂၀၁၄ နှင့် မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ၂၀၁၄ နှင့်အညီ စံပြမူကြိုကျောင်းများ၏ အင်္ဂါရပ်များဖြစ်သည့် အတွင်းသင်ယူမှုနေရာများနှင့် အတွင်းကစားကွင်း အပြင်သင်ယူမှုနေရာများနှင့် အပြင်ကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ဝန်ကြီးဌာနမှ မူကြိုကလေးများကို နွားနို့တိုက်ကျွေးနေမှုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မူကြိုကလေးများအား အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဓနသိဒ္ဓိရပ်ကွက် ကလေး ၂၀၀ ဆံ့ တော်ဝင်ရတနာစံပြမူကြိုကျောင်းနှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက် ကလေး၂၀၀ ဆံ့ နန်းထိုက်ရတနာစံပြမူကြိုကျောင်းသို့ ရောက်ရှိပြီး မူကြိုကလေးများအား ကျန်းမာရေးစစ်ဆေးနေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးဌာနအနေဖြင့် ယနေ့အချိန်ထိ တစ်နိုင်ငံလုံးတွင် ကလေးတစ်ဦးလျှင် အနည်းဆုံး ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိသည့် အတွင်းသင်ယူမှုနေရာများ ပါဝင်သည့်အပြင် အပြင်သင်ယူမှု နေရာများပါရှိသော စံပြမူကြိုကျောင်း ၇၃ ကျောင်းကို ဖွင့်လှစ်ထားပြီး မြို့နယ်အားလုံးလွှမ်းခြုံမှု ရရှိစေရန်တစ်နှစ်လျှင် စံပြမူကြိုကျောင်း ၅၀ စီ တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယ်ရီပြေးဆွဲမှုများ တွင်ကျယ်လာခြင်းကြောင့် မြင်းလှည်းများကွယ်ပျောက်လာ

ထင်သာမြင်သာပြုပြင်စရာ

ခရီးသည်ပို့ဆောင်ရေးတွင် မြန်မြန်ဆန်ဆန်သွားလာနိုင်သော ဆိုင်ကယ် ကယ်ရီများ၊ ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ အသုံးပြုမှုတွင်ကျယ်လာသည့်နောက်ပိုင်း မြင်းလှည်းစီးနင်းသူ နည်းပါးလာပြီး ယခုအခါ ကွယ်ပျောက်လုနီးသွားပြီ ဖြစ်သည်။ ယခင်က နေရာဒေသအနှံ့အပြားတွင် အသုံးပြုပြေးဆွဲခဲ့ကြသည့် မြင်းလှည်းများကို ကိုယ့်ဖောက်သည်နှင့်ကိုယ် အားထားအသုံးပြုခဲ့ကြပြီး ပြောင်းလဲလာသည့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် စက်တပ်ယာဉ်များ အလွယ်တကူ စီးနင်းသွားလာနိုင်ကြသည့်အတွက် မြင်းလှည်းယာဉ်အသုံးပြုမှုမှာ မှေးမှိန်လာခဲ့ခြင်းဖြစ်ကြောင်း မြင်းလှည်းမောင်းသူတစ်ဦးက ပြောပြသည်။

"ကိုယ့်မိဘတွေ လက်ထက်ကတည်းက မြင်းလှည်းထောင်စားလာတာဆိုတော့ ဝါသနာက ရှိနေသေးတယ်။ မနက်မိုးလင်းတာနဲ့ လှည်းကောက်ပြီး မြို့ဈေးကို မောင်းတော့တာပဲ အချို့လည်း စီးကြပါသေးတယ်။ ဒါပေမယ့် ဟိုးအရင်တုန်းကလောက် ခေတ်မကောင်းတော့ဘူး" ဟု အထက်ပါ မြင်းလှည်းမောင်းသူကပင် ဆက်၍ ပြောသည်။ **ကိုလွင်(ဆွာ)**

ဒိုက်ဦးမြို့နယ်၌ တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

ဒိုက်ဦး ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကတုတ်မျိုးသန့်ခြံတွင် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန် ခေါင်းဆောင်သော Mobile အဖွဲ့(၁)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော် ကတုတ်ရွာမဦးဒေါင်းစု၊ ကျိုက်စကော၊ ပျဉ်းမလွင်၊ လက်ခုပ်ကွင်း၊ ကတုတ်ဘုရားကြီးတို့မှ တောင်သူ ၅၀ နှင့် စိုက်ပျိုးရေးဝန်ထမ်း ၃၀ စုစုပေါင်း ၈၀ တို့တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က တောင်သူများနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးအဖြေရှာခြင်းအားဖြင့် နိုင်ငံတော်အတွက် လိုအပ်သော အမျိုးသားသီးနှံ၊ ဆန်စပါးထုတ်ကုန်မြင့်မား၍ နိုင်ငံသူနိုင်ငံသားအားလုံးထာဝရ ရေရှည်စိတ်ချမ်းသာ ကိုယ်ကျန်းမာနေထိုင်ရေးအတွက်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန် ခေါင်းဆောင်သော Mobile အဖွဲ့(၁)မှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျော့နည်းပပျောက်ရေးနှင့် လယ်သမားဘဝ ဝင်ငွေနှစ်ဆရရှိရေးအတွက် လိုအပ်သော စိုက်ပျိုးပညာမြေဆီလွှာ သီးနှံကာကွယ်ရေး မြေ၊ မျိုး၊ ပိုးနှင့် မျိုးစေ့ဌာန ဥယျာဉ်ခြံဇီဝဌာနများမှ စိုက်ပျိုးရေး ဆိုင်ရာ တောင်သူများတွေ့ကြုံရသော အခက်အခဲများကို ပညာပေးဆွေးနွေးဟောပြောသည်။ **ကျော်ကျော်(iprd)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မွန်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်၊ ဦးတင်ငွေ၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ မြို့နယ်/ခရိုင် အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံမြို့မိမြို့ဖများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်၍ ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ခေတ်စနစ်ပြောင်းလဲသည့် အသွင်ကူးပြောင်းရေးကာလတွင် ပထမအဆင့်အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ခဲ့ရာ အပစ်အခတ်ရပ်စဲသည့်အနေအထားမှ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တတိယအဆင့်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်မြစ်များချမှတ်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ခေတ်အဆက်ဆက် နိုင်ငံရေးမတည်ငြိမ်မှုများရှိခဲ့သဖြင့် ဗဟိုဦးစီးစနစ်ကျင့်သုံးခဲ့ရခြင်းကြောင့် ခေါက်ရိုးကျိုးနေသည့် အတွေးအခေါ်အယူအဆများကို ဒီမိုကရေစီစနစ်သစ်ဖော်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲသွားရမည် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်းပါဝင်ပြီး အားလုံးအသိတရားရှိရှိ ဆောင်ရွက်မှသာ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို လက်တွေ့ခံစားနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ကိုပါ ထမ်းဆောင်နေသည်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံ၏ပုံရိပ် တိုးတက်ကောင်းမွန်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍများကောင်းမွန်စွာ လည်ပတ်နိုင်ရန် အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့် အရည်အချင်း၊ အရည်အသွေးများပြည့်ဝရန် လိုအပ်ပါကြောင်း၊ လူထုဆက်သွယ်ရေးကဏ္ဍတွင် IT နည်းပညာများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပြည်သူအားလုံးပါဝင်ရန် All Inclusiveness ဖြစ်ရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် မြို့နယ်/ခရိုင် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများသည် ပြည်သူတို့၏ ခံစားချက် ဆန္ဒသဘောထားများကို ကိုယ်ချင်းစာတရားဖြင့် တရားဥပဒေများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ကာလ၌ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိဒေသများတွင် ငြိမ်းချမ်းခြင်း၏အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်ပြီး ပြုပြင်ပြောင်းလဲခြင်း၏ ဖွံ့ဖြိုးမှုအနှစ်သာရများကို လက်တွေ့မြင်တွေ့နေကြရပြီဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲခြင်းဆိုသည်မှာ တစ်ခဏချင်းရယူနိုင်သည်မဟုတ်ဘဲ ရေ၊ မြေ၊ တော၊ တောင်စသည့် သဘာဝအခြေခံများနှင့် လူ့စွမ်းအားအရင်းအမြစ်များပေါင်းစပ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အခြေခံမှအစပြု၍ အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများရည်မှန်းချက်သို့ အမြန်ရောက်ရှိရန် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု ၊ အသိပညာဗဟုသုတကြွယ်ဝမှုနှင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို ဝေဖန်မှုများရှိသော်လည်း ဖြူစင်သည့်စိတ်စေတနာ၊ သန့်ရှင်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများဖြင့် တူညီသည့်လားရာ တူညီသည့်ရည်မှန်းချက်များသို့ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါကြောင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူတို့၏ ဆန္ဒသဘောထားများကို စိတ်ရှည်သည်းခံ၍ ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မတူညီသည့်စိတ်ဆန္ဒများကို လွန်စွာ ဦးစားပေးဆောင်ရွက်ကြလျှင် ပဋိပက္ခများဖြစ်ပွားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနိုင်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့်လည်း မိမိတို့ဆွေးနွေးခဲ့ကြသည်များကို ပြည်သူလူထုအတွင်း အပြုသဘောဆောင် ပြန်လည်မျှဝေခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍအသီးသီးတွင် ပြည်သူများပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

❊ ရှေ့ဖုံးမှ

မြေပဲဆန်တင်ပို့မှုအနေဖြင့် ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စပြီးမှ ဇူလိုင်လအထိ ၁၄၀၆၉ တန်ခန့်ရှိခဲ့ရာ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် အလားတူ ကာလကထက် ပိုမိုများပြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်စပြီးမှ ဇူလိုင်လအထိ မြေပဲဆန်တန်ချိန် ၁၄၃ တန်သာ တင်ပို့နိုင်ခဲ့ရာ ၁၃၉၂၆ တန် ပိုမို တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၏ကုန်သွယ်မှုအနေအထားသည် သတ်မှတ်ပမာဏထက် ကျော်လွန်ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများအဖြစ် မူဆယ် (၁၀၅) မိုင် စခန်းကို ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

တစ်ဖန် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် စတင်ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုများ တရားဝင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သံအမတ်ကြီး ဦးမင်းသိန်းဇံ မော်လ်ဒိုက်ဗ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၄

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းဇံသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် မာလီမြို့၌ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ယာမင် အဗ္ဗဒူလ် ဂေယွန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ်(၄)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၂၀-၅-၂၀၁၄ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရ **လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပါတီ၏အလံအား ပြင်ဆင်ခွင့်ပြုရန် ပြန်လည်တင်ပြလာပါသည်။

၃။ သို့ပါ၍ **လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါအလံကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူ့အောင်သစ် ဒီမိုကရက်တစ်ပါတီ၏အလံပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၂) ကမာရွတ် နဝမတန်း(E)မှ မခိုင်မြတ်နွယ်အား ယနေ့မှစ၍ မခိုင်မြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်မြတ်အောင်**

ပျောက်ဆုံးကြောင်း

ဦးမြတ်သူရိန်ဦး၏ နိုင်ငံကူးလက်မှတ် M-434687သည် ၁၃-၅-၂၀၁၄ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၂၂၄၄၉၂**

ဖခင်အမည်မှန်

အထက (၁) မြောက်ဥက္ကလာပ တက္ကသိုလ်ဝင်တန်း(C)မှ မနီလေးနွယ် ကျောင်းဝင်အမှတ် (775.09)၏ ဖခင်အမည်မှန်မှာ ဦးအောင်ငွေစိုးဖြစ်ပါကြောင်း။ **ဦးအောင်ငွေစိုး**



နိုင်ငံတကာသတင်း

အစ္စရေးနှင့် ပါလက်စတိုင်း ငါးရက်ကြာအပစ်အခတ်ရပ်စဲမှုစတင်

ဂါဇာ ဩဂုတ် ၁၄

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် ဂါဇာကမ်းမြောင်ဒေသ၌ သုံးရက်ကြာ အပစ်အခတ်ရပ်စဲမှုအပြီး ငါးရက်ကြာအပစ်အခတ်ရပ်စဲမှုကို စတင်လိုက်သည်။

အဆိုပါ အပစ်အခတ်ရပ်စဲမှုကို စတင်ရန် ကြေညာလိုက်ချိန်တွင် အစ္စရေးတို့က ဂါဇာမှဒုံးကျည်ပစ်ခတ်မှုကို တုံ့ပြန်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ယမန်နေ့ညပိုင်းက အကြမ်းဖက်မှုသတင်းများ ထွက်ပေါ်ခဲ့ခြင်းမရှိသည်ကို ထောက်ဆခြင်းအားဖြင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တိုက်ရိုက်ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။

အစ္စရေးတို့က ဂါဇာမှစစ်သွေးကြွများ၏ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ဟန့်တားရန်အတွက် ဇူလိုင် ၈ ရက်က ဂါဇာ၌ စစ်ဆင်ရေးဆင်နွှဲတိုက်ခိုက်ခဲ့သည်။

ဂါဇာကိုထိန်းချုပ်သော ဟားမားစ်တို့အပါအဝင် ကိုင်ရို၌ ပါဝင်ဆွေးနွေးလျက်ရှိသည်။ ၎င်းတို့က ဗုဒ္ဓဟူးနေ့ ညပိုင်းတွင် အစ္စရေးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်သည်ဟု ဆိုခြင်းကိုငြင်းဆိုထားသည်။

အပစ်အခတ်ရပ်စဲရေးကို တိုးချဲ့လုပ်ဆောင်ခြင်းအားဖြင့် စေ့စပ်ဆွေးနွေးမှုကိုလည်း ပိုမိုပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဂါဇာသတင်းရပ်ကွက်က ပြောသည်။ **(ဘီဘီစီ)**

ရုရှားအကူအညီပစ္စည်းများတင်ဆောင်လာသော ယာဉ်တန်း ယူကရိန်းနယ်စပ်သို့ ရောက်ရှိရန် နီးကပ်လာ

မော်စကို ဩဂုတ် ၁၄

ရုရှားအကူအညီပစ္စည်းများ တင်ဆောင်လာသော လော်ရီကားအစီး ၁၀၀ ကျော်သည် ယူကရိန်းတောင်ပိုင်းနယ်စပ်ဆီသို့ ဦးတည်မောင်းနှင်လျက်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါလော်ရီကားများသည် ယူကရိန်းအရှေ့ပိုင်းခွဲထွက်ရေးသမားများ ထိန်းချုပ်ရာဒေသအနီး ရုရှားမြို့ ရော့စတော့သို့ ဦးတည်မောင်းနှင်လာလျက်ရှိသည်။

ရုရှားက ၎င်းယာဉ်တန်းသည် ခွဲထွက်ရေးသမားများအား လက်နက်ထောက်ပံ့ရန်အကြောင်းပြသည်ဆိုခြင်းကို ငြင်းဆိုလိုက်သည်။ သို့သော်လည်း ယူကရိန်းက ၎င်းယာဉ်တန်းနယ်စပ်မဖြတ်မီ နိုင်ငံတကာအဖွဲ့အစည်းများက စစ်ဆေးရဖွယ်ရှိကြောင်း ပြောကြားသည်။

လွန်ခဲ့သောသီတင်းပတ်များက ယူကရိန်းအရှေ့ပိုင်း၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ သေဆုံးမှုအများအပြားရှိသည်ဟု ဆိုသည်။ ဧပြီလလယ် ပဋိပက္ခစတင်ပြီးကတည်းက လူပေါင်း ၂၀၈၆ ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူထက်ဝက်ကျော်မှာ လွန်ခဲ့သော နှစ်ပတ်အတွင်း၌ ဖြစ်သည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့က အဆိုပါယာဉ်တန်းသည် ရော့စတော့မြို့ မြောက်ဘက်မိုင် ၃၅၀ အကွာ ဗိုရိုနက်ဒေသ၌ ရောက်ရှိနေသည်။ ၎င်းယာဉ်တန်းသည် ယူကရိန်းအစိုးရထိန်းချုပ်သော ခါကိဗ်သို့ ဦးတည်မောင်းနှင်လျက်ရှိသည်။

(ဘီဘီစီ)

ဘရာဇီးသမ္မတရွေးကောက်ပွဲဝင်တစ်ဦး လေယာဉ်ပျက်ကျသေဆုံး

ဘရာစီးလီးယား ဩဂုတ် ၁၄

ဘရာဇီးသမ္မတရွေးကောက်ပွဲဝင် အာဒူယာဒိုကမ်ပို့စ် စီးနင်းလိုက်ပါလာသော လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ကြောင်း ပါတီဝင်များနှင့် ဒေသဆိုင်ရာအရာရှိများက ပြောသည်။

၎င်းလေယာဉ်သည် ရာသီဥတုဆိုးရွားမှုကြောင့် ဆော်ပေါလိုပြည်နယ် ဆန်တို့စ်ဆိပ်ကမ်းမြို့ ရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အခြားခရီးသည်လေးဦးနှင့် လေယာဉ်မှူးနှစ်ဦးလည်း သေဆုံးခဲ့သည်။

သမ္မတရိုဆက်က မစ္စတာ ကမ်ပို့စ်သေဆုံးမှုအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို သုံးရက်ကြာပြုလုပ်ရန် ကြေညာခဲ့ပြီး လှုပ်ရှားဆောင်ရွက်နေမှုများကိုလည်း ဖျက်သိမ်းခဲ့သည်။

မစ္စတာ ကမ်ပို့စ်သေဆုံးခြင်းသည် ထူးချွန်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဆုံးရှုံးမှု၊ ရဲဘော်ရဲဘက်ကောင်းတစ်ဦး ဆုံးရှုံးမှုဖြစ်ပြီး ဘရာဇီးနိုင်ငံ၏ အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်သည်ဟု မစ္စစ်ရိုဆက်က ပြောခဲ့သည်။

မစ္စတာ ကမ်ပို့စ် သည် အောက်တိုဘာလတွင် ကျင်းပမည့် တတိယအကြိမ်မြောက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူဖြစ်ပြီး ၎င်းကိုဆုံးရှုံးရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ ကမ်ပို့စ်သည် ၎င်း၏မိသားစုတာဝန်များတွင်လည်းကောင်း၊ ပါလီမန်အမတ်အဖြစ်လုပ်ဆောင်သည့် သက်တမ်းတစ်လျှောက်တွင် လည်းကောင်း ဂုဏ်သိက္ခာရှိရှိဖြင့် ရိုးသားကြိုးစားလုပ်ကိုင်ခဲ့ပြီး စည်းကမ်းပြည့်ဝတန်ဖိုးရှိသည့် နိုင်ငံသားတစ်ဦးဖြစ်ခဲ့ကြောင်း ဒုတိယသမ္မတ မိုက်ကယ်တီမာက ဆိုသည်။ **(ဘီဘီစီ)**

ပုပ်ရဟန်းမင်းကြီး တောင်ကိုရီးယားသို့အလည်လာစဉ် မြောက်ကိုရီးယားက တာတိုဒုံးကျည်သုံးစင်းပစ်လွှတ်

ဆိုးလ် ဩဂုတ် ၁၄

မြောက်ကိုရီးယားက ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ အာရှပထမဆုံး အလည်အပတ်ခရီးစဉ်တစ်ခုဖြစ်သည့် ဆိုးလ်သို့မရောက်မီ အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်၌ တာတိုဒုံးကျည်သုံးစင်းပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားဝန်ကြီးဌာနက ပြောသည်။

အဆိုပါဒုံးကျည်များကို မြောက်ကိုရီးယားဆိပ်ကမ်းမြို့ ဝမ်ဆန်ရှိ ဒုံးပစ်စင်မှ ပစ်လွှတ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်အရှေ့ဘက် ကီလိုမီတာ ၂၂၀၊ ၁၃၅ မိုင်အထိ ရောက်ရှိခဲ့သည်ဟု ၎င်းဝန်ကြီးဌာနအရာရှိတစ်ဦးက ဆိုသည်။

နောက်ဆုံးဒုံးကျည်သည် ပုပ်ရဟန်းမင်းကြီး ဆိုးလ်လေဆိပ်သို့မရောက်မီ ၃၅ မိနစ်အလို၌ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသည် တောင်ကိုရီးယား၌ ငါးရက်ကြာလည်ပတ်မည်ဖြစ်သည်။ ၎င်းဒုံးကျည်များသည် တနင်္လာနေ့တွင်စတင်မည့် အမေရိကန်နှင့်တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှု အစီအစဉ်မတိုင်မီ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

ဆီးရီးယား ဆာရင်းဓာတ်ငွေ့များ အမေရိကန်က ဓာတ်ပြယ်နည်းသုံး ဖျက်ဆီး

သည်ဟိတ် ဩဂုတ် ၁၄

အမေရိကန်ပြည်ထောင်စုက ဆီးရီးယားမှ ဆာရင်းဓာတ်ငွေ့အတွက် ရှေ့ပြေးဓာတုပစ္စည်း ၅၈၁ တန် ဖျက်ဆီးမှုပြီးစီးသွားပြီဖြစ်ကြောင်း ဓာတုလက်နက် တားဆီးရေးအဖွဲ့ (OPCW) က ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အဆိုပါ ဓာတုပစ္စည်းများကို အမေရိကန်ရေတပ်သင်္ဘောဘိတ်ရေးပေါ်တွင် ဇူလိုင်လဆန်းပိုင်းက တင်ဆောင်လာခဲ့ပြီး နိုင်ငံတကာရေပိုင်နက် မြေထဲပင်လယ်၌ ဓာတ်ပြယ်စေသောနည်းကိုသုံးပြီး အဆိုပါသင်္ဘောပေါ်၌ ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကို OPCW စစ်ဆေးရေးမှူးများက သွားရောက်စစ်ဆေးအတည်ပြုခဲ့သည်။

“ဒီအဆိပ်ငွေ့တွေကို အနည်းဆုံး ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ အဆိပ်မရှိအောင် လျှော့ချပြီးပါပြီ” ဟု အဆိုပါအဖွဲ့မှ စစ်ဆေးရေးမှူးများက ပြောသည်။

ကျန်ရှိနေသေးသည့် Sulfur mustard တန်ချိန် ၁၉ ဒသမ ၈ တန်ကိုလည်း အဆိုပါသင်္ဘောပေါ်တင်ပြီး ဓာတ်ပြယ်စေသောနည်းဖြင့် ဖျက်ဆီးသွားမည်ဟု ဆိုသည်။ ဤသို့ဓာတ်ပြယ်ဖျက်ဆီးပြီးချိန်တွင် ဖင်လန်နှင့် ဂျာမနီနိုင်ငံတို့ရှိ မြေအခြေစိုက်လုပ်ငန်းများသို့ ပို့ဆောင်မြှုပ်နှံသွားမည်ဟုဆိုသည်။ **(ဆင်ဟွာ)**

လစ်ဗျားပါလီမန်က ပြည်သူ့စစ်ကိုဖျက်သိမ်း၊ လုံခြုံရေးအတွက် ကုလသမဂ္ဂသို့ စစ်ရေးအကူအညီတောင်း

ထရီပိုလီ ဩဂုတ် ၁၄

အသစ်ရွေးကောက်တင်မြှောက်လိုက်သော လစ်ဗျားပါလီမန်က ပြိုင်ဘက်ပြည်သူ့စစ်များအကြား တိုက်ခိုက်မှုများမှ အရပ်သားများကို ကာကွယ်ပေးရေး ကုလသမဂ္ဂကို စစ်ရေးကြားဝင်ပေးပါရန် အကူအညီတောင်းခံလိုက်သည်။

စစ်ရေးကြားဝင်မှုကဲ့သို့သော လိုအပ်သောအစီအမံများပြုလုပ်ရန်လိုကြောင်း လစ်ဗျားလွှတ်တော်အမတ်များက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြတောင်းဆိုထားသည်။

လစ်ဗျားနိုင်ငံအတွင်း အကြမ်းဖက်မှုများဖြစ်ပွားနေ၍ ပါလီမန်ကမဲခွဲဆုံးဖြတ်ကာ ပြိုင်ဘက်ပြည်သူ့စစ်များ ထူထောင်ထားမှုကို ဖျက်သိမ်းလိုက်သည်။ ၂၀၁၄ ခုနှစ်အကုန်တွင် ယင်းတို့အား တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်များသို့ ပူးပေါင်းရန် ရာဇသံပေးထားသည်။

“ပြည်သူ့စစ်တွေဟာ ဒီဇင်ဘာ ၃၁ ရက် အထိသာရှိမှာဖြစ်ပြီး ပုံမှန်တပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းကြရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်သူတွေဟာ ထောင်သုံးနှစ်ချခံရမှာဖြစ်ပါတယ်”ဟု လွှတ်တော်အမတ် အီဆာအယ်လ်အာရီဘီက ပြောသည်။

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ၌ ပြိုင်ဘက်ပြည်သူ့စစ်များအကြား တိုက်ပွဲများတွေ့မြင်နေရသည်။ မြို့တော်၏ အလယ်ဗဟိုကျရာ နိုင်ငံတကာလေဆိပ်ကိုလည်း ဇူလိုင် ၁၃ ရက်ကတည်းက ပိတ်ထားခဲ့ရသည်။ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၂၄ ဦးသေဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၆၀၀၀ ကို ဘေးကင်းနေရာများသို့ ပြောင်းပေးခဲ့ရသည်။

(ပရက်စ်တီဗွီ)

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ချင်းတွင်းစစ်ဆင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဒေသနှင့်အချိန်ကာလပေါ်မူတည်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အထူးစစ်ဆင်ရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်နှင့် ခန္တီးခရိုင် ခန္တီးမြို့နယ်တို့တွင် ၂၀၁၄ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၂၃ ရက်အထိ"ချင်းတွင်း" စစ်ဆင်ရေးသတ်မှတ်၍ တပ်ဖွဲ့ဝင် ၄၅ ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၃၃ မှု၊ အလေးချိန် ၉၅ ဒသမ ၂၄၄ ဂရမ်၊ ဘိန်းစိမ်းခုနစ်မှု၊ အလေးချိန် ၁၁ ဒသမ ၇၂ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အဆင့်နိမ့်ဘိန်း ခုနစ်မှု၊ အလေးချိန် ၁ ဒသမ ၃၈၉ ကီလိုဂရမ်၊ ဘိန်းဆီခဲတစ်မှု၊ ၅၀ ဒသမ ၇ ဂရမ် စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် သိန်းပေါင်း ၂၈၅ ဒသမ ၀၈ နှင့် မူးယစ်ဆေးဝါးအမှုပေါင်း ၄၉ မှု၊ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူ အမျိုးသားတရားခံ ၇၀ ဦး၊ အမျိုးသမီး တရားခံ ရှစ်ဦး စုစုပေါင်းတရားခံ ၇၈ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ "ချင်းတွင်း"စစ်ဆင်ရေးကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲအကြိမ် ၅၀၊ ပြည်သူလူထုအင်အား ၅၁၄၆ ဦးကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းဆတ်၌ မူးယစ်ဆေးဝါးချက်လုပ်ရာ၌အသုံးပြုသည့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို တွေ့မြင်ရစဉ်။

နေပြည်တော် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက်က သတင်းကွင်းဆက်အရ နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်ခရိုင် စတုံးအုပ်စု မယ်ကြူတ် (၁) ကျေးရွာအရှေ့ဘက် နှစ်မိုင်ကျော်ခန့် (ခမ NC- ၅၈၉၅၄၀)တွင် နယ်မြေရှင်းလင်းစဉ် လျှိုအတွင်းရှိ တောင်စောင်းမြေကြီးအတွင်း သို၀ှက်ထားသော မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်ကလိုရိုက် ၄၉၂ ကီလို၊ အီသိုင်းအီသာဓာတုဆေးရည် ၁၂ လီတာ၊ အရိုးမီးသွေး ၃၀ ကီလိုတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် ပိုင်ရှင်အား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် မိုင်းတွင်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက်က မူးယစ်တပ်ဖွဲ့(၂) မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ဘွမ်ဘရာကုန်းရှိ မခေါန်ဂျာ၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ 88 နှင့် 1 စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ နှင့် မူးယစ်ဆေးဝါးရောင်းချရ ငွေကျပ် ၁၀၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် မခေါန်ဂျာ (၄၉နှစ်) အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မခေါန်ဂျာအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သင့်စာသင်ကျောင်းတစ်ခွင်
မူးယစ်ကင်းစင်အောင် အစဉ်သတိပြုပါ

မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်

ပဲတီစိမ်းစိုက်ခင်း ပိုးသတ်ဆေးဖျန်းစဉ် အဆိပ်သင့်၍သေဆုံး

နေပြည်တော် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြည်သူ့ဆေးရုံ၌ အဆိပ်မိ၍ သေဆုံးသည့် အမျိုးသမီးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ မြို့သစ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီခန့်က မြို့သစ်မြို့နယ် မကျီးချိုအုပ်စု ဆူးပုတ်စမ်းတဲတိုက်နေ မအေးသင်း(၂၃ နှစ်)သည် "နိုကာ"အမျိုးအစား ပိုးသတ်ဆေးရည် နှစ်ဂါလန်ခန့်ပါရှိသည့် ဆေးဖျန်းပုံးကိုကျောတွင်လွယ်ပြီး ၎င်းပိုင် ပဲတီစိမ်းစိုက်ခင်းသို့ တစ်ဦးတည်းသွားရောက်ဆေးဖျန်းခဲ့ကြောင်း၊ နံနက် ၁၁ နာရီထိ နေအိမ်သို့ ပြန်ရောက်မလာသဖြင့် မိခင်ဖြစ်သူ ဒေါ်မှီမှ လိုက်သွားခဲ့ရာ မအေးသင်းအား ပဲတီစိမ်းစိုက်ခင်းအတွင်း ဆေးဖျန်းပုံးလွယ်လျက် ပါးစပ်မှအမြှုပ်များထွက်ကာ သတိလစ်လဲကျနေသည်ကိုတွေ့ရှိရ၍ နွားလှည်းဖြင့် သယ်ဆောင်လာစဉ် မကျီးချိုကျေးရွာအရောက် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရပြီး မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ကန့်ဘလူနှင့် ကျွန်းလှကြား ရထားဘီးချော်

ကျွန်းလှ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ စက်ခေါင်းမောင်း ဦးသက်ကိုကို မောင်းနှင်လာသော စက်ခေါင်းအမှတ် DD965 မန္တလေး-မြစ်ကြီးနား ကုန်အမြန်ရထားသည် ကန့်ဘလူ-ကျွန်းလှ မိုင်တိုင်အမှတ် ၄၉၈/၆ နှင့် ၁၀ အကြားတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က ရေနံနှင့် ဒီဇယ်တင်ထားသော တွဲအမှတ် DBHV40384 မှာ ဘီးနှစ်ဘီး ချော်သွားကြောင်း သိရသည်။

ထိုသို့ ရထားဘီး ချော်သွားသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း အမြန်လမ်းပွင့်ရန် ကန့်ဘလူသံလမ်းအင်ဂျင်နီယာအဖွဲ့က တိုင်းတာပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘူတာရုံပိုင်က ပြောကြားသည်။

မျိုးဝင်းညို-ကျွန်းလှ

ဘဲခြံအတွင်း ဝင်ဆွဲသည့် မိကျောင်း အသေဖမ်းမိ

ပုသိမ် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု ခါချဉ်ချောင်းအတွင်းတွင် ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီက ၎င်းရွာနေ ဦးမောင်လှိုင်(၃၈ နှစ်) ကျပန်းလုပ်ကိုင်သူ၏ ကျားပိုက်အဟောင်းများဖြင့် ကာရံလျက် ဘဲများမွေးမြူထားသည့် ဘဲခြံအတွင်းသို့ အလျား ၇ ပေ ၉ လက်မ၊ လုံးပတ် ၂ ပေ ၆ လက်မ၊ အသက် လေးနှစ်ကျော်ခန့်ရှိ မိကျောင်းတစ်ကောင်က ဘဲများကို ဝင်ရောက်ဆွဲရာ ၎င်းမိကျောင်းမှာ ကျားပိုက်နှင့် လုံးထွေးရစ်ပတ်ပြီး ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးသွားသည်။

(ခရိုင် ပြန်/ဆက်)

အမည်ပြောင်း

ဦးကျော်လှမိုး၏သား ရန်ကုန်မြို့၊ အထက(၂)၊ ကမာရွတ် Grade (6)B မှ မောင်သက်ဝေဖြိုးအား မောင်သစ်ထူးဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သစ်ထူးဟန်

ဂန့်ဂေါမြို့နယ်တွင် မြေသယ်ယာဉ် ကုန်တင်ကားတိမ်းမှောက် လမ်းလုပ်သားငါးဦး သေဆုံးမှုဖြစ်

ဂန့်ဂေါ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံညာတောင်အဆင်းတွင် ဩဂုတ် ၁၃ ရက်က မြေသယ်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့သဖြင့် အဆိုပါယာဉ်ပေါ်လိုက်ပါလာသူ လမ်းလုပ်သား အမျိုးသမီးသုံးဦး၊ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်က မန္တလေးမြို့ တော်ဝင်စံသူထိုက်ကုမ္ပဏီမှ ယာဉ်မောင်း စိုးမြင့်ဦး အသက် (၃၆ နှစ်) အမရပူရမြို့နယ်နေသူမောင်းနှင်သည့် SKAT (၆) မြေသယ်ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ် ၁၀၀ နှင့် လမ်းလုပ်သား ၂၁ ဦးအားတင်ဆောင်၍ မန္တလေးမြို့မှ ဟားခါးမြို့သို့ တင်ဆောင်မောင်းနှင်လာစဉ် ပုလဲ-ဂန့်ဂေါ-ဟားခါး ကားလမ်း မိုင်တိုင်အမှတ် ၆၈/၁ နှင့် ၂ အကြား၊ ပုံညာတောင်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ထိုးကျပြီး ကမ်းပါးနံရံတိုက်မိကာ တိမ်းမှောက်သွားခဲ့သဖြင့် အဆိုပါယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်းနှင့် အခြားလမ်းလုပ်သားအမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၆ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်ကိုမဆင်မခြင်မောင်းသူ စိုးမြင့်ဦးအား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြို့ပြသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

မြို့ပြသုံးလျှပ်စစ်ဖြစ်သော အေစီလျှပ်စစ်ကို သမားရိုးကျနည်းဖြင့် ထုတ်လုပ်ရာတွင် လျှပ်ထုတ်သည့် ဂျင်နရေတာကြီးများကို လှည့်ပေးနိုင်ရန် အင်ဂျင်စက်၊ ရေနွေးငွေ့တာဘိုင်စက်၊ ရေအားသုံး တာဘိုင်စက် စသည်တို့ကို အသုံးပြုကြရသည်။ ပထဝီမြေအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်ပေါ်များသော ဒေသ၊ နိုင်ငံတို့တွင် ရေအားကို သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက် HPP (Hydro Power Plant) များကို အဓိကထား၍ အသုံးပြုကြသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင် နည်းပါးသော နိုင်ငံများနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါ်များသော်လည်း လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်လောက်အောင် ရေစီးအားနှင့် ရေပမာဏတို့ လုံလောက်စွာ မရရှိသော ဒေသ၊ နိုင်ငံများတွင်မူ အင်ဂျင်စက်နှင့် ရေနွေးငွေ့တာဘိုင်များကို အဓိကထား အသုံးပြုကာ အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ကြရသည်။

ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန်မှာ ပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်များ လုံလောက်စွာ တည်ရှိနေရုံမျှမက ရာသီမရွေး စီးဆင်းသည့် ရေပမာဏမှာလည်း ရေအားဖြင့် လျှပ်စစ်ဓာတ်ကို အမြဲတမ်းထုတ်ယူနိုင်သည့် အနေအထားတွင် ရှိရန်လည်း လိုအပ်သည်။ ရေအားလျှပ်စစ်ထုတ်ယူကြရာတွင် သဘာဝအလျောက် တောင်စောင်း၊ ချောက်ကမ်းပါးနှင့် ရေတံခွန်များမှ ရာသီမရွေး အလျဉ်မပြတ် စီးဆင်းနေသော ဖိအားမြင့်သည် ရေစီးအားကို အသုံးပြုကြရခြင်းဖြစ်ရာ ယင်းသို့သော အနေအထားနှင့် ကိုက်ညီပြည့်စုံသော ရေတံခွန်တည်ရှိရာ နေရာများသည်လည်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ ရနိုင်သော နေရာမျိုးဖြစ်ရန်လိုအပ်သည်။

ထို့ပြင် ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို မြို့၊ ရွာများသို့ ပို့ဆောင်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားလိုင်းကြိုးကြီးများကို ဖြတ်သန်းသွယ်တန်းရန် အဆင်ပြေသော နေရာ အနေအထားမျိုး ရှိနေရန်လည်း လိုအပ်သည်။

မြို့ပြသုံး အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူခြင်းနှင့် ပို့ဆောင်ဖြန့်ဖြူးခြင်း၊ ဓာတ်အားခွဲခြင်း၊ ထရန်စဖော်မာများ ကြားခံတည်ဆောက်ပေးခြင်းစသည့် လုပ်ငန်းအားလုံးသည် ကနဦး ကုန်ကျစရိတ် အလွန်များပြားရုံမျှမက ရေရှည်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှု စောင့်ရှောက်ရသော စရိတ်တို့မှာလည်း အလွန်မြင့်မားလှသည်။ သို့ဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ခုအတွက် နည်းပညာပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ တည်ဆောက်ကုန်ကျစရိတ် အရသော်လည်းကောင်း၊ သွယ်တန်းဖြန့်ဖြူးမှုစရိတ်အရသော်လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှု စောင့်ရှောက်ရသော စရိတ်များအရသော်လည်းကောင်း ဘက်စုံထောင့်စုံမှ များစွာချင့်ချိန်ကြရသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူသည့် နည်းလမ်းများအနက် ရေအားကို သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စနစ်၏ ထူးခြားချက်တစ်ခုမှာကား လျှပ်ထုတ် ဂျင်နရေတာကြီးများအား လည်ပတ်စေရန်အတွက် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေဖိအားကို အသုံးပြုထားသည့်အတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေခြင်းပင်ဖြစ်သည်။

စက်မှုဖွံ့ဖြိုးသော နိုင်ငံများတွင်မူ အေစီလျှပ်စစ်ဓာတ်အားကို နျူကလီးယား စွမ်းအင်သုံး၍ ထုတ်လုပ်ရယူလျက်ရှိနေကြသည်။ သို့ရာတွင် နျူကလီးယားစွမ်းအင်သုံးဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းမှာ လျှပ်စစ်ဓာတ်အား ပမာဏကို အလျှံအပယ်ရရှိနိုင်သော်လည်း လုပ်ငန်းခွင်အန္တရာယ်ကြီးမားလှသော ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်လိုက်သော အေစီလျှပ်စစ်ဓာတ်အားကို မြို့ပြများသို့ ပို့ဆောင်ဖြန့်ဖြူးရာတွင် သွယ်တန်းမှုစနစ်နှစ်မျိုးကို အသုံးပြုသည်။ ဓာတ်အားလိုင်းကြိုးကြီးများ သွယ်တန်းမှုကြောင့် လူနေအိမ်ခြေနှင့် အဆောက်အအုံများအတွက် အနှောင့်အယှက်မဖြစ်စေရန် ယာဉ်နှင့် ရထားများ ခုတ်မောင်းသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရန်၊ မြို့ပြလေကြောင်း အချက်ပြ ဆက်သွယ်ရေးစနစ်များ တပ်ဆင်ရာတွင် လေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီစေရန် စသည်တို့ကို အဓိက ဦးစားပေးမည်ဆိုပါက မြေအောက်ဓာတ်အားလိုင်း သွယ်တန်းမှုစနစ်ကို အသုံးပြုကြသည်။ မြေအောက် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းသည် ကုန်ကျစရိတ်အလွန်ကြီးမားရုံမျှမက ကျွမ်းကျင်မှုရှိရန်လည်း များစွာလိုအပ်သည်။

မြေအောက်တွင်ရှိနေသော ဓာတ်အားလိုင်းကြိုးများသည် မြေပေါ်တွင်ရှိနေသော ဓာတ်အားလိုင်းကြိုးများနှင့်မတူဘဲ မြေကြီးနှင့်အမြဲတမ်း ထိတွေ့နေရခြင်း၊ အချို့နေရာများတွင် စွတ်စိုသော မြေကြီး၊ သဘာဝမြေအောက်ရေတို့နှင့် ထိတွေ့ နေရခြင်း၊ အပေါ်ယံ မြေကြီး၏ ဖိသိပ်ထားမှုကို အမြဲခံနေရခြင်း စသည်တို့ကြောင့် မြေအောက်ဓာတ်အားလိုင်းကြိုးများ၏ အရည်အသွေးသည် မြေပေါ်ဓာတ်အားလိုင်းကြိုးများထက် များစွာ အလွန်ကောင်းမွန်ရန် လိုအပ်သည်။ မြေအောက်ဓာတ်အားလိုင်း သွယ်တန်းမှုစနစ်ကို ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အသုံးပြုလျက်ရှိနေကြသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်လိုက်သော အေစီလျှပ်စစ်ဓာတ်အားကို ပို့ဆောင်ဖြန့်ဖြူးရာတွင် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူပြီး တစ်တိုင်မှ တစ်တိုင်သို့ လျှပ်စစ်ဝိုင်ယာကြိုးကြီးများကို ဆင့်ကဲသွယ်တန်းခြင်းသည် ကောင်းကင် ဓာတ်အားလိုင်းသွယ်တန်းမှုစနစ် ဖြစ်သည်။ ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ခြင်းသည် ကုန်ကျစရိတ်နည်းပါးပြီး သာမန်ကျွမ်းကျင်မှုအဆင့်ဖြင့် တပ်ဆင်နိုင်ခြင်း၊ တိုးချဲ့နိုင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းနိုင်ခြင်းများကြောင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် အသုံးများသော သွယ်တန်းမှုစနစ်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ဓာတ်အားလိုင်းဝိုင်ယာကြိုးကြီးများသည် အဓိကကျသော ဆက်သွယ်မှုပစ္စည်းဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရာတွင် ဝိုင်ယာကြိုးကြီးများသည် အနည်းဆုံးအားဖြင့် ပေါင် ၇၀၀ အထိ ခံနိုင်ရည်ရှိသော အရည်အသွေးမြင့်ကြိုးများဖြစ်ရန် လိုအပ်သည်။ ထို့ပြင် ကောင်းကင်ဓာတ်အားလိုင်းဝိုင်ယာကြိုးကြီးများကို ဆွဲတင်းရာတွင် လုံခြုံမှုကိန်း (Safty Factor) သည် ပျမ်းမျှအားဖြင့် (၂) ရှိရမည်ဖြစ်သည်။

ဥပမာအားဖြင့် ဆွဲအားခံနိုင်ရည် ပေါင် ၁၂၀၀ ရှိသော ကြိုးများအတွက် လုံခြုံမှုကိန်း သတ်မှတ်ချက်ဖြစ်သော (၂)နှင့်ကိုက်ညီမှုရှိစေရန်အတွက် ကြိုးကို ဆွဲတင်းရမည့်အားမှာ (၁၂၀၀ ပေါင် ÷ ၂) ၆၀၀ ပေါင်ထက် မပိုစေရန် ဂရုပြုရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်တိုင်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ပြတ်ကျနိုင်သည့် အကြောင်းရင်းများမှာ လျှပ်စစ်ကြိုး၏ သုံးစွဲနိုင်မှုသက်တမ်း ကျော်လွန်သွားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်တိုင်များ ယိုင်နဲ့သွားခြင်း၊ လျှပ်စစ်ကြိုးနှင့် သစ်ပင်သစ်ကိုင်းများ အရှိန်ပြင်းစွာရိုက်ခတ်မိ ခြင်း၊ လျှပ်စစ်ကြိုးများကို လုံခြုံမှုကိန်း သတ်မှတ်ချက်ထက်ပို၍ လွန်ကဲစွာ ဆွဲတင်းထားခြင်း စသောအကြောင်းများကြောင့် ဖြစ်သည်။

လျှပ်စစ်ဝိုင်ယာကြိုးများကို ဆွဲတင်းရာတွင် လုံခြုံမှုကိန်းကို သတ်မှတ်ပေးထားသကဲ့သို့ပင် လျှပ်စစ်ဓာတ်တိုင်များအတွက်လည်း လုံခြုံမှုကိန်းများကို

> **ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို သစ်ပင်ဝါးပင်များနှင့် လွတ်ကင်းနိုင်သမျှသော နေရာများတွင်သာ ဖြတ်သန်းတည်ဆောက်သင့်သည်။ ကောင်းကင်ဓာတ်အားလိုင်းကြိုးများသည်အပင်များနှင့်ထိတွေ့မိသည့်အခါ လျှပ်စစ်ဓာတ်အားယိုစီး ပျောက်ဆုံးခြင်းဖြစ်ပေါ်နိုင်ရုံမျှမက လျှပ်စစ်အန္တရာယ်ကြီးမားစွာ ဖြစ်ပေါ်လာနိုင်သည်။**

နိုင်ငံများအလိုက် အမျိုးမျိုးသတ်မှတ်ပေးထားကြသည်။ ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သံမဏိဓာတ်တိုင်များကိုသာ သုံးစွဲလျက်ရှိနေကြသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများ၌မူ သစ်သားဓာတ်တိုင်များကိုသာ အဓိကထားပြီး သုံးစွဲလျက်ရှိနေကြသည်။ ယေဘုယျအားဖြင့် သံမဏိဓာတ်တိုင်များအတွက် လုံခြုံမှုကိန်းမှာ ၂ ဒသမ ၅ ဖြစ်ပြီး သစ်သားဓာတ်တိုင်များအတွက် လုံခြုံမှုကိန်းမှာမူ ၃ ဒသမ ၅ ဖြစ်သည်။

ဤနေရာတွင် ပို့ဆောင်ဓာတ်အားလိုင်းကြိုးကြီးများနှင့် သွယ်တန်းဆားဗစ်လိုင်းကြိုးနှစ်မျိုးအတွက် ဗြိတိသျှစနစ် စံသတ်မှတ်ချက်ကို အောက်ပါအတိုင်း လေ့လာနိုင်သည်။

၁။ လျှပ်စစ်ဓာတ်အား ပို့ဆောင်သော ကောင်းကင်ဓာတ်အားလိုင်းကြိုးသည် အနိမ့်ဆုံးအဆင့် ဆွဲအားခံနိုင်ရည် ၁၂၃၇ ပေါင်ရှိရမည်။ ဝိုင်ယာကြိုး၏ထိပ်ဖြတ်ဧရိယာသည် ၀ ဒသမ ၀၂၀ စတုရန်းလက်မအရွယ်ထက် မငယ်စေရ၊ ကြိုးတစ်မိုင်အရှည်၏အလေးချိန်သည်၄၀၉ ပေါင်ရှိရမည်။ (ယင်းပြဋ္ဌာန်းချက်နှင့်ကိုက်ညီသော ကြိုးအရွယ်အစားမှာ S.W.G နံပါတ်(၈)ကြေးကြိုး ဖြစ်သည်။)

၂။ အဆောက်အအုံသို့ ဓာတ်အားရယူသွယ်တန်းသော ဆားဗစ်ဝိုင်ယာကြိုးသည် အနိမ့်ဆုံးအဆင့်ဆွဲအားခံနိုင်ရည် ၈၁၆ ပေါင်ရှိရမည်။ ဝိုင်ယာကြိုး၏ထိပ်ဖြတ်ဧရိယာသည် ၀ ဒသမ ၀၁၂၉ စတုရန်းလက်မအရွယ်ထက် မငယ် စေရ။ ကြိုးတစ်မိုင်အရှည်၏ အလေးချိန်သည် ၂၆၂ ပေါင်ရှိရမည်။ (အဆိုပါပြဋ္ဌာန်းသတ်မှတ်ချက်နှင့်ကိုက်ညီသော ကြိုးအရွယ်အစားမှာ S.W.G နံပါတ် (၁၀) ကြေးကြိုး ဖြစ်သည်။)

ကောင်းကင်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းတည်ဆောက်ရာတွင် လမ်းကို ဖြတ်ကျော်၍ တည်ဆောက်ခြင်း၊ လမ်းနှင့်ယှဉ်၍ တည်ဆောက်ခြင်းနှင့် လမ်းနှင့်ယှဉ်၍သော်လည်းကောင်း၊ ဖြတ်ကျော်၍သော်လည်းကောင်း တည်ဆောက်မှု မရှိခြင်း စသည်ဖြင့် (၃)မျိုး ခွဲခြားထားရာ ကောင်းကင်ဓာတ်အားလိုင်းကြိုးသည် မြေပြင်နှင့် ပေမည်မျှ ကွာဝေးရမည်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

ကောင်းကင်ဓာတ်အားလိုင်းကသယ်ဆောင်သောဗို့အား	မြေပြင်နှင့်ကွာဝေးရမည့်အမြင့် (ပေ)		
	လမ်းကိုဖြတ်ကျော်ခြင်း	လမ်းနှင့်ယှဉ်၍သွယ်တန်းခြင်း	လမ်းနှင့်ယှဉ်/ဖြတ်ကျော်ခြင်းမရှိ
၂၃၀/၄၀၀ ဗို့	၁၉	၁၈	၁၅
၃.၃ ကေဗွီ	၂၀	၁၉	၁၇
၆.၆ ကေဗွီ	၂၀	၁၉	၁၇
၁၁ ကေဗွီ	၂၀	၁၉	၁၇
၃၃ ကေဗွီ	၂၀	၁၉	၁၈
၆၆ ကေဗွီ	၂၂	၂၀	၁၉
၁၃၂ ကေဗွီ	၂၃	၂၁	၂၀
၂၃၀ ကေဗွီ	၂၅	၂၄	၂၂

ကောင်းကင်ဓာတ်အားလိုင်းကို တည်ဆောက်ခြင်းမပြုမီ ဓာတ်အားလိုင်းဖြတ်သန်းတည်ဆောက်မည့် လမ်းကြောင်းကို ဦးစွာရွေးချယ်ရန် လိုအပ်သည်။ လူနေအဆောက်အအုံများရှိသော မြို့၊ ရွာများကို ဖြတ်သန်းသွယ်တန်းရမည့် အခြေအနေမျိုးဖြစ်လျှင် အဆောက်အအုံများ၏ အရွယ်အစား၊ အမြင့်၊ တည်နေပုံနှင့် လမ်း၏အနေအထားတို့ကို စနစ်တကျကြည့်ရှုလေ့လာပြီး လက်ရှိသွယ်တန်းတပ်ဆင်မှုနှင့် နောင်တွင်တိုးချဲ့တည်ဆောက်မည့် အလားအလာတို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်းတိုင်များသည် တစ်တိုင်နှင့်တစ်တိုင် အလှမ်းကွာဝေးလွန်းခြင်းမျိုး မဖြစ်ရန်လည်း လိုအပ်သည်။ မြို့ရွာများ အတွင်းသို့ ဖြတ်သန်းသွယ်တန်းမည့် ကောင်းကင်ဓာတ်အားလိုင်းကြိုးများအတွက် ဓာတ်တိုင်များတည်ဆောက်ရာတွင် ယင်းဓာတ်တိုင်များသည် ဝိုင်ယာသွယ်တန်းမှု၏ တစ်ထောက်နားရာ နေရာအဖြစ်သာမက ညအချိန်တွင် လမ်းဓာတ်မီးတိုင်အဖြစ်ပါတည်ရှိနေရမည်ဖြစ်သည့်အတွက် လမ်း၏အနေအထားနှင့်ချိန်ဆကာ မနီးလွန်း၊ မဝေးလွန်းသော နေရာများတွင်သာ စိုက်ထူရမည်ဖြစ်သည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို လယ်ကွင်းပြင်နှင့် တောတောင်များကိုဖြတ်သန်းပြီးသွယ်တန်းရာတွင် ရေရှည် ထိန်းသိမ်းမှုမခက်ခဲစေရန်အတွက် မော်တော်ကားလမ်း၊ ရထားလမ်းများမှ အလှမ်းကွာဝေးလွန်းသော နေရာမျိုးများ၌ သွယ်တန်းခြင်းကို ရှောင်ကြဉ်သင့်သည်။ ထို့ပြင် ကောင်းကင်လျှပ်စစ်ဓာတ်အားလိုင်းကြိုးများကို စကားပြောကြေးနန်းကြိုးများနှင့်အတူ နီးကပ်စွာယှဉ်တွဲလျက် မျဉ်းပြိုင်သွယ်တန်းမှုမျိုးမှလည်း ရှောင်ရှားရမည်ဖြစ်သည်။ အကြောင်းမှာ ကောင်းကင် ဓာတ်အားလိုင်းကြိုးတစ်လျှောက်တွင် ဝိုင်ယာကြိုးကို ဗဟိုပြု၍ဖြစ်ပေါ်နေသော ဒေါင်လိုက်စက်ဝိုင်းပုံ လျှပ်စစ်သံလိုက်စက်ကွင်းများသည် စကားပြောကြေးနန်းကြိုးများအတွင်း၌ လျှပ်စစ်ဖိအားညို့ဝင်မှုကို ဖြစ်ပေါ်စေခြင်းကြောင့် ဖြစ်သည်။ ယင်းအခြေအနေမျိုးတွင် စကားပြောကြေးနန်းဆက်သွယ် ပြောဆိုရာ၌ အနှောင့်အယှက်များကိုဖြစ်ပေါ်စေသည်။

ကောင်းကင်ဓာတ်အားလိုင်းကြိုးများနှင့်စကားပြောကြေးနန်းကြိုးများ ယှဉ်ပြိုင်သွယ်တန်းမှု ခရီးတာပို၍ ကွာဝေးလေ ဆက်သွယ်ပြောဆိုရာ၌ အနှောင့်အယှက်ပို၍ များလေဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်းကြိုးများနှင့် စကားပြော ကြေးနန်းကြိုးများကို လမ်း၏တစ်ဖက်တည်းတွင် သွယ်တန်းခြင်းမျိုး မပြုသင့်ပေ။ အကယ်၍မလွှဲမရှောင်သာ လမ်း၏ တစ်ဖက်တည်းတွင် ယှဉ်ပြိုင်သွယ်တန်း ရမည်ဆိုပါကလည်း တစ်ကြိုးနှင့် တစ်ကြိုး အနည်းဆုံး ပေ ၅၀ ခြားထားရမည်ဖြစ်သည်။

အလားတူပင် ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို သစ်ပင်ဝါးပင်များနှင့် လွတ်ကင်းနိုင်သမျှသော နေရာများတွင် သာ ဖြတ်သန်းတည်ဆောက်သင့်သည်။ သစ်ပင်ဝါးပင်များသည် အမြဲသဖြင့် အစိုဓာတ်ရှိနေသည်ဖြစ်၍ ကောင်းကင်ဓာတ်အားလိုင်းကြိုးများသည် အပင်များနှင့်ထိတွေ့မိသည့်အခါ လျှပ်စစ်ဓာတ်အားယိုစီး ပျောက်ဆုံးခြင်းဖြစ်ပေါ်နိုင်ရုံမျှမက သစ်ပင်များ ယိမ်းနွဲ့ခြင်းနှင့် ပြိုလဲခြင်းများဖြစ်ပေါ်သည့်အခါ လျှပ်စစ်အန္တရာယ်ကြီးမားစွာ ဖြစ်ပေါ်လာနိုင်သည်။

မြို့ပြသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကျစ်လျစ်စုစည်းမှုရှိသော်လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းကမူ ကျယ်ပြန့်ထွေပြားလှသည်ဖြစ်ရာ အဘက်ဘက်က ချင့်ချိန်တွက်ချက်ပြီးမှ စနစ်တကျ ဆောင်ရွက်ကြခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့်စနစ်ကို ဖော်ဆောင်သွားသင့်ကြပေသည်။

နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနား ဟားခါးမြို့၌ကျင်းပ

ဟားခါး ဩဂုတ် ၁၄

ချင်းပြည်နယ် ဟားခါးမြို့၌ နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်ငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ယူနီဆက်အဖွဲ့မှ ဌာနေစီမံကိန်းအရာရှိ ဦးပြောင်ဆွင်းမုန်က နိုင်ငံတကာလူငယ်များနေ့ ဖြစ်ပေါ်လာပုံနှင့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာလူငယ်များနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြရာ ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ရပ်ကွက်အလိုက် ခြင်းလုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်ကလည်းကောင်း၊ ထက်၊ လယ်၊ မူအဆင့်စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများကို ယူနီဆက်အဖွဲ့မှ ဌာနေစီမံကိန်းအရာရှိ ဦးပြောင်ဆွင်းမုန်ကလည်းကောင်း ဆုများချီးမြှင့်သည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

မလေးရှားနိုင်ငံလေဆိပ်၌ ဖမ်းဆီးထိန်းသိမ်းခံရသူများအနက် အေးဂျင့်သုံးဦးအား ဩဂုတ် ၁၉ ရက်တွင် ရုံးထုတ်စစ်ဆေးမည် ပြည်ဝင်ဗီဇာအတုကိုင်ဆောင်သူများအနက် ၅၂ ဦးမှာ ပြစ်ဒဏ်တစ်နှစ်စီချမှတ်ခံရ၊ ပြည်ဝင်ဗီဇာအစစ်ဖြင့် ဝင်ရောက်ခဲ့သူနှင့် သက်ကြီးရွယ်အိုနှင့်ကလေးများ ဩဂုတ်လကုန်ခန့် မြန်မာနိုင်ငံပြန်ရောက်မည်

နေပြည်တော် ဩဂုတ် ၁၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်တွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသား ၇၅ ဦးနှင့် ပတ်သက်၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဩဂုတ် ၂ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ထပ်မံရရှိသော သတင်းများအရ ဖမ်းဆီးခံထားရသူ ၇၅ ဦးအနက် အေးဂျင့်တစ်ဦးနှင့် ကျန် ၆၀ တို့မှာ ပြည်ဝင်ဗီဇာအတုများဖြင့် ရောက်ရှိလာသူများဖြစ်ပြီး အေးဂျင့်နှစ်ဦးနှင့် ကျန် ၁၂ ဦးမှာ ပြည်ဝင်ဗီဇာအစစ်များဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ဗီဇာအတုများ ကိုင်ဆောင်ထားသူ ၆၀ အနက် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၆ ဦးတို့အား မလေးရှားလူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ဩဂုတ် ၁၂ ရက်တွင် ပြစ်ဒဏ်တစ်နှစ်စီချမှတ်ခဲ့ကြောင်း၊ အဆိုပါ ပြစ်ဒဏ်နှင့် ပတ်သက်၍ အသနားခံစာတင်သွင်းလိုပါက ၁၄ ရက်အတွင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ထို့အပြင် ဗီဇာအတုဖြင့်ဝင်ရောက်လာသူများအနက် ကျန်ရှစ်ဦးမှာ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များဖြစ်နေ၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း မရှိကြောင်း၊ ပြည်ဝင်ဗီဇာအစစ်ဖြင့် ဝင်ရောက်ခဲ့သူ ၁၂ ဦးအား လက်ရှိတွင် လေဆိပ်အချုပ်၌ ထိန်းသိမ်းထားရှိပြီး အေးဂျင့်သုံးဦးအား ရုံးထုတ်စစ်ဆေးသည့်အချိန်တွင် သက်သေအဖြစ် ထွက်ဆိုနိုင်ရန်အတွက် စီရင်ချက်ချမှတ်ပြီးသည်အထိ ထိန်းသိမ်းထားရှိမည်ဟု သိရှိရကြောင်း၊ ၎င်းတို့ ၁၂ ဦးနှင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း မရှိသည့် ရှစ်ဦး စုစုပေါင်း ၂၀ တို့အား ဩဂုတ်လကုန်ပိုင်းခန့်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်ဟုသိရှိရပြီး အေးဂျင့်သုံးဦးကို ဩဂုတ် ၁၉ ရက်တွင် ရုံးထုတ်စစ်ဆေးမည်ဟု သိရှိရသည်။

ပြစ်ဒဏ်တစ်နှစ်ချမှတ်ခံရသည့် မြန်မာနိုင်ငံသားများနှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ သက်ညှာစွာ စဉ်းစားဆောင်ရွက်နိုင်ရေးအတွက် မလေးရှားနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ၎င်းတို့မလေးရှားနိုင်ငံ၌ ရှိနေစဉ်ကာလအတွင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံသားများအား တရားမဝင်ပို့ဆောင်ပေးခဲ့သည့် ပြည်တွင်းမှ အဖွဲ့အစည်းများကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

(သတင်းစဉ်)

ကိုရီးယားကျန်းမာရေးစေတနာ့ဝန်ထမ်းအဖွဲ့ ရန်ကုန်နှင့်တောင်ငူမြို့တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ကိုရီးယားအခြေစိုက် Seoul Namsan Lion Club မှ Dr. Jin Hak Lee ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များနှင့် အဖွဲ့ဝင် ၁၃ ဦးပါဝင်သော ကျန်းမာရေးစေတနာ့ဝန်ထမ်းအဖွဲ့သည် ရန်ကုန် မျက်စိဆေးရုံကြီး၌ ဩဂုတ် ၁၃ ရက်က လည်းကောင်း၊တောင်ငူပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိလည်းကောင်း မျက်စိရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသပေးခြင်း၊ မျက်စိရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ကလေးသူငယ်ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့နှင့်အတူ ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KOICA Myanmar Office) မှ ဝန်ထမ်းများနှင့် World Friends KOICA မှ စေတနာ့ဝန်ထမ်း ၂၁ ဦးတို့က ပူးပေါင်းပါဝင် ကူညီလျက်ရှိကြောင်း သိရသည်။

World Friends KOICA မှ စေတနာ့ဝန်ထမ်းအဖွဲ့သည် ဝန်ကြီးဌာန ၁၁ ခု၌ ပညာရှင် ၃၀ ဖြင့် မြန်မာနိုင်ငံအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အသိပညာများဖြန့်ဝေခြင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အကူအညီပေးလျက်ရှိကြောင်း သိရသည်။

မိုးသူ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ်ဝင်းရှိ အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်ခေါင်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများသတ်မှတ်နေရာ၌ နေရာယူကြပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားကာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဒေါက်တာကျော်ကျော်ခေါင်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုအားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ရရှိခဲ့ကြသော မြန်မာလက်ရွေးစင်ကရာတေးဒို အားကစားသမားများက ကရာတေးဒိုအားကစား၊ နည်းစနစ်များကို သရုပ်ပြသကြသည်။

ထို့နောက် ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပရာ ပြိုင်ပွဲပေါင်း ၅၈ ပွဲ ကျင်းပပြီးစီးသွားသည်။

ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲများကို ဩဂုတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေပိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးသည်းထန်စွာရွာ နေပြည်တော်သပြေကုန်းဈေးရေပြည့်လျှံ

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေ၏ အဓိက အထင်ကရဈေးကြီးတစ်ဈေးဖြစ်သော ကျောက်မျက်ရတနာပြတိုက်အနီးတွင်ရှိသည့် သပြေကုန်းဈေး၌ ဩဂုတ် ၁၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သား၊ ငါး၊ ကုန်စိမ်းရောင်းချသော ဈေးတန်းနှင့် ပွဲရုံတန်းရှိလမ်းမများတွင် ရေပြည့်ရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ယင်းကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုနှင့်ပတ်သက်၍ သပြေကုန်းဈေးတွင် ကုန်စိမ်းရောင်းချသူတစ်ဦးက ပြောရာတွင် "ဩဂုတ် ၁၃ ရက် နေ့လယ်ပိုင်းကတည်းက မိုးက ရွာလိုက်၊ ရပ်လိုက်နဲ့၊ ညနေ ၆ နာရီထိုးတော့ မိုးသဲကြီးမဲကြီးရွာချတာ ည ၁၀ နာရီအထိပဲ၊ မိုးတိတ်မှ ဈေးသည်တွေစုပေါင်းပြီး သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်တွေနဲ့ ပျဉ်းမနားကို ပြန်ရပါတယ်"ဟု သပြေကုန်းဈေးသို့ ပျဉ်းမနားမြို့မှ နေ့စဉ်ကုန်စိမ်းရောင်းချသူ မသီတာထွေးက ရှင်းပြသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သပြေကုန်းဈေးရေလျှံမှုဖြစ်ပွားသည့်အတွက် ရေဝပ်ဆိုင်ခန်းများဖြစ်သည့် ကုန်စိမ်း၊ သား၊ ငါးဈေးသည်များသည် ဩဂုတ် ၁၄ ရက် နံနက် ဈေးရောင်းချရာတွင် ရေဝပ်ကင်းလွတ်နေရာဖြစ်သည့် ဈေးရုံ၏ အနောက်ဘက် မော်တော်ကားရပ်နားသည့် ကားပါကင်တွင် ရောင်းချလျက်ရှိသည်။ ဈေးရေပြည့်ရေလျှံမှုနှင့်ပတ်သက်၍ သပြေကုန်းဈေးတာဝန်ခံ၊ ဦးစီးအရာရှိ ဦးသန်းဌေးအား သွားရောက်မေးမြန်းရာ "ညနေ ၆ နာရီက ည ၁၀ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ ကုန်စိမ်းတန်းနဲ့သားငါးရောင်းချရုံဟာ မြေနိမ့်ပိုင်းမှာရှိတဲ့အတွက် ခုလို ရေပြည့်လျှံမှုဖြစ်ပွားခြင်းဖြစ်ပါတယ်။ ဩဂုတ် ၁၄ ရက် နံနက်ခင်း ၃ နာရီမှစပြီး ကျွန်တော်အပါအဝင် ဝန်ထမ်း ၃၀ လောက်က ပြည့်လျှံနေတဲ့ရေများ အလွယ်တကူစီးဆင်းသွားစေဖို့ ရေဆိုးထုတ်မြောင်းတွေမှာ ပိတ်ဆို့နေတဲ့ အမှိုက်သရိုက်တွေကို ရှင်းလင်းဆောင်ရွက်ပါတယ်။ ဒါပေမဲ့ ရေတွေကျန်ရှိနေတဲ့အတွက် ဈေးသည်များရောင်းဝယ်မှု မပျက်ပြားစေရန် ကားပါကင်ကို ပြောင်းရွှေ့ စီစဉ်ဆောင်ရွက်ပေးသလို ပွဲရုံတန်းရှိလမ်းမတွေမှာ ဝင်နေတဲ့ရေများ အချိန်မီ အလျင်အမြန် စီးဆင်းစေရန် ဆောင်ရွက်နေပါတယ်" ဟု ရှင်းပြသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးနှင့် ဝန်းကျင်တွင် ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ရွာသွန်းသော မိုးသည်းထန်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းရာ မိုးရေချိန် ၂ ဒသမ ၉၅ လက်မရှိပြီး တစ်ပြိုင်တည်းရွာသွန်းသည့် ပျဉ်းမနားမြို့၏ မိုးရေချိန်မှာ ၁ ဒသမ ၈၅ လက်မဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မိုးညှင်းမြို့တွင်ရေကြီး ရေလွှမ်းရပ်ကွက်များတွင် သက်ဆိုင်ရာက ကယ်ဆယ်ရေးဆောင်ရွက်

မိုးညှင်း ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဩဂုတ် ၁၃ ရက် ည ၁၁ နာရီမှ ၁၄ ရက် နံနက် ၆ နာရီအထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်ရင်းချောင်းရေကြီးမှုနှင့် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးညှင်းမြို့၌ မိုးရေချိန် ၅ ဒသမ ၅၁ လက်မခန့် မိုးရွာသွန်းမှုကြောင့် နန့်ရင်းချောင်းရေချိန်မှာ ၅၈၀ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် မိုးညှင်းမြို့ပေါ်ရှိ နန့်ရင်းချောင်းဘေးတွင် နေထိုင်ကြသော ရပ်ကွက်များ ရေလွှမ်းမှုများ ဖြစ်ပွားခဲ့သဖြင့် တပ်မတော်၊ ရဲတပ်ဖွဲ့အပါအဝင် လူမှုရေးအဖွဲ့အစည်းများမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရေလွှမ်းမှုဖြစ်ပွားခဲ့သော ရပ်ကွက်များမှာ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက်တွင် အိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၁၅၀၊ နမီးစုရပ်ကွက်တွင် အိမ်ခြေ ခုနစ်အိမ်၊ လူဦးရေ ၃၉ ဦး၊ နတ်ကြီးကုန်းရပ်ကွက်တွင် အိမ်ခြေ ၄၀၊ လူဦးရေ ၂၃၆ ဦး၊ မြို့မရပ်ကွက်တွင် အိမ်ခြေ ၂၆ အိမ်၊ လူဦးရေ ၁၄၁ ဦး၊ ရေလယ်ကျွန်းရပ်ကွက်တွင် အိမ်ခြေ ၁၀၅ အိမ်၊ လူဦးရေ ၇၃၅ ဦးတို့ဖြစ်ကြောင်း သိရသည်။

အလားတူ မိုးရွာသွန်းမှုကြောင့် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု စက်ရုံကုန်းရပ်ကွက် မူလတန်းကျောင်းဝင်းအတွင်း မိုးရေ နှစ်လက်မခန့်မြင့်တက်နေသဖြင့် အဆိုပါကျောင်းကို ယာယီပိတ်ထားကြောင်း သိရသည်။

အဆိုပါ ရေလွှမ်းသည့်နေရာများသို့ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်သက်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ပြည်တွင်းသတင်း

လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့်အတူ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကလေး-ဖလမ်း-ဟားခါး လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဗားရဲတံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကလေး-ကလေးဝ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ချင်းတွင်းတံတား(ကလေးဝ) **(ယာပုံ)**၌ ကလေးဝဘက်ကမ်း ကမ်းကပ်ခုံလုပ်ငန်း၊ ရေလယ် Pier Position များ ဆောင်ရွက်ထားမှုနှင့် စက်ယန္တရားများဖြင့် ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြစ်သာတံတား ကြံ့ခိုင်မှုနှင့် မုံရွာ-ယာကြီး-ကလေးဝလမ်း၊ ချောင်းမ-လင်းကတော-ပခုက္ကူလမ်း(ချောင်းမ-ယင်းမာပင်အပိုင်း)၌ စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီလဝါအထူးစီးပွားရေးဇုန် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကျင့်သုံးသွားမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်၏ ဥပဒေပြဋ္ဌာန်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အစည်းအဝေး သဘာပတိ ဦးဝင်းအောင်က ဥပဒေပြဋ္ဌာန်းအစည်းအဝေးသည် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့တွေ့ဆုံမိတ်ဆက်ပြီး ယုံကြည်မှု တည်ဆောက်သည့် အစည်းအဝေး ဖြစ်ကြောင်း၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်ကို အများပိုင် ကုမ္ပဏီကိုးခုဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၃ ရက် နေ့စွဲဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်တည်ထောင်ခွင့်ရရှိခဲ့ကြောင်း၊ ကနဦးမတည် တည်ထောင်သူ ကုမ္ပဏီကိုးခုမှာ FMI, GLAD, MAPCO, MAGDOPL, MEICO, MSD, MTI, NDGOG နှင့် NEW CITY တို့ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ကနဦးမတည်ရင်းနှီးငွေမှာ ငွေကျပ် ၅၀၀ ဘီလီယံရှိပြီး အစုရှယ်ယာပေါင်း သန်း ၅၀ အဖြစ် ခွဲထားကြောင်း၊ ကနဦးမတည်ရင်းနှီးငွေကို မူလကမကထပြုသူ ကုမ္ပဏီကိုးခုက ၄၅ ရာခိုင်နှုန်းထည့်ဝင်ရန်နှင့် အများပြည်သူအစုရှင်များက ၅၅ ရာခိုင်နှုန်းထည့်ဝင်ရန် သတ်မှတ်ထားကြောင်းဖြင့် ပြောကြားသည်။

ကျင့်သုံးသွားမည်

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော အစုရှယ်ယာဝင်အများဆုံး ပါဝင်သည့် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန်တည်ထောင်ရာတွင် အစုရှယ်ယာရှင်အများဆုံးဖြင့် ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီဖြစ်သည့်အတွက် နိုင်ငံတကာ မြေဈေးများနှင့် နှိုင်းယှဉ်ပြီး ပြုလုပ်ထားကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ရေဆိုးသန့်စင်စက်များတပ်ဆင်ထားပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင် ဆောင်ရွက်ထားကြောင်း၊ စီးပွားရေးဇုန်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Win Consulting Limited ဥက္ကဋ္ဌ ဦးဝင်းသင်က ဥပဒေပြဋ္ဌာန်း အစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုမ္ပဏီဒါရိုက်တာ ဦးသိန်းဟန်က ကုမ္ပဏီ၏ ဥပဒေပြဋ္ဌာန်းအစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့သည်။

(သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းဆောင်ရွက်

အောင်ပန်း ဩဂုတ် ၁၄

အောင်ပန်းမြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကာကွယ်နိုင်ရန် ဓာတ်အားလိုင်းကာကွယ်ရေး ပုခက်(Guard Wire)များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက အောင်ပန်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီးနှင့် ခေတ်လိုက်ကားဂိတ်အနီး ဓာတ်အားလိုင်းတိုင်များ၌ ကာကွယ်ရေးပုခက်(Guard Wire)တပ်ဆင်ခြင်းလုပ်ငန်းကို အောင်ပန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်နှင့် လိုင်းဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှပ**

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပေါ် ကိုယ်စားလှယ်တစ်ဦး၏ အမြင်

နေပြည်တော် ဩဂုတ် ၁၄

ရေးသားသူ-ဒင်နီလီ (Danny Lee)

ပြီးခဲ့သည့်ခြောက်ရက်ကြာကာလအတွင်း ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်၊ သတင်းစာနယ်ဇင်းအဖွဲ့ပေါင်း ၁၀၀ ကျော်သည် အစည်းအဝေးပေါင်း ၃၀ ကျော်ကို တက်ရောက်ခဲ့ကြသည်။

၎င်းသည်ကတော့ ပြီးခဲ့သည့်သီတင်းပတ်အတွင်းမြန်မာနိုင်ငံ၏ မြို့တော်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ပတ်သက်သည့် အခြေခံစာရင်းပင်ဖြစ်လေသည်။

အခြားသောဆက်စပ်အစည်းအဝေးများကိုလည်း ကမ္ဘာပေါ်တွင် အကျယ်ဆုံးမြို့တော်တစ်ခုဟု ဆိုကြသည့် ၎င်းနေရာတွင် ကျင်းပခဲ့သည်။ အထူးသဖြင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်ကို ၂၇ ခုသော နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တက်ရောက်ခဲ့ကြသည်။

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသည် (၄၇)ကြိမ်မြောက် အာဆီယံနေ့နှင့် မင်္ဂလာရှိစွာတိုက်ဆိုင်ခဲ့သည်။ အစည်းအဝေး သုံးရက်အတွင်း (၄၉)ကြိမ်မြောက် စင်ကာပူအမျိုးသားနေ့ကိုလည်း ကြုံကြိုက်ခဲ့ကြရသည်ဟု အစည်းအဝေးပြီးဆုံးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ကိုယ်စားလှယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့သို့ချီမည့် ပွင့်လင်းကောင်းမွန်သော ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ကြသည်ဟု သူကဖြည့်စွက် ပြောကြားသည်။ ရှည်လျားကွေ့ကောက်သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၏ တစ်ခန်းမှ တစ်ခန်းသို့ အဆောတလျင် ဥဒဟိုသွားလာခဲ့ကြရသည့်အတွက် ကိုယ်စားလှယ်များသည် အိမ်ပြန်ရောက်လျှင် ရုပ်ပိုင်းဆိုင်ရာပိုမိုကြံ့ခိုင်မှုရှိလာမည်ကတော့ သေချာပါသည်။

၎င်းအစည်းအဝေးတွင် ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းအပြင် ကိုယ်စားလှယ်များအတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကိုလည်း စမ်းသပ်ခြင်းခံရသည်ဟုဆိုနိုင်သည်။ ကြားရသည့်အတိုင်းဆိုလျှင် အစည်းအဝေးတိုင်းသည် သတ်မှတ်ထားသည်ထက် အချိန်ပိုကြာခဲ့သည်ချည်းဖြစ်သည်။

တချို့က ကြေညာချက်များကို မူကြမ်းပြုစုရန် အချိန်များစွာသုံးခဲ့ကြရသည်။ တချို့ကတော့ ကိုယ်စားလှယ်များအချင်းချင်းအသေးစိတ် ဆွေးနွေးရင်း အချိန်များစွာ ကုန်ခဲ့ကြရသည်။

အချိန်များစွာအလုပ်လုပ်နေခဲ့ရသဖြင့် ကိုယ်စားလှယ်များသည် သန်းခေါင်ယံကျော်မှ ညစာကိုစားရသလို ထမင်းထုပ်ဖြင့် ဝမ်းရေးဖြည့်တင်းရင်း အစည်းအဝေးများနှင့်အတူ စီးမြောခဲ့ကြရသည်။

စာနယ်ဇင်းသတင်းသမားများလည်း အလားတူပင်ဖြစ်သည်။ ညလယ်စာကို သုံးရက်ခန့်မျှ မိမိနှင့်အတူ စားသုံးရင်း ဂျပန်သတင်းထောက်များနှင့် ဟိုတယ်ထမင်းစားသောက်ခန်းတွင် တွေ့ဆုံရင်းနှီးခဲ့ရသည်။

သတင်းထောက်တစ်ယောက်ကတော့ ယခုအာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ထူးခြားသည့် အောင်မြင်မှုသည် ဘာဖြစ်မလဲဆိုပြီး ကျွန်တော့်ကို မေးလာသည်။ ထိုအမေးအပေါ် ကျွန်တော်ကအရေးကြီးသောကိစ္စများ၊ လက်တွေ့ကျသည့် အရာများအပေါ်တွင် အာရုံစူးစိုက် ဆောင်ရွက်ခြင်းသည် အာဆီယံ၏လုပ်ရိုးလုပ်စဉ် ပုံစံဖြစ်သည်ဟုဆိုလိုက်သည်။ ကျွန်တော်က အာဆီယံသည်ကြီးကျယ်ခမ်းနားမှုတွေကို ဦးစားမပေးသော်လည်း စဉ်ဆက်မပြတ်ကြိုးစားလုပ်ကိုင်ခြင်းကိုမူ တန်ဖိုးထားသည်။ ရလဒ်ကတော့ အလျင်အမြန်အကျိုးရလဒ်ဖြစ်ပေါ်လာခြင်းထက် ဖြည်းဖြည်းမှန်မှန်တိုးတက်လာခြင်းပင်ဖြစ်သည်ဟု ပြောဖြစ်ခဲ့သည်။

အထူးသဖြင့် တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာကိစ္စကဲ့သို့ ကိစ္စရပ်များတွင် ဆောင်ရွက်ခဲ့မှုကိုတွေ့မြင်နိုင်ပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့အကြား ကောင်းမွန်သည့် ဆွေးနွေးမှုများရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ကလည်း ပိတ်ပွဲအပြီးသတင်းစာရှင်းလင်းပွဲ၌ “မိမိတို့အနေဖြင့် မတူကွဲပြားခြားနားမှုများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် အာရုံစိုက်ဖြေရှင်းရန်နှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ဆက်လက်ဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း” ပြောကြားခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးညဏ်လင်းလည်း တက်ရောက်ခဲ့သည်။

အလားတူပြည်ထောင်စုဝန်ကြီးက “အာဆီယံအသိုက်အဝန်းကိုလာမည့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းခြင်း၊ အာဆီယံပေါင်းစည်းမှု ဦးဆောင်ဦးရွက်ပြုမှုနှင့် အခြားသောဒေသတွင်း ဦးဆောင်ဦးရွက်ပြုအစီအစဉ်များနှင့် အရှေ့တောင်အာရှအဏုမြူလက်နက်ကင်းမဲ့ရေး စာချုပ်ကဲ့သို့သော ကိစ္စရပ်များတွင် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အစည်းအဝေးများအပြီးတွင်တော့ ကိုယ်စားလှယ်များနှင့် ပါဝင်လှုပ်ရှားကြသူအများသည် အမှန်တကယ်မောပန်းနေကြသော်လည်း လွန်ခဲ့သောတစ်ပတ်ကစခဲ့သည့် လုပ်ငန်းစဉ်ကြီး အောင်မြင်စွာ ပြီးစီးခဲ့သည့်အတွက် ဝမ်းမြောက်ပျော်ရွှင်နေကြသည်။ နေပြည်တော်ကို လာရောက်ခဲ့သည့် နိုင်ငံတကာက ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များအားလုံးက တညီတညွတ်တည်း သဘောတူခဲ့ကြသည့်အချက်ကတော့ မြန်မာနိုင်ငံသည် ၎င်းမျှလောက်ကြီးမားလှသည့် အစည်းအဝေးကြီးတွေကို စီစဉ်ဆောင်ရွက်သည့်နေရာတွင် မယုံကြည်နိုင်လောက်အောင် အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်လေသည်။

ကျွန်တော်နှင့်အတူ အစည်းအဝေးတက်ရောက်လာသူအားလုံးကလည်း ၎င်းမြန်မာ့မြေတွင် တွေ့ဆုံခဲ့ရသည့် လုံခြုံရေးဝန်ထမ်းများ၊ ဆက်ဆံရေးအရာရှိများ၊ ယာဉ်မောင်းများအပါအဝင် အခမ်းအနားမှာ ပါဝင်ဆောင်ရွက်ကြသူအားလုံး၏ ရင်းနှီးကူညီမှုတွေကို အမြဲသတိရနေကြမည်ဖြစ်သည်မှာ အသေအချာပင်ဖြစ်သည်။

အချို့က အင်္ဂလိပ်ဘာသာစကားကို အများကြီးမပြောနိုင်ကြသော်လည်း သူတို့၏အပြုံးများသည် ကျွန်တော်တို့တစ်တွေ၏ နံနက်ခင်းတိုင်းကို မျှော်လင့်ချက် ရောင်နီသန်းစေပြီး တစ်နေကုန်အားအင်ပြည့်ဝစေခဲ့သည်။ ကျွန်တော်နံနက်ခင်းလမ်းလျှောက်ထွက်သည့်အခါတိုင်းတွင်လည်း လုံခြုံရေးဝန်ထမ်းများ၊ ရဲမေ၊ ရဲဘော်တွေနှင့် ဖယ်ရီကားတွေပေါ်မှ အလုပ်သမားတွေကအစ ကြီးကြီးငယ်ငယ်၊ အမျိုးသား အမျိုးသမီးမရွေး တွေ့ဆုံခဲ့သည့်သူတိုင်းက အပြုံးကိုယ်စီနှင့် လန်းဆန်းတက်ကြွစွာ လက်ဝှေ့ရမ်းနှုတ်ဆက်ခဲ့ကြသည်ကို တွေ့ခဲ့ရသည်။

ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာသမားများ အရေအတွက်များပြားခဲ့သော်လည်း အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့ကတော့ ကျွန်တော်တို့အားလုံး (ဧည့်သည်)တွေအတွက် လိုသည်ထက်တောင်ပိုပြီး အဆင်သင့်ဖြစ်နေပြီဆိုတာ ပြသနိုင်ခဲ့သည်။ ပြောရမယ်ဆိုလျှင် အခန်းနေရာကျယ်တွေကလည်း အများကြီးဆိုမှ အများကြီးပင်ဖြစ်သည်။ လာမည့် နိုဝင်ဘာလတွင် အာဆီယံဥက္ကဋ္ဌ၏ ကြီးကျယ်ခမ်းနားသည့် နောက်ဆုံးထိပ်သီးအစည်းအဝေးပွဲကြီးကို ပါဝင်ဆင်နွှဲရမည်ဟု မျှော်လင့်မိပါသည်။

ပြန်လည်ဆုံတွေ့ကြပါစို့ မြို့ရွှေနေပြည်တော်ရယ်. . . . .

(အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အသိုက်အဝန်းရေးရာဌာန၊ ညွှန်ကြားရေးမှူး မစ္စတာဒင်နီလီ ၁၁-၈-၂၀၁၄ ရက်နေ့က ရေးသားသည့် Myanmar Gets Ready for ASEAN Summit, as Regional Group Wraps Foreign Ministers and the Meetings in Nay Pyi Taw ခေါင်းစဉ်ပါဆောင်းပါးကို ဝေဝေလင်းက ဆီလျော်စွာ ပြန်ဆိုပါသည်။)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်စည်းဝေး

စစ်တွေ ဩဂုတ် ၁၄

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ပထမနေ့အဖြစ် ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသာညွန့် အပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ၂၃-၇-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၈၆(၁)/၈/သမ္မတရုံးဖြင့် ပေးပို့သောစာအား ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။ ထို့နောက် မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားပြေးဆွဲသည့် ဆိုက်ကားယာဉ်များကို ကြီးကြပ်စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေနှင့် စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်းဆိုင်ရာနည်းဥပဒေတို့အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမကြီးနှင့် သာမန်အစည်းအဝေးခန်းမများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အအုံများကို တခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တည်ဆောက်သကဲ့သို့ ပြည်နယ်ဂုဏ်ဆောင် ဥပဒေပြုလွှတ်တော်ခန်းမကြီးတစ်ခုကိုတည်ဆောက်ပေးပါရန် ရခိုင်ပြည်နယ်လွှတ်တော်အား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခြင်း၊ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်း၏သဘောထားရယူခြင်းနှင့် လွှတ်တော်၏ဆန္ဒကိုရယူခြင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ စနဲတိုက်နယ် ကျေးရွာကို စနဲမြို့နယ်အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခြင်းအဆိုနှင့်စပ်လျဉ်း၍သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားရယူခြင်းနှင့် ပြည်နယ်လွှတ်တော်၏ဆန္ဒကိုရယူခြင်း၊ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း)ကို ပြည်နယ်လွှတ်တော်သို့ရှင်းလင်းတင်သွင်းခြင်းနှင့် အဆိုပါဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

ရောဝတီတံတား(ရတနာသိင်္ခ)တံတားကိုလည်း မြန်မာပြည်အထက်ပိုင်းတွင် ဧရာဝတီမြစ်ဖြတ် ပဉ္စမမြောက်တံတားတစ်စင်းအဖြစ် ၂၀၁၃ ခုနှစ်က ဖွင့်လှစ်ပေးခဲ့သည်။

ဧရာဝတီမြစ်ကူးတံတား (ထီးချိုင့်)မှာမူ ဧရာဝတီမြစ်၏ အရှေ့နှင့်အနောက်ကို ဆက်သွယ်ထားသည့် တံတားသစ်တစ်စင်း ဖြစ်လာမည်ဖြစ်သည်။ ထိုဧရာဝတီတံတား (ထီးချိုင့်)ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ထီးချိုင့်ဘက်ကမ်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းက တာဝန်ယူတည်ဆောက်ပေးနေသည့်နည်းတူ မြတောင်ဘက်ကမ်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူးကြီး ဦးပိုင်နှင့်အဖွဲ့က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ယင်းတံတားကြီး တည်ဆောက်ပြီးလျှင် မန္တလေးမှ တကောင်း၊ ဗန်းမော်လမ်းအတိုင်းလာပြီး မြတောင်အရောက်တွင် ယင်းတံတားကြီးကိုဖြတ်လျက် ထီးချိုင့်မှတစ်ဆင့် ရွှေဘို၊ မြစ်ကြီးနားလမ်းသို့ ရောက်ရှိရန် ၂၂ မိုင်ခန့်သာ ထပ်မံသွားရမည်ဖြစ်သည်။ ဤတံတားကြီးပြီးလျှင် ယခင် မင်းဝံတောင်တန်းကြီးကို ဖြတ်ကျော်သွားလာရမှု အန္တရာယ်မှ ကင်းဝေးသွားပြီး ကသာမြို့သို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။ ရောဝတီ(ထီးချိုင့်)တံတားသစ်ကြီး တည်ဆောက်ပေးသည့်အတွက် ယာဉ်များမှာ ဇက်ကူးရသည့် ကုန်ကျစရိတ်ငွေသက်သာပြီး အချိန်ကုန် ငွေကုန်သက်သာသွားမည်ဖြစ်သည့်အတွက် ယာဉ်မှူးယာဉ်နောက်လိုက်များနှင့် ခရီးသည်များ ပျော်ရွှင်ဝမ်းသာနေကြသည်။

ရောဝတီတံတား(ထီးချိုင့်)တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မေ ၁၅ ရက်က စတင်တည်ဆောက်ခဲ့သည်။ ရောဝတီတံတား(ထီးချိုင့်)မှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဧရာဝတီမြစ် အရှေ့ဘက်နှင့်အနောက်ဘက် ဆက်သွယ်တည်ဆောက်ထားသည့် တံတားသစ်ကြီးဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်အချင်း ၁ ဒသမ ၅ မီတာ၊ အချင်း ၁ ဒသမ ၂ မီတာ လွန်တူးပိုင်အောက်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်သည် သံမဏိသံပေါင် ကြိုတင်အားဖြည့်ကွန်ကရစ်၊ သံကူကွန်ကရစ် ဖြစ်သည်။

ပြည်တွင်းသတင်း

ရောဝတီတံတား(ထီးချိုင့်)တံတားကြီးပြီးလျှင် ယခင် မင်းဝံတောင်တန်းကြီးကို ဖြတ်ကျော်သွားလာရမှုအန္တရာယ်မှကင်းဝေးသွားပြီး ကသာမြို့သို့ အလွယ်တကူသွားလာနိုင်မည်

ပင်မတံတားအရှည်သည် ပေ ၅၉၃၀ (၁၈၀၇ မီတာ)ဖြစ်သည်။ ၁၂၀ မီတာ×၁၅ ခန်းဖြစ်သည်။ ချဉ်းကပ်တံတားအရှည်မှာ မြတောင်ဘက် ကမ်းပေ ၉၀၀ (၂၇၄ ဒသမ ၃ မီတာ)၊ ပေ ၉၀×၁၀ ခန်း၊ ထီးချိုင့်ဘက်ကမ်းပေ ၉၀၀ (၂၇၄ ဒသမ ၃ မီတာ)၊ ပေ ၉၀ × ၁၀ ခန်းဖြစ်သည်။ တံတားအရှည်စုစုပေါင်းပေ ၇၇၃၀ (၂၃၅၆ ဒသမ ၁ မီတာ)ဖြစ်သည်။ တံတားအကျယ်မှာ ၃၃၅ ပေ၊ ၁၀ ဒသမ ၂ မီတာ၊ (C/C) ဖြစ်သည်။ ကားလမ်း ၂၈ ပေ၊ လူသွားလမ်း တစ်ဖက် သုံးပေဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်အကျယ် ၃၄၄ ပေ (၁၀၅ မီတာ)ဖြစ်ပြီး အမြင့်မှာ ၄၇ ပေ (၁၄ ဒသမ ၃ မီတာ) ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် (၆၀) HS 25 တန်ဖြစ်သည်။ တံတားစီမံကိန်းတန်ဖိုးသည် ငွေကျပ်သန်း ၅၆၆၃၀ ဖြစ်သည်။

ရောဝတီတံတား (ထီးချိုင့်) တံတားတစ်စင်းလုံး လုပ်ငန်းများဖြစ်သည့် ပင်မတံတားတည်ဆောက်ခြင်း၊ ဘိုးပိုင်အုတ်မြစ်လုပ်ငန်း၊ ပိုင်ထိပ်အုပ်လုပ်ငန်း၊ တိုင်ကိုယ်ထည်လုပ်ငန်း၊ ကြမ်းခင်း(ယာဉ်သွားလမ်း) (လူသွားလမ်း) သံပေါင်တပ်ဆင်၍ ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မထုတ်လုပ်ခြင်း၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းတပ်ဆင်ခြင်း(ဝဲယာ)လုပ်ငန်းများကို စတင်အကောင်အထည်ဖော်တည်ဆောက်နေပြီဖြစ်သည်။ ရောဝတီတံတား(ထီးချိုင့်) ရောဝတီမြစ်၏ အရှေ့နှင့်အနောက် ဆက်သွယ်ပေးသည့် တံတားသစ်ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးမှ ခရီးသွားပြည်သူများနှင့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မှူးယာဉ်လိုက်များက ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။ ရောဝတီ(ထီးချိုင့်) တံတားသစ်ကြီးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

❍ *ကျောဖုံးမှ*

ကလေး၊ တမူးဒေသလည်းအပါအဝင်ဖြစ်သည်။ တမူးမြို့ကို ၅၀၀ ကေဗွီအေမီးစက် တစ်လုံး၊ ၃၀၀ ကေဗွီအေမီးစက် တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနက စက်သုံးဆီဖြင့် ၂ နာရီ၊ မြို့မီးလင်းရေးကော်မတီ အစီအစဉ်ဖြင့် ၁ နာရီ ၃၀ မိနစ် စုစုပေါင်း ၃ နာရီ၃၀ မိနစ် ညအချိန်၌ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

အိန္ဒိယနယ်စပ်ရှိ တမူးမြို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက် အိန္ဒိယနိုင်ငံရှိ မိုရေးမြို့မှ ဓာတ်အားလိုင်းသွယ်တန်းရယူရေးသည်လည်း နည်းလမ်းတစ်ခုဖြစ်ပါသည်။ တမူးမြို့သည် မိုရေးမြို့နှင့် သုံးမိုင်ခန့်သာ ကွာဝေးသည့်အတွက် မိုရေးမြို့မှ ဓာတ်အားရယူရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးပါဝင်သောအဖွဲ့နှင့် အိန္ဒိယနိုင်ငံမဏိပူရပြည်နယ် စီးပွားရေးနှင့်စက်မှုဝန်ကြီး Mr.Shri Govindas Komthoujan၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ ကောင်စစ်ဝန် (မန္တလေး) Mr.Dr.N Nanda Kuma တို့ ပါဝင်သောအဖွဲ့သည် ၅-၈-၂၀၁၄ ရက်နေ့တွင် တမူးမြို့၌ နှစ်နိုင်ငံ ဓာတ်အားဆက်သွယ်မှု ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြရာ ဆွေးနွေးမှုတွင် နှစ်နိုင်ငံ နယ်စပ်ဓာတ်အားကုန်သွယ်မှုစနစ် ဆောင်ရွက်နိုင်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေ၊ လက်ရှိ တမူးမြို့အတွက် မိုရေးမြို့ရှိဓာတ်အားခွဲရုံမှ တမူးမြို့သို့ဓာတ်အားလိုင်း ဆက်သွယ်ရယူမှုကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေးများကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မိုရေးမြို့တွင် လက်ရှိ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံမှ တမူးမြို့အတွက် ဓာတ်အား ၃ မဂ္ဂါဝပ်ခန့် ရောင်းချပေးမည်ဖြစ်ရာ တမူးမြို့သည် ၂၄ နာရီဓာတ်အားသုံးစွဲနိုင်မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများပါ ဓာတ်အားဆက်သွယ်ရယူနိုင်မည်ဖြစ်သည်။ ဓာတ်အားခနှုန်းထားသည်လည်း တစ်ယူနစ်မြန်မာကျပ်ငွေ ၅၀ ကျပ်ခန့်ဖြင့် ရောင်းချပေးမည်ဖြစ်ရာ အများပြည်သူသုံးစွဲနိုင်သော နှုန်းထားဖြစ်သည့်အတွက် နိုင်ငံတော်ဓာတ်အားစနစ်မရောက်မီ တမူးမြို့နေပြည်သူများသည် ဌာနမှဓာတ်အားပေးသည့်အချိန်ထက် ပိုမိုသုံးစွဲသောနာရီများအတွက် ဓာတ်အားခ ဈေးနှုန်းကြီးမြင့်စွာ ပေးနေရခြင်းမှ သက်သာမှုရရှိမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ဓာတ်အားစနစ်သည် ဂန့်ဂေါမြို့မှ ဟားခါးမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၅၉ မိုင် တည်ဆောက်ပြီးစီးပြီးဖြစ်၍ ဟားခါးမြို့သည် ၈-၇-၂၀၁၄ ရက်နေ့တွင် ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီးဖြစ်သည်။ ထို့ကြောင့် ကလေးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားအမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဟားခါး-သိုင်းငင်း-ကလေး ၆၆ ကေဗွီဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်း၊ ကလေးမြို့၌ ၆၆/၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ်ကုန်ခန့်တွင် ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်းတည်ဆောက်ရေးလုပ်ငန်းပြီးစီးပါက ကလေးမြို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အပြင် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများသည်လည်း ၆၆/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားဖြင့် ဓာတ်အားဆက်သွယ်ရယူနိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေးခရိုင်အတွင်းရှိ ကလေးဝမြို့၊ မော်လိုက်မြို့များသည်လည်း ကလေးမြို့ ဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ မြို့တွင်း ၃၃/၁၁ ကေဗွီဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ကာ ဓာတ်အားရယူနိုင်မည်ဖြစ်သည်။

၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မြန်မာပြည် အနောက်မြောက်ဘက်ခြမ်းမှ ကလေး - တမူး ဒေသသည် မကြာသောကာလ၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မှုအခြေအနေရောက်ရှိလာတော့မည်ဖြစ်သဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စက်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာတော့မည်

နိုင်ငံတော် မဟာဓာတ်အားလိုင်းကွန်ရက်ကို ကလေးနှင့် တမူးဒေသများသို့ ရောက်ရှိစေရေးအတွက်လည်း မုံရွာ-ဂန့်ဂေါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၈၅ မိုင်၊ ဂန့်ဂေါ-ကလေး ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပစ္စည်းများ စတင်ဝယ်ယူလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကလေးမြို့တွင် ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းများပြီးစီးပါက ကလေးခရိုင်အတွင်း ဗို့အားပြည့်ဝစွာအသုံးပြုနိုင်မည့်အပြင် ကလေး-တမူး ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်ခြင်း၊ တမူးမြို့တွင် ၆၆/၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ကာ တမူးခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားပေးနိုင်တော့မည် ဖြစ်သည်။

ကလေးဝဒေသတွင် ထွက်ရှိသောကျောက်မီးသွေးသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော စံချိန်စံညွှန်းကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်အနေဖြင့် ကလေးဒေသတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပထမဆင့်အနေဖြင့် ၃၀ မဂ္ဂါဝပ် စက်ရုံကို ပုဂ္ဂလိကနှင့် ဖက်စပ်တည်ဆောက်မည်ဖြစ်ရာ နှစ်နှစ်ခန့်အတွင်း ပြီးစီးရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ၅၀၀ မဂ္ဂါဝပ်ခန့်ထွက်ရှိမည့် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် IPP (Independence Power Producer) စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောက်မီးသွေးစက်ရုံကို လက်ရှိ ဂျပန်နိုင်ငံ၌ တည်ဆောက်အသုံးပြုလျက်ရှိသော ပတ်ဝန်းကျင်ထိခိုက်မှု မရှိသည့် Clean Core Technology စနစ်ဖြင့် တည်ဆောက်မည်ဖြစ်သည်။

ကလေးမြို့အနီး ၃၁ မိုင်ခန့်အကွာ ဆည်တောရွာအနီး မဏိပူရမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော ၃၈၀ မဂ္ဂါဝပ် ထွက်ရှိမည့် မဏိပူရရေအားလျှပ်စစ်စီမံကိန်းအား ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းပြီးစီးပါက ကလေးမြို့ ၂၃၀/၆၆ ကေဗွီဓာတ်အားခွဲရုံသို့ ဆက်သွယ်ဓာတ်အားပေးပို့နိုင်မည်ဖြစ်၍ ကလေးမြို့ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ဖော်ပြပါအတိုင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံနှင့် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် အခြေအနေများသည် ကလေးဒေသအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ ပိုလျှံသောဓာတ်အားများကိုလည်း ကလေးဓာတ်အားခွဲရုံမှတစ်ဆင့် တီးတိန်၊ ဖလမ်း၊ တွန်းဇံမြို့များသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ပြန်လည်ဓာတ်အားပေးနိုင်ခြင်း၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ ပေးပို့ခြင်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကလေးမြို့သို့ ဓာတ်အားစနစ်မှ ဓာတ်အားရောက်ရှိရန် စီမံကိန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း နွေရာသီကာလ၌ ယခင်နှစ်များကထက် ပိုပြီးဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သော ၁၀၀၀ ကေဗွီအေ မီးစက် တစ်လုံး၊ ၅၀၀ ကေဗွီအေ မီးစက် တစ်လုံး၊ ၁၀၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၅၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း သုံးမိုင်ခန့် တည်ဆောက်ခြင်းတို့ကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြားသိရသည်။

သို့ဖြစ်ပါ၍ မြန်မာပြည်အနောက်မြောက်ဘက်ခြမ်းမှ ကလေး-တမူး ဒေသသည် မကြာသောကာလ၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မှုအခြေအနေ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ကလေး-တမူး ဒေသသို့ ဓာတ်အားလိုင်းများ တည်ဆောက်မည့်ပုံ

ပြည်တွင်းသတင်း

အတွင်းလူနာနှင့် အရေးပေါ်လူနာများအတွက် အခမဲ့စမ်းသပ်ကုသမည်

ရန်ကုန် ဩဂုတ် ၁၄

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်သည် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ အရေးပေါ်လူနာကုသခန်း၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်နှင့် CT MRI ခန်းများ၌ လူနာများအား ကုသပေးနေမှုနှင့် ကင်ဆာရောဂါကုသရေးဓာတ်ရောင်ခြည်စက်တစ်လုံး ထပ်မံတပ်ဆင်ရန် အဆောက်အအုံတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာသော ပြည်သူ့ရန်ပုံငွေများဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ပြည်သူတို့စိုက်ထုတ်ကျခံရသော ကျန်းမာရေးကုန်ကျစရိတ်လျော့နည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အခြေခံဆေးဝါးများသာမက ဓာတ်ခွဲ၊ ဓာတ်မှန်၊ သွေးစသည်တို့ကိုလည်း အခမဲ့ထောက်ပံ့နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်းမှာကြားပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနကို အဆင့်မြှင့်တင်ရန် ညှိနှိုင်းစီစဉ်ပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာ မှတ်တမ်းစာအုပ်များ အခမဲ့ထုတ်ပေးခြင်း၊ အမျိုးသားသွေးဌာနအနေဖြင့် သွေးသွင်းရန် လိုအပ်သော လူနာများအတွက် သွေးများ အခမဲ့ထုတ်ပေးခြင်းတို့ကို ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်မှစတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အတွင်းလူနာများနှင့် အရေးပေါ်လူနာများအတွက် ဓာတ်ခွဲစမ်းသပ်မှုများ၊ ဓာတ်မှန်ရိုက်ခြင်းများ၊ ဆေးဝါးပစ္စည်းနှင့် ခွဲစိတ်ကုသမှုများကို အခမဲ့ဆောင်ရွက်ပေးတော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျူမြို့ဟောင်းနှင့်အကောက်တောင် လေ့လာသူများအတွက် ဆန်းသစ်သည့် ခရီးစဉ်များရေးဆွဲမည်

သတင်း- ခင်ရတနာ

ဓာတ်ပုံ- မေဦးမိုး

ရန်ကုန် ဩဂုတ် ၁၄

ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များစာရင်းတွင် ပါဝင်သတ်မှတ်ခြင်းခံရသော ပျူမြို့ဟောင်းဒေသခရီးသွားခြင်းလုပ်ငန်းများ အရှိန်မြှင့်တင်ရန်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများ စုပေါင်းလေ့လာကာ ခရီးစဉ်သစ်များ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်အသင်းသား ၇၀ ပါဝင်ပြီး ဒေသခရီးစဉ်များ ရေးဆွဲရေးအတွက် ပြည်မြို့ပတ်ဝန်းကျင်သို့ ယခုလအတွင်း သွားရောက်ခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားများအတွက် ပိုမိုဆန်းသစ်သည့် အတွေ့အကြုံများနှင့် ဒေသန္တရဗဟုသုတများကို ပေးစွမ်းနိုင်ရန် လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပြည်ခရီးစဉ်ကို ယခင်ကတည်းက ပြည်တွင်းပြည်ပခရီးသွားတွေ နှစ်ခြိုက်ကြပါတယ်။ လေ့လာစရာဗဟုသုတတွေ၊ ရှေးဟောင်းစေတီပုထိုးတွေနဲ့ သဘာဝအလှအပတွေရှိထားတဲ့နေရာတစ်ခုဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အကောက်တောင်ကို နိုင်ငံခြားသားတွေ အများကြီးသွားကြတယ်။ နောက်ဆုံး ပျူမြို့ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရတော့ ခရီးသွားလုပ်ငန်းတွင်ကျယ်အောင်ဖော်ဆောင်ဖို့ မဖြစ်မနေ လိုအပ်လာပါတယ်။ ဒါကြောင့်လည်း အသင်းဝင်လုပ်ငန်းရှင်တွေက ဆန်းသစ်တဲ့ခရီးစဉ်တွေ အကောင်အထည်ဖော်ဖို့ ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်"ဟု အသင်း၏ တာဝန်ရှိသူက ပြောသည်။

ပျူမြို့ဟောင်းအနေဖြင့် သီးသန့်သွားလာလည်ပတ်သူဦးရေ နည်းပါးသေးသော်လည်း ပြည်မြို့အနီး တစ်ဝိုက်ရှိ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းအပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဘုရားဖူးမြော်နိုင်သည့် အကောက်တောင်သို့လည်း သမ္ပန်များဖြင့် သွားရခြင်း၊ တောင်တက်ခရီးစဉ်ပါဝင်ခြင်းများကြောင့် ပြည်တွင်း ပြည်ပမှ လာရောက်သူများ စည်ကားလျက်ရှိသည်။

"ခရီးစဉ်တွေအလိုက် ပျူမြို့ဟောင်းဝန်းကျင်နဲ့ အကောက်တောင် ခရီးစဉ်အားလုံးကို သုံးရက်ခရီးအတွက် စရိတ်ငြိမ်းငွေကျပ် ရှစ်သောင်းကနေ တစ်သိန်းကျော်အထိ ပေးရတာရှိပါတယ်။ ခရီးစဉ်တစ်လျှောက် သမိုင်းဝင်နေရာတွေကိုလည်း လိုက်ပါပို့ဆောင်ပေးရပါတယ်။ မိုးတွင်းကာလမှာ ပုဂံခရီးစဉ်ပြီးရင် ပြည်မြို့ဝန်းကျင် ခရီးစဉ်က အလွန်သွားလာမှုများပြားပါတယ်။ သမိုင်းဝင်နေရာတွေများသလို အကောက်တောင်ကို သမ္ပန်နဲ့ အနီးကပ်သွားရောက်လေ့လာနိုင်ပြီး မြစ်ကြောင်းတစ်လျှောက် သာယာမှုရှိတယ်။ ဒါ့အပြင် တောင်တက်ခရီးလမ်းကြမ်းဖြတ်သန်းမှုတွေကိုလည်း ခရီးစဉ်တွေမှာပါဝင်လို့ နိုင်ငံခြားသားတွေ ကြိုက်နှစ်သက်ကြတယ်"ဟု Treasure ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ မရတနာက ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဝါခေါင်လပြည့်နေ့က လှိုင်မြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒခံယူလျက် မြို့နယ်သာသနာ့နုဂ္ဂဟအသင်းနှင့် အလှူရှင်များ စုပေါင်း၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သက်တော် ၇၅ နှစ်နှင့်ဝါတော် ၅၅ ဝါအထက်ရှိ၊ ဆရာတော်ကြီး ၁၇ ပါးနှင့်သီလရှင်ဆရာကြီး တစ်ပါးတို့ကို ဝယဂုဏာပူဇော်ပွဲအခမ်းအနားကို ပဏ္ဍိတာရာမစာသင်တိုက် ငါးထပ်ကျောင်းဆောင်၌ ကျင်းပစဉ်။ မီးမီး(လှိုင်)

ကျန်းမာရေးစောင့်ရှောက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဒေါ့ဖုန်းယန် ဩဂုတ် ၁၄

ဒေါ့ဖုန်းယန်မြို့နယ် ဖာကေး ကျေးရွာအုပ်စု နမ့်ဝိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီက မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလင်းဦးဆောင်၍ ဒေါက်တာဂမ်မင်းထက်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးမှူးနှင့် ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များလိုက်ပါ၍ ဒေသခံသက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးများ အခမဲ့ကုသပေးခြင်း၊ ငါးနှစ်အောက်ကလေးငယ်များအား ပေါင်ချိန်တိုင်းခြင်းနှင့် ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်းတို့ ဆောင်ရွက်ပေးကြပြီး ကျေးလက်ကျန်းမာရေးမှူး ဦးမင်းမင်းစန်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှုထမ်းများစွမ်းဆောင်ရည်မြင့်မားရေးဆင့်ပွားသင်တန်းပို့ချ

နေပြည်တော် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် သစ်တောဦးစီးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ အမှုထမ်းများနှင့် မင်းဘူးမြို့နယ် သစ်တောဦးစီးဌာန အမှုထမ်းများအား ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိလည်းကောင်း၊ စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာနတွင် ဩဂုတ် ၅ရက်မှ ၇ ရက်ထိလည်းကောင်း၊ ငဖဲမြို့နယ် သစ်တောဦးစီးဌာနတွင် ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိလည်းကောင်း၊ စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနတို့တွင် ဩဂုတ် ၄ ရက်မှ ၇ ရက်ထိလည်းကောင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးဌာနမှူးများမှ အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းများ ပို့ချခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပျောက်ဆုံးကြောင်း

ကျွန်မ မာမာချို ၁၂/မဘတ(နိုင်) ၀၁၈၄၉၁ ၏ နိုင်ငံကူးလက်မှတ် (MA 336575)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၂၀၇၄၇၄၇

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီနီခိုင် ၁၁/မဥန(နိုင်) ၀၀၃၉၇၇ ၏ Permit No-ISP IDV8 1415 21468 နှင့် CUSTOMS Statement and IDတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၁၃၄၆၅၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်-၇၇၊ ဒုတိယထပ်(စတုတ္ထလွှာ)၊ ခြေရင်းခန်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၁၂½×၅၀)ခန့်ကျယ်ဝန်းသည့် ခြောက်ထပ်အဆောက်အအုံပါ တိုက်ခန်းကို အပိုင်ရောင်းချသူ ဦးမင်းနေကျော်ဝင်းမှ ၈-၂-၂၀၀၀ ရက်စွဲပါ အရပ်ကတိစာချုပ်အရ အပျောက်စနစ်ဖြင့် အခန်းအရောင်းအဝယ်စာချုပ်နှင့် ၁၆-၁၀-၂၀၀၈ရက်စွဲပါ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အပျောက်စနစ်ဖြင့် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်၏ အဆက်အစပ်စာချုပ်များအရဝယ်ယူပြီး တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားသည့် ကျွန်ုပ်၏မိတ်ဆွေ ပိုင်ရှင် ဦးမင်းနေကျော်ဝင်း ၁၃/အတန(နိုင်)၀၁၁၀၃၅မှ ပြန်လည်ရောင်းချရန်အတွက် ဝယ်သူထံမှ စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ခံရယူထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့မဟုတ်)ရောင်းသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ယခုကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရန်နေ့ရက် ကုန်ဆုံးပါက တိုက်ခန်းအရောင်းအဝယ်ကို တရားဝင်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမင်းနေကျော်ဝင်း

ညွှန်ကြားချက်အရ-
ဦးမောင်မောင်လွင် (H.G.P)
အထက်တန်းရှေ့နေ
အမှတ် (၅၅)၊ အခန်း (၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၂၅၀၁၄၇၉၈၂၊ ၀၉-၃၁၈၅၇၉၃၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဇာတိမာန်ရွေ့လျားစာကြည့်တိုက် ကျောင်းသား ကျောင်းသူများနေ့စဉ်အသုံးပြု

မန္တလေး ဩဂုတ် ၁၄

အခြေခံပညာကို သင်ယူလျက်ရှိသော ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ပြီး စာအုပ်စာတမ်းများ အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရန်အတွက်မန္တလေးအောင်မြေသာစံမြို့နယ် သီရိမာလာအနောက်အကွက်၂၁၂ ရွှေလောင်းရပ်ရှိဇာတိမာန်လူငယ်စာဖတ်အသင်းက ကြီးမှူး၍ အောင်မြေသာစံမြို့နယ်အတွင်းရှိကျောင်းများကို ဇွန် ၂ ရက်မှစတင်၍ သတ်မှတ်ရက်အလိုက် ဇာတိမာန်ရွေ့လျားစာကြည့်တိုက်မှ စာအုပ်စာတမ်းများ အခမဲ့ ငှားရမ်းပေးလျက်ရှိရာ နေ့စဉ်အသုံးပြုသူ ဆရာဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော်ရှိကြောင်း နေ့စဉ်အသုံးပြုသူ များပြားလာသဖြင့် ကလေးဖတ်စာအုပ်များ လိုအပ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“အဆိုပါ ရွှေ့လျားစာကြည့်တိုက်ကို နေ့စဉ်နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ညနေ ၃ နာရီမှ ၄ နာရီအထိ ကျောင်းများတွင် သတ်မှတ်နေရာအလိုက် စာအုပ်စာတမ်းများ ငှားရမ်းခြင်းအပြင် ဖတ်ရှုနိုင်အောင် စီစဉ်ပေးထားပါတယ်။ အသင်းဝင် ၃၀၀ ကျော်ရှိပါတယ်။ အသင်းဝင်ရာမှာ မည်သည့်ထောက်ခံချက်မှမလိုဘဲ လျှောက်လွှာဖြည့်ပြီး နေ့စဉ် တစ်နေ့တစ်အုပ်ငှားနိုင်ပါတယ်။

ကလေးတွေ ကျောင်းပိတ်ရက်ဖြစ်သည့် သီတင်းကျွတ်ကာလတွင် သတင်းစာဖတ်စွမ်းရည်ပြိုင်ပွဲ စာပေဗဟုသုတပြိုင်ပွဲများ ကျင်းပပေးနိုင်ရန် စီစဉ်လျက်ရှိပါတယ်၊ ရွှေ့လျားစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ လှူဒါန်းလိုပါက ဖုန်း ၀၉၄၀၃၁၅၈၂၅၊ ၀၉၃၀၆၀၁၅၆၃ နှင့် ၃၃၀၁၅၈၂၇၆ တို့သို့ဆက်သွယ်နိုင်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားကြောင်း သိရသည်။

တင်မောင် (မန္တလေး)

ဟသ်ာတတက္ကသိုလ်တွင် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးပြုပြင်ပြောင်းလဲမှု အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ အနုပညာရပ်ဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဩဂုတ် ၆ ရက်က အားကစားရုံခန်းမ၌ မှတ်သုံးရန့် အဆိုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
ကိုရဲ(ဟသ်ာတ)

ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်ပြီးစီး

ကလေး ဩဂုတ် ၁၄

ကလေးတက္ကသိုလ်သည် နှစ်စဉ်နှစ်တိုင်း ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမဆောင်မရှိ၍ တက္ကသိုလ်ဝင်းအတွင်းရှိ မြေကွက်လပ်လဟာပြင်၌အခမ်းအနား ကျင်းပလေ့ရှိရာ ယခုအချိန်တွင် အရှည် ၂၀၆ ပေ၊ အကျယ် ၁၆၄ ပေရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၁၆၂၅၀ အကုန်အကျခံကာ KMG ကုမ္ပဏီကတာဝန်ယူပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် တည်ဆောက်ပြီးစီးခြင်းကြောင့် ကလေးတက္ကသိုလ်သည် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်ပြည့်စုံလာပြီဖြစ်သည့်အပြင် အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော ဘွဲ့ရမောင်မယ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ထည်ထည်ဝါဝါ ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

တောင်ငူတက္ကသိုလ် အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပို့ချဆောင်ရွက်

တောင်ငူ ဩဂုတ် ၁၄

တောင်ငူတက္ကသိုလ်၏အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ တောင်ငူတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်း၌ ဒေါက်တာတင်ထွန်း(ပါမောက္ခချုပ်)က Total Quality Management ကိုလည်းကောင်း၊ ဒေါက်တာဝင်းဝင်းသန်း (ပါမောက္ခဌာနမှူး၊ သတ္တဗေဒဌာန) က အထွေထွေစီမံခန့်ခွဲမှုကို လည်းကောင်း၊ ဒေါက်တာလှအောင် (လက်ထောက်ကထိက၊ စီးပွားရေးပညာဌာန)က ဘောဂဗေဒပညာရပ် သိကောင်းစရာများကို လည်းကောင်း ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ပါမောက္ခနှင့် စီမံရေးရာ၊ သင်တန်းရေးရာ၊ အင်ဂျင်နီယာ၊ ဘဏ္ဍာ၊ အားကစားဌာနတို့မှ အရာထမ်းစုစုပေါင်း ၃၁ ဦးတက်ရောက်ခဲ့ကြသည်။ တောင်ငူတက္ကသိုလ် အရာထမ်း၊ အမှုထမ်းများအနေဖြင့် Total Quality Management နည်းလမ်းများအား အသုံးပြုလျက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေဘေးသင့်ပြည်သူများကို ထောက်ပံ့လှူဒါန်း

ပဲခူး ဩဂုတ် ၁၄

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းတို့ ပူးပေါင်း၍ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များနှင့် အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံမေ့မှိမာန်ဥကျောင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါ်မြမြနှင့် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်နှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၁၅ သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များမှငွေကျပ် ၇၅၀၀၀ ကိုလည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၂၂ သိန်း ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာ **(အပေါ်ပုံ)**က ရေဘေးသင့်ပြည်သူများကို လိုက်လံနှုတ်ဆက်အားပေးစကား ပြောခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၄-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)			
ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၈၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)			
၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)		
အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၂
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၁.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း		
မိုးဆန်(ဧည့်သာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၅၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၁၃၆၅-၁၃၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၃၀၀-၇၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့စပ်ပြင်ဆင်သည်။

တစ်ပိုင်တစ်နိုင်ဖရဲစိုက်ပျိုး ရောင်းချသူများအဆင်ပြေ

မလှိုင် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့မှ ကံကြီးကျေးရွာသွားလမ်းဘေးဝဲယာ၌ ဖရဲကို ကိုယ်တိုင်စိုက်ပျိုးပြီး လာရောက်ရောင်းချသူများ အဆင်ပြေနေကြောင်း သိရသည်။ အဆိုပါ ဝမ်းတွင်းမြို့နယ် ပျားစွဲကျေးရွာမှ ဖရဲလာရောက်ရောင်းချသူ ဦးဘိုမင်းက "ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ တောင်သူတွေဟာ စိုက်ပျိုးသီးနှံများအနက် ဖရဲစိုက်ပျိုးသူများပါတယ်၊ ဖရဲကို တပေါင်းလမှာ စတင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီးသုံးလခန့်အကြာတွင် ရောင်းတန်းဝင်ပါတယ်။ ဖရဲသီးနှစ်မျိုးရှိသည့်အနက် တစ်မျိုးက အသီးကြီး၍ လူကြိုက်များတယ်။ ရောင်းဈေးအနေနဲ့ တစ်လုံးကိုငွေကျပ် ၁၀၀၀ မှ ၁၂၀၀ အထိရှိပါတယ်။ နောက်တစ်မျိုးက အသီးကသေးတော့ လူကြိုက်နည်းပါတယ်။ ရောင်းဈေးက ငွေကျပ် ၃၀၀ မှ ၇၀၀ အထိရှိပါတယ်။ ဖရဲတစ်ဧက စိုက်ပျိုးလျှင် အလုံးရေ ၂၀၀၀ ကျော်ခန့်ထွက်ရှိပြီး ကုန်ကျငွေဟာ သုံးသိန်းခန့်ရှိပြီး ပြန်လည်ရရှိငွေဟာ ခြောက်သိန်းခန့်ရရှိသဖြင့် ဖရဲစိုက်တောင်သူတွေဟာ အဆင်ပြေသဖြင့် ဖရဲကို အဓိကစိုက်ပျိုးလာကြပါတယ်"ဟု အဆိုပါကျေးရွာမှ မလှိုင်မြို့သို့ တစ်ပိုင်တစ်နိုင် ဖရဲစိုက်ပျိုးရောင်းချသူ ဦးဘိုမင်းက ပြောပြသည်။

ကျော်ကျော်(မလှိုင်)

ငါးမြစ်ချင်းခေါင်းများ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် ရည်ရွယ်လုပ်ဆောင်

ရန်ကုန် ဩဂုတ် ၁၄

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် Beijing International Trade Fair 2014 ပြပွဲတွင် မြန်မာနိုင်ငံမှ ငါးမြစ်ချင်းခေါင်းများကို ပြည်ပငါးဈေးကွက် ထိုးဖောက်နိုင်ရန်အတွက် ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

"ဒီမှာက ငါးမြစ်ချင်းတွေကို ခြစ်ပြီးတော့ရောင်းတယ်၊ အသားပဲယူပြီး ခေါင်းတွေက အများကြီးထွက်လာတယ်၊ ဒီမှာငါးခေါင်းက ဈေးမရဘူး။ ငါးခူစာဆိုပြီး ကြိတ်ပြီး ကျွေးပစ်ကြတယ်။ ဈေးကွက်တစ်ခုရှာပြီး ရောင်းနိုင်မယ်ဆိုရင် ဈေးလည်းပိုရလာမယ်။ အဲဒီအတွက် ငါးမြစ်ချင်းခေါင်းနဲ့ ငါးရံ့ခေါင်းတွေကို ပြပွဲမှာ သွားပြရတာပါ။ ပြည်ပဈေးကွက်မှာ ငါးခေါင်းဈေးကွက် ထိုးဖောက်ဖို့ ရည်ရွယ်ထားတာပါ" ဟု ငါးမွေးမြူရေးလုပ်ငန်းရှင် Orchard ကုမ္ပဏီမှ ဒေါက်တာမြင့်စိန်က ပြောသည်။

ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့်အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ အဓိကကူညီပံ့ပိုးပေးထားပြီး ပြခန်းပေါင်း ၁၆ ခန်း ပါဝင်ပြသသွားမည်ဖြစ်ကာ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှလည်း ဝင်ရောက်ပြသမည်ဖြစ်သည်။

ပြည်ပငါးဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် မတ်လတွင်ကျင်းပခဲ့သည့် အမေရိကန် ဘော်စတွန် Sea Food Show တွင်လည်း ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

နေဦး

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈)ကျင်းပမည်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈)ကို ဩဂုတ် (၁၆၊ ၁၇၊ ၁၈) ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် အမှတ်ဇယားထိပ်ပိုင်းတွင် အမှတ်တူရရှိထားသည့် နေပြည်တော်နှင့် မကွေးတို့ ထိပ်တိုက်တွေ့ဆုံနေပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာလည်း ဇွဲကပင်နှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၈)အဖြစ် ဩဂုတ် ၁၆ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် မကွေး၊ သုဝဏ္ဏကွင်း၌ GFA နှင့် ရတနာပုံ၊ YUSC ကွင်း၌ ချင်းယူနိုက်တက်နှင့် ဇေယျာရွှေမြေ၊ ဩဂုတ် ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ မနောမြေနှင့် ဧရာဝတီ၊ ဩဂုတ် ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ အောင်ဆန်းကွင်း၌ ကမ္ဘောဇနှင့် ဆောက်သမ်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် ၁၇ အပြီးတွင် ရတနာပုံက ၃၈ မှတ်ဖြင့် ပထမ၊ ရန်ကုန်က ၃၄ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇက ၃၁ မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေသည့် မကွေးနှင့် နေပြည်တော်တို့က ၂၉ မှတ်စီ၊ ဧရာဝတီအသင်းက ၂၈ မှတ် ရရှိထားသည်။

နေပြည်တော်-မကွေး

အမှတ်တူဖြင့် အပြိုင်ဖြစ်နေသည့် နေပြည်တော်နှင့် မကွေးတို့၏ တွေ့ဆုံမှုက အကြိတ်အနယ်ရှိနိုင်သည်။ မကွေးအသင်းမှာ အဝေးကွင်းတွင် သွားရောက်ကစားရမည့်အပြင် အမာခံ တိုက်စစ်မှူးများဖြစ်သည့် ဆယ်လာနှင့် မာဒန်ဂူတို့ ပွဲပယ်ခံထားရခြင်းကြောင့် အားပျော့နိုင်ပေသည်။ နှစ်သင်းစလုံး ဒုတိယအကျော့တွင် ရလဒ်များထင်သလောက် ကောင်းမွန်ခြင်းမရှိပေ။

ဇွဲကပင်-ရန်ကုန်

ပထမအကျော့က ရန်ကုန်အသင်းကို မြက်ခင်းတုကွင်း၌ သရေကစားထားသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင်လည်း အခက်တွေ့အောင် ကစားလိမ့်မည်ဖြစ်သည်။ ရန်ကုန်အသင်းမှာလည်း ထိပ်ဆုံးမှ ရတနာပုံအသင်းကို အမီလိုက်ရန်အတွက် လက်ကျန်ပွဲများတွင် အမှားလုပ်၍ မရတော့ပေ။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ဇွဲကပင်အသင်း၏ လက်ရှိခြေစွမ်းကြောင့် ရှုန်းကန်ရနိုင်သည်။

သတင်း-ဖိုးသော်ဇင်

ဩဂုတ် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုကို သဃ်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ နာယက ဒေါ်ခင်သက်ဌေးက ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကုသရေး နှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ကလေး၊ လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက် ၁၅ နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာ မကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်းမပေါက်ပွားစေရန်နှင့် **မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန်** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။

၂။ ကလေးများအိပ်သည့်အခါတိုင်း နေ့/ညမရွေး ခြင်ထောင်ဖြင့် အိပ်ပါ။

၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။

၄။ အိမ်တွင်း၊ အိမ်ပြင်ပတ်ဝန်းကျင် သန့်ရှင်းစွာထားပါ။

၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်းမပေါက်ပွားနိုင်အောင် မြေဖို့ပါ။

၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန် လုံခြုံစွာဖုံးအုပ်ထားပါ။

၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများကင်းစင်စေရန် နေ့စဉ် တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။

၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက်စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း ပြုလုပ်၍ ရှင်းလင်းပါ။

၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

၁၀။ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် **(ဖုံး၊ သွန်၊ လဲ၊ စစ်)** လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ဆေးကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်သူ့လွှတ်တော်ရုံးအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Machinery Equipment	5-ltems
(၁) ရေခဲသေတ္တာ (Panasonic 2 Door)	1-Nos
(၂) TV (42" LCD)	4-Nos
(၃) အသံဖမ်းစက်	36-Nos
(၄) ကက်ဆက်	10-Nos
(၅) EVD-Player	10-Nos
(ခ) Office Equipment	9-ltems
(၁) Computer	75-Nos
(၂) Printer	75-Nos
(၃) Copier	40-Nos
(၄) Color Printer A3	5-Nos
(၅) Color Printer A4	10-Nos
(၆) Duplo Copier	4-Nos
(၇) Scanner	1-Nos
(၈) Fax Phone	12-Nos
(၉) Laptop	18-Nos

တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် - ၁၈-၈-၂၀၁၄ ရက်မှ ၂၁-၈-၂၀၁၄ ရက်အထိ ၁၀နာရီမှ ၁၆း၃၀နာရီအထိ

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၂-၈-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - ရုံးအမှတ် ၂၀ ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၁၇၆၊ ၀၆၇-၅၉၁၂၅၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့
ပြည်သူ့လွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ် ပြည်နယ်ဦးစီးမှူးရုံး-တောင်ကြီးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ ဟဲဟိုး စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဆောက်လုပ်ရန် လိုအပ်လျက်ရှိသော (၁၂၀'×၄၃'× ၁၄')အရွယ်ရှိ RCစာသင်ဆောင်တစ်ထပ်ဆောင်တစ်လုံး၊ (၁၇၀'×၃၄'×၁၂') RC (ကျား) အိပ်ဆောင်တစ်လုံးနှင့် (၈၀'×၄၆'×၁၂')RCထမင်းစားဆောင်+မီးဖိုချောင် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက် (၁၆း၀၀)နာရီ
တင်ဒါဖွင့်ရက် - ၄-၉-၂၀၁၄ ရက် (၁၀း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ရုံးဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၈၁-၂၁၂၅၅၀၁ - ပြည်နယ်ဦးစီးမှူးရုံး
၀၈၁-၂၁၂၅၅၀၂ - ပြည်နယ်ဦးစီးမှူးရုံး
၀၈၁-၂၁၂၅၅၀၄ - ပြည်နယ်ဦးစီးမှူးရုံး
Fax-081-2124164
၀၉-၄၉၃၆၁၁၈၁ - ဟဲဟိုးစိုက်သိပ္ပံကျောင်း

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
တောင်ကြီးမြို့

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (၅၃)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲ

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၅၇)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း စာတော်ပြန်ပွဲကို (၆.၉.၂၀၁၄)စနေနေ့ နံနက်(၈း၀၀)နာရီတွင် အခမ်းအနားဖြင့် စတင်ဖွင့်လှစ်ပြီး၊ နေ့စဉ်နံနက်(၈း၀၀)မှ ညနေ(၄း၀၀)အထိ၊ (၁၄.၉.၂၀၁၄)တနင်္ဂနွေနေ့အထိ(၉)ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပေါင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၄၉-၅၁)ရှိ အဘိဓမ္မာရာမာရာမ (အဘိဓမ္မာမန္တလေးကျောင်းကြီး) သို့ ကြွရောက် ချီးမြှင့်တော်မူပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နှစ်စဉ်စာတော်ပြန်ပွဲအတွက် လာဘ်ရေ... ဆွမ်း၊ အချိုရည်၊ စာအောင်ဆု ရရှိသူများအတွက် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
[illegible]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် (၂၉၉)ရှိ (၂)ခန်းတွဲ ခြောက်ထပ်တိုက်သစ်အနက်မှ စတုတ္ထထပ်(ဝဲဘက်)အခန်း၊ အကျယ်အဝန်းပေ(၁၁½×၄၈)၊ အခန်း(၁)ခန်းနှင့် အခန်း၌တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်သုခပြည့်သျှန် ၁၂/တမန(နိုင်)၁၀၆၂၉၉ (Aung Shwe Thee Company Limited)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လင်းလင်းထိုက် ၁၂/ရပသ(နိုင်)၀၃၈၁၁၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှု တစ်စုံတစ်ရာနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လင်းလင်းထိုက် ၁၂/ရပသ(နိုင်) ၀၃၈၁၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)
အမှတ် (၄၉)၊ ပထပ်၊ ၈၉ လမ်း၊ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

ကံကောင်း
Ph-09-49300967
09-420185599

သွေးသည်အသက်

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

ပရီမီယာလိဂ်တာထွက်ဖို့ နေရာယူပြီ

ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွေကို ဩဂုတ် ၁၆ ရက်မှာ စတင်တာထွက်ဖို့ တာစူနေရာယူကြပြီဖြစ်ပါတယ်။ ကစားသမားအသစ်တွေ ဖြည့်ဆည်းမှု၊ နည်းစနစ်အသစ်၊ ဗျူဟာအသစ်တွေနဲ့ လေ့ကျင့်ပြင်ဆင်မှုတွေကြောင့် ဒီနှစ်ပရီမီယာလိဂ်ရာသီကတော့ အစကတည်းက ပရိသတ်တွေရဲ့ ရင်ခုန်သံလှုပနေမှာဖြစ်ပါတယ်။

မန်ယူနှင့် ဆွမ်ဆီး

ပြီးခဲ့တဲ့ ရာသီအဖွင့်ပွဲစဉ်မှာလည်း ဆွမ်ဆီးနဲ့စတင်ဆုံတွေ့ခဲ့ရတဲ့ မန်ယူဟာ ဂိုးပြတ်အနိုင်ရခဲ့သလို ဒီနှစ်မှာလည်းနည်းပြသစ် ဗန်ဟားလ်ရဲ့ ကိုင်တွယ်မှုနဲ့ ဆွမ်ဆီးကို ဘယ်လိုရလဒ်ထွက်အောင် ကြိုးစားမလဲကြည့်ရမှာဖြစ်ပါတယ်။ ဆွမ်ဆီးဟာမန်ယူကို သရေပွဲ၊ အနိုင်ပွဲတွေရအောင် ကစားနိုင်တဲ့ မှတ်တမ်းဆိုပေမယ့် အိုးထရက်ဖို့ဒ်မှာ တာထွက်လှပဖို့အတွက် ကြိုးစားမယ့် မန်ယူဟာ ဗလင်စီယာ၊ ဝဲလ်ဘက်၊ အန်ဒါဆန်၊ ရာဖေးလ်တို့ ဒဏ်ရာရရှိနေပေမယ့် နိုင်ပွဲဖြစ်ဖို့ များပါတယ်။

အာဆင်နယ်နှင့် ခရစ္စတယ်ပဲလေ့စ်

ရာသီအစကို ကွန်မြူနတီဒိုင်းပိုက်ပြီး ယှဉ်ပြိုင်ရမယ့် အာဆင်နယ်အတွက် စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ ပြိုင်ပွဲဝင်ပါလိမ့်မယ်။ အာဆင်နယ်ကွင်းမှာ ခရစ္စတယ်ပဲလေ့စ်တို့ သရေရဖို့တောင်ခက်ခဲမယ့်အခြေအနေပါပဲ။ ဒီနှစ်မှာ အာဆင်နယ်ဟာ မျှော်မှန်းချက်ကြီးကြီးထားရှိနေတာမို့ နည်းပြ အာစင်ဝင်းဂါးဟာ အမှားပြုလုပ်မှာမဟုတ်ပါဘူး။

လီဗာပူးနှင့် ဆောက်သမ်တန်

လီဗာပူးရဲ့ အန်ဖီးလ်ကွင်းမှာ ဆောက်သမ်တန်တို့ အကြိတ်အနယ်ကစားရမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲမှာ လီဗာပူးတို့ သုံးပွဲနိုင်ပြီး ဆောက်သမ်တန်တို့ဟာ နှစ်ပွဲနိုင်ထားပါတယ်။ လီဗာပူးမှာ အဂ္ဂါ၊ လယ်လာနာတို့ ဒဏ်ရာရရှိနေပေမယ့် လီဗာပူးရဲ့အန်ဖီးလ်ကွင်းမှာ ကြိုးကြာနီတို့ ပျော်မြူးရမယ့်ပွဲပါ။

မိုးမြင့်လင်းလက်

ဘန်လေနှင့် ချယ်လ်ဆီး

တန်းတက်ဘန်လေရဲ့ ရာသီအဖွင့်ပွဲစဉ်ကတော့လှပဖို့ခက်ခဲပါလိမ့်မယ်။ ဘန်လေနဲ့ ချယ်လ်ဆီးတို့ နောက်ဆုံးငါးကြိမ်ဆုံတွေ့ခဲ့တဲ့မှတ်တမ်းကို ကြည့်ရင် ချယ်လ်ဆီးတို့နှစ်ပွဲနိုင်ပြီး ဘန်လေကတစ်ပွဲနိုင်ကာ သရေပွဲနှစ်ပွဲဖြစ်ထားပါတယ်။ ဒီရလဒ်ကို ကြည့်ရင် ချယ်လ်ဆီးတို့လည်း ပွဲမချောင်ပါဘူး။

နယူးကာဆယ်နှင့် မန်စီးတီး

နယူးကာဆယ်ရဲ့ စိန့်ဂျိမ်းပါ့ခ်ကွင်းမှာ မန်စီးတီးရဲ့ခြေစွမ်းက ချန်ပီယံအဆင့်ရှိနေသေးလား ကြည့်ရမှာပါ။ မန်စီးတီးဟာ အာဆင်နယ်ရဲ့ နှိပ်ကွပ်မှုကိုခံခဲ့ရပြီး စိတ်ဓာတ်မြှင့်တင်ဖို့အတွက် ဒီပွဲကို အနိုင်ကစားဖို့ ကြိုးစားပါလိမ့်မယ်။

မန်ယူကို ဦးဆောင်မယ့် ရွန်းနေ

အာကာကျော်

မန်ယူက တိုက်စစ်မှူးရွန်းနေကို အသင်းခေါင်းဆောင်သစ်အဖြစ် ရွေးချယ်လိုက်ပါပြီ။ အသက် ၂၈ နှစ်ရှိပြီဖြစ်တဲ့ အင်္ဂလန်ကစားသမားရွန်းနေကို မီလန်သို့ ထွက်ခွာသွားတဲ့ ဗီဒစ်နေရာမှာ အစားထိုးလိုက်တာဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ ရွန်းနေကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်သလို ဖလက်ချာကိုလည်း ဒုတိယအသင်းခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးရွန်းနေဟာ ဩဂုတ် ၁၆ ရက် အိုးထရက်ဖို့ဒ်မှာ ကစားမယ့် ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ဆွမ်ဆီးနဲ့ကစားရာမှာ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားမှာဖြစ်ပါတယ်။

"ဒါဟာ ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာပါ။ မန်ယူကိုအောင်မြင်တဲ့အသင်းအဖြစ် ဦးဆောင်သွားမှာပါ။ နည်းပြက ဒီလိုကျွန်တော့်ကို အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်လိုက်တာဟာ ကျွန်တော့်ကိုယုံကြည်မှုအပြည့်ရှိတယ်ဆိုတာ ဖော်ပြနေပါတယ်" လို့ ရွန်းနေက ဆိုပါတယ်။

တိုက်စစ်မှူးရွန်းနေဟာ အသက် ၁၈ နှစ်ကတည်းက အဲဗာတန်ကနေ မန်ယူကို ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ နည်းပြဖာဂူဆန်လက်ထက် တစ်လျှောက် အောင်မြင်တဲ့တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်လာခဲ့ပါတယ်။ သူ့ကိုမန်ယူက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာ တစ်ပတ်ပေါင် ၃၀၀၀၀၀ နဲ့ လေးနှစ်စာချုပ်ချုပ်ဆိုထားပါတယ်။ သူဟာ မန်ယူနဲ့အတူ ၂၀၁၈-၂၀၁၉ ရာသီအထိ ကစားရမှာ ဖြစ်ပါတယ်။

လိဂ်ပွဲစဉ်နှင့် ခြေစမ်းပွဲစဉ်များ

သီဟ

ပြင်သစ်လီဂူး ပွဲစဉ်(၂) — ဩဂုတ် ၁၆

ကာအန်	-	လိုင်လီ	နံနက် ၁း၀၀

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ — ဩဂုတ် ၁၅/၁၆

ဆိုစီဒက်	-	အီဘာ	ည ၁၀း၃၀
ကက်ဒစ်ဖ်	-	အက်သလက်တီကို	ည ၁၁း၀၀
ဆီဗီလာ	-	ဆမ်ဒိုးရီးယား	နံနက် ၂း၃၀

ဩဂုတ် ၁၃/၁၄ ဂိုးရလဒ်များ

ဂျီနိုအာ	၂-၀	ဗာဆယ်လီ
အိုလံပီယာကို့စ်	၀-၀	ဘီလ်ဘာအို
ကယ်စီအို	၀-၅	ဆီစီနာ
မာယော့ကာ	၂-၁	ဂီတာဖေး
အယ်ဘာစီတီ	၁-၂	အယ်လ်မာရီးယား
ကော်ဒိုဘာ	၀-၁	လူစီနာ
ဆယ်လ်တာဗီဂို	၂-၀	ဒီပို့တီဗို
လီဗန်တေး	၀-၀	အယ်လ်ချီ
ရှက်ဖီးယူနိုက်တက်	၂-၁	မန်းစ်ဖီးတောင်း
ကိုဗင်ထရီ	၁-၂	ကာဒစ်ဖ်

ဂျာမန်စူပါဖလား ဒေါ့မွန်ဆွတ်ခူး

ဂျာမန်စူပါဖလားပြိုင်ပွဲတွင် ဒေါ့မွန်က ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုးပြတ်သွင်းယူပြီး ဖလားဆွတ်ခူးသွားသည်။ ဘိုင်ယန်မြူးနစ်သည် ပြီးခဲ့သောရာသီက ဘွန်ဒက်စ်လီဂါဖလားကို ၁၉ မှတ်အသာရပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆီဗီလာနောက်တန်းလူ လီဗာပူးရောက်မည်

လီဗာပူးက ဆီဗီလာနောက်တန်းကစားသမား အယ်လ်ဗာတိုမိုရီနိုအား ပေါင် ၁၂ သန်းဖြင့် ခေါ်ယူစာချုပ်ရန် သဘောတူလိုက်သည်။ အသက် ၂၂ နှစ်ရှိ စပိန်ကစားသမား မိုရီနိုအား ယူအီးအက်ဖ်အေစူပါဖလားတွင် ဆီဗီလာက ရီးရဲမက်ဒရစ်ကို ရှုံးနိမ့်ပြီးနောက် လီဗာပူးက ခေါ်ယူမှုအပေါ် သဘောတူခဲ့ခြင်းဖြစ်သည်။ မိုရီနိုသည် ယခုနှစ်တွင် ခေါ်ယူခဲ့သည့် ရှစ်ဦးမြောက်ကစားသမားဖြစ်လာသည်။ အသက် ၂၂ နှစ်ရှိ မိုရီနိုသည် ဆီဗီလာတွင် အဓိက အားထားရသည့် ဝဲနောက်တန်းကစားသမားတစ်ဦးဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မင်းတိုင်ပင်ဒေသ လူငယ်တို့၏အလုပ်အကိုင်များပွင့်လာ

ပုလဲ ဩဂုတ် ၁၄

ပုလဲ-ဂန့်ဂေါ လမ်းမကြီးပေါ်တွင် တည်ရှိပြီး ပုလဲမြို့၏အနောက်ဘက် ရှစ်မိုင်ခန့်အကွာ ညီညာ၍ ပြန့်ပြူးသောလွင်ပြင်၌ တည်ရှိသည့် မင်းတိုင်ပင်စံပြကျေးရွာတွင် ဖွံ့ဖြိုးလာသောဒေသ၏အခြေအနေကြောင့် မြို့ပြအသွင်ဆောင်သော လုပ်ငန်းများကို ဒေသခံတို့က နိုင်ငံရပ်ခြားမှ သင်ယူလာသောပညာဖြင့် ဆန်းသစ်လုပ်ကိုင်လာရာ ဒေသ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာရောက်သလို ဒေသခံလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာကြောင်း တွေ့ရသည်။

"ကျွန်တော့်အနေနဲ့ မလေးရှားနိုင်ငံမှာသွားနေပြီး အလူမီနီယံနဲ့ စတီးလ်လုပ်ငန်းပညာကို တတ်ကျွမ်းအောင်သင်ယူကာ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ရင်း စီးပွားရှာခဲ့ပါတယ်။ ရရှိလာတဲ့အရင်းအနှီးနဲ့ ကိုယ့်နိုင်ငံပြန်ပြီး ဘယ်မှာဘာလုပ်ရမယ်ဆိုတာ စဉ်းစားလိုက်တော့ ကိုယ့်ရွာဒေသဖွံ့ဖြိုးရေးနဲ့ ဒေသခံတွေအလုပ်ရဖို့အတွက် ဇာတိဖြစ်တဲ့ မင်းတိုင်ပင်ရွာမှာ ကိုယ့်နာမည်ရင်းဖြစ်တဲ့ မျိုးမင်းထွန်း မှန်၊ အလူမီနီယံနဲ့ စတီးလ်လုပ်ငန်းကို လုပ်ကိုင်ဖြစ်ပါတယ်။ ဒီရွာမှာကလည်း အဆောက်အအုံတိုက်တာတွေ အဆောက်များလာတဲ့အတွက် စတီးလ်လှေကားလက်ရန်းတို့၊ ဝရန်တာတို့စတာတွေကို အလုပ်ရများလာသလို ဘုန်းတော်ကြီးကျောင်းတွေမှာ စတီးလ်တရားဟောပလ္လင်၊ ဘုရားခန်းအပြင်အဆင်တွေ စတာတွေကို မနားတမ်းလုပ်ပေးနေရပါပြီ။ အလုပ်ဖြစ်လေ ဒေသကလူငယ်တွေ အလုပ်အကိုင်ရရှိလေဖြစ်တော့ ကိုယ့်ဒေသမှာ ကိုယ်လာလုပ်ရတာ ကျေနပ်ပီတိဖြစ်မိပါတယ်"ဟု မင်းတိုင်ပင်ဒေသခံ ကိုမျိုးမင်းထွန်းက ပြောပြသည်။

မင်းတိုင်ပင်စံပြကျေးရွာတွင် မှန်၊ အလူမီနီယံနှင့် စတီးလ်လုပ်ငန်းကို လွန်ခဲ့သော လပိုင်းခန့်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း **(အပေါ်ပုံ)** တိုက်တာအဆောက်အအုံများတွင်လည်းကောင်း၊ဘုန်းတော်ကြီးကျောင်းအလှဆင်ရာတွင် လည်းကောင်း စတီးလ်ပညာကို အသုံးပြုလာကြသလို ဒေသခံတို့အနေဖြင့် အများဆုံး အကြိုက်တွေ့ မှာယူနေကြသည်မှာ ငွေကျပ် ၁၈၀၀၀ ဈေးရှိသည့် စတီးလ် ရေအိုးစင်အသေးများ အရောင်းသွက်နေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်ဝင်းရှိ အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံတို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တိုက်ကွမ်ဒို အားကစားဝါသနာရှင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီး ဝိတ်တန်းအလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသော အားကစားသမားများအား တာဝန်ရှိသူများက ဆုတံဆိပ်များကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုကို အမျိုးသားပြိုင်ပွဲဖလိုင်းဝိတ်တန်းမှ ခွန်အယ်ဗစ်တာထူး (လှိုင်ကော်နည်းပညာတက္ကသိုလ်) နှင့် အမျိုးသမီးပြိုင်ပွဲ ဘင်တန်ဝိတ်တန်းမှ ချောကလျာဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့က ဆွတ်ခူးသွားကြသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အသင်းက ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးသွားရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံမှအကူအညီစက်ကိရိယာများ တောင်သူများသို့ပံ့ပိုး

ရန်ကုန် ဩဂုတ် ၁၄

တောင်သူလယ်သမားများ စားနပ်ရိက္ခာ ဖူလုံရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံမှ အကူအညီစက်ကိရိယာများ ပံ့ပိုးခြင်းအခမ်းအနားကို ဩဂုတ် ၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စားနပ်ရိက္ခာ ဖူလုံရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးသော ထွန်စက်များ၊ ထွန်ယက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့ စက်ကြီးများကို ကျေးရွာအရောက် ပို့ဆောင်လျက် ထွန်ယက်ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများကို စရိတ်သက်သာစွာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုစိုက်ဧက ၃၀၀၀ ကျော်ကို ကူညီဆောင်ရွက်ပြီး ရရှိသောထွန်ယက်ခနှင့် ရိတ်သိမ်းခြွေလှေ့ခရငွေအားလုံးကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည် အသုံးပြုသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

စစ်ပင်ကွင်းကျေးရွာမှ အတိုင်ပင်ခံကော်မတီနှင့် တောင်သူများကလည်း ထွန်ယက်ရိတ်သိမ်းခြွေလှေ့လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် သန်လျင်မြို့အမှတ်(၁၈) စက်မှုလယ်ယာစခန်းမှဝန်ထမ်းများနှင့်ပူးပေါင်း၍ လုပ်ငန်းအောင်မြင်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းပြန်လည်တင်ပြကြသည်။

တောင်သူများ၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများနှင့် တောင်သူများအား ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စက်ကိရိယာများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သော ကျွမ်းကျင်စက်မောင်းစက်ပြင်များ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၀၁၉)

မူဆယ်တွင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

မူဆယ် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ရှိ ရှမ်းပြည်နယ်အစိုးရဒေသဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၏ မူဆယ်ဗဟိုစီးပွားရေးဇုန်အတွင်း သစ်ပင်စိုက်ပွဲတော်ကို ဩဂုတ် ၁၂ရက် နံနက် ၈ နာရီက Information Centre ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဘိုးအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်နှင့် ဒေါ်နန်းငွေငွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့်ဇနီး၊ ခရိုင်/မြို့နယ်မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ နယူးစတားလိုက်စီမံကိန်းဒါရိုက်တာ ဦးငွေစိုးနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ဗာဒံပင်မျိုးစုံကို စိုက်ပျိုးကြသည်။ နယူးစတားလိုက်စီမံကိန်းမှာ မူဆယ်မြို့နှင့် ရွှေလီမြစ်ကမ်းတစ်လျှောက် မြေဧက ၃၀၀နီးပါးတွင် ဗဟိုစီးပွားရေးဇုန်အဖြစ် တည်ဆောက်နေပြီး ဈေးကြီးများ၊ ဟိုတယ်များ၊ ပြခန်းများ၊ အရောင်းစင်တာများ၊ လုံးချင်းအိမ်ရာများပါဝင်ကာ ယခုအခါ လမ်းလျှောက်ဈေး၊ Information Centre ကွန်ကရစ်လမ်းများ အကောင်အထည်ဖော်လျက်ရှိပြီး ထိုစီမံကိန်းဧရိယာတစ်လျှောက်တွင် အရိပ်ရ အလှပင်များအဖြစ် အာဆီယံသပြေ၊ ထိုင်ဝမ်ဗာဒံ၊ တောင်မုရိုး၊ ထပ်တရာထန်း၊ ဝါးပဒေသာအစရှိသော အပင်မျိုးစုံ ၈၇၀၀၀ ကျော်ကို စိုက်ပျိုးရန်စီစဉ်နေကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စာရေးဆရာအသင်းကကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံ လမ်းညွှန်သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မနုသာကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)၊မောင်ဟေမာ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊မောင်စိုးထိုက် (သုံးဆယ်)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဟိန်းလတ်၊ ဒေါက်ထွေး (ဆေး/မန်း)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ တင်အောင်ရွှေ(သုတေသီ)နှင့် အခြားနာမည်ရ စာရေးဆရာကြီးများက သင်ကြားပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတိတိ၊ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှသတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃တို့တွင် စုံစမ်း၍ဩဂုတ် ၂၅ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်မနှံ့သူ၏ ကိုယ်နှင့်ပစ္စည်းကို
အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန်
လျှောက်ထားကြောင်း အကြောင်းကြားစာ
[စိတ်မနှံ့သူ (Lunacy) အက်ဥပဒေပုဒ်မ-၆၃]
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် အလွှာအမှတ် -၆၉

ဒေါ်ညွန့်ညွန့်စိန် **လျှောက်ထားသူ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၉)၊ ဦးပိုင်အမှတ်(၇၁)နေ စိတ်မနှံ့သူ မောင်ဇော်ဇော်အေးနှင့် ၄င်းပိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၉)၊ ဦးပိုင်အမှတ်(၇၁)နေ ဒေါ်ညွန့်ညွန့်စိန်က အထက်အမည်ရေးသားပါရှိသော စိတ်မနှံ့သူ မောင်ဇော်ဇော်အေး၏ အစ်မဖြစ်သည်ဟူ၍ ၄င်း၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် စက်တင်ဘာ ၁ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၈ရက်)တွင် ဆိုင်ဆိုရန်ချိန်းဆိုသည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါက်တာမိမိလေး **နှင့်**
၁။ ဒေါ်မြတ်အေး ၆။ ဒေါ်အေးဝါ
၂။ ကိုနိုင်မိုး ၇။ ဒေါ်ကရင်မ
၃။ ကိုဖိုးသား(ခ)မဲလုံး ၈။ ဒေါ်ဖြူတုပ်
၄။ ကိုမိုက်ကယ် ၉။ ကိုတုပ်ကြီး
၅။ ဒေါ်သင်းသင်း

တရားလို **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာနေ (၃) တရားပြိုင် ကိုဖိုးသား(ခ)မဲလုံး၊ (၄) တရားပြိုင် ကိုမိုက်ကယ်၊ (၇) တရားပြိုင် ဒေါ်ကရင်မ၊ (၈) တရားပြိုင် ဒေါ်ဖြူတုပ်၊ (၉) တရားပြိုင် ကိုတုပ်ကြီး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၉)အရ အချင်းဖြစ်မြေပေါ်ရှိ တရားပြိုင်များကျူးကျော်ဆောက်လုပ်ထားသောတဲများကိုဖယ်ရှား၍ တရားပြိုင်တို့အား နှင်ထုတ်ပြီး မြေကို တရားလိုအား လက်ရောက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၈ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြင့်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၆၃၅၂ ယာဉ်လက်ဝယ်ရှိသူ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ မြင်းခြံမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၆၃၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြတ်လူ ၉/မနမ(နိုင်)၁၂၃၃၂၄က ယာဉ်အိုယာဉ်ဟောင်း အပ်နှံ/လက်ခံရရှိခြင်းပြေစာပုံစံ(စ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၃၀၆၀၉)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးကျော်သူအမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးကျော်သူ ၁၂/မဘန(နိုင်)၀၉၄၇၀၂ (ဘ) ဦးကျော်ဦးမှ မြေပေးမိန့်လက်မှတ်မူရင်းပျောက်ဆုံး၍ မြေပေးမိန့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မကြာမီအရေးပါလာတော့မည့် မိုးကုတ်-ပြင်ဦးလွင် ကျောက်ဆည်လမ်းမကြီး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အချက်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပေသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဒေသတစ်ခုမှ တစ်ခုသို့ ကုန်စည်လည်ပတ်စီးဆင်းမှု လွယ်ကူလျင်မြန်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်မှ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများကို တစ်ဟုန်ထိုး အကောင်အထည်ဖော် ဖောက်လုပ်တည်ဆောက်လျက်ရှိပေသည်။ **(ယာပုံ)**

ထိုလမ်းများထဲတွင် မိုးကုတ်-ပြင်ဦးလွင်-ကျောက်ဆည်လမ်းမကြီးသည်လည်း တစ်ခုအပါအဝင် ဖြစ်နေသည်။ ယခင်က အဆိုပါမြို့နယ်သုံးမြို့နယ်သည် မန္တလေးမြို့ကို အခြေပြု၍သာ ကူးလူးဆက်ဆံသွားလာရသော မြို့နယ်များဖြစ်ခဲ့ရသည်။ မန္တလေးမြို့မှ ပြင်ဦးလွင်သို့ ၄၂ မိုင်၊ မိုးကုတ်မြို့သို့ ၁၁၄ မိုင်၊ ကျောက်ဆည်မြို့သို့ မိုင် ၃၀ ဝေးကွာလျက်ရှိနေသည်။ ထို့ကြောင့် ကျောက်ဆည်မြို့မှ ပြင်ဦးလွင်မြို့သို့ လာလိုလျှင် ၇၂ မိုင်ခရီး၊ မိုးကုတ်-ပြင်ဦးလွင် ၁၅၆ မိုင်ခရီးကို အချိန်ကြာမြင့်စွာဖြင့် သွားလာခဲ့ရလေသည်။

ယခုအခါ မိုးကုတ်-ပြင်ဦးလွင်ကို ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အတွင်းမှ ဖြတ်သန်းဖောက်လုပ်ထားသော လမ်းမသစ်ကြီးကြောင့် ၉၇ မိုင်သာ ဝေးကွာတော့သဖြင့် ကားဖြင့် ၃ နာရီခွဲခန့် မောင်းနှင်လျှင်ရောက်ရှိပြီ ဖြစ်သည်။ ထို့အတူ ပြင်ဦးလွင်-ကျောက်ဆည်လမ်းကိုလည်း ဖောက်လုပ်ပြီးစီးပြီဖြစ်ပြီး ဒုဋ္ဌဝတီမြစ်(ခေါ်) မြစ်ငယ်မြစ်အနီး အတက်အဆင်းအကောက်အကွေ့ကြမ်းသော (၁၉)ထပ်ကွေ့ကို ယခုအခါ ပြန်လည်ပြုပြင်နေပြီဖြစ်သောကြောင့် မကြာမီအချိန်အတွင်း ယာဉ်အားလုံး အဆင်ပြေချောမောစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ပြင်ဦးလွင်မှ ကျောက်ဆည်မြို့သို့ သွားလိုလျှင် ယခင်ကကဲ့သို့ မန္တလေးမှ ဖြတ်သွားရန် မလိုအပ်တော့ဘဲ မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရားကြီးခြေတော်ရင်း မြို့ရှောင်လမ်းမှလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်လမ်းပေါ်ရှိ ပြင်စာရွာလမ်းမှလည်းကောင်း သွားလာနိုင်သည်။ ပြင်ဦးလွင်-ပြင်စာ ၁၄ မိုင်၊ ပြင်စာမှ သံတောင်ရွာ ၇ မိုင်၊ သံတောင်ရွာမှ ဒုဋ္ဌဝတီမြစ်ကူးတံတားဖြတ်ပြီး ကျောက်ဆည်မြို့နယ် ရဲရွာသို့ ၁၀ မိုင်ခရီးသာ ဝေးကွာတော့သည်။ မြို့ရှောင်လမ်းမှ သွားပါက ယခုလမ်းထက်ပင်ခရီးမိုင်ပိုနည်းသွားသည်။ ရဲရွာမှ ၇ မိုင်ရွာကျော်လျှင် ကျောက်ဆည်သို့ရောက်ရှိပေမည်။

မိုးကုတ်-ပြင်ဦးလွင်လမ်းပိုင်းတွင် ရေငယ်လမ်းဆုံတည်ရှိပြီး ပြင်ဦးလွင်-ကျောက်ဆည် လမ်းပိုင်းတွင် သံတောင်ရွာအနီး ရွှေချောင်းလမ်းဆုံတည်ရှိနေသည်။ ယခုအခါ မိုးကုတ်-ပြင်ဦးလွင်-ကျောက်ဆည် လမ်းမကြီးပေါ်တွင် တချို့သော ကုန်တင်ကားကြီးများနှင့် ယာဉ်ငယ်များ အနည်းအကျဉ်းသွားလာလျက်ရှိနေပြီး မကြာမီတွင် ယာဉ်အားလုံးအခက်အခဲမရှိ သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်းသာမက ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်ပါ အလွယ်တကူဆက်သွယ်နိုင်သည့် အရေးပါလှသော လမ်းတစ်လမ်းဖြစ်ပေါ်လာပေတော့မည်။

သက်နိုင်(ပြင်ဦးလွင်)

မုံရွာစီးပွားရေး တက္ကသိုလ် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ

မုံရွာ ဩဂုတ် ၁၄

မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် စာအုပ်ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မုံရွာစီးပွားရေးတက္ကသိုလ်အနေဖြင့် ပထမဦးဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး မုံရွာမြို့ပေါ်မှ အောင်မင်္ဂလာစာအုပ်ဆိုင်နှင့် အဓိပတိစာအုပ်ဆိုင်များမှ သုတရသဆိုင်ရာနှင့် ဘာသာရပ်ဆိုင်ရာစာအုပ်များ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း၊ ဩဂုတ် ၁၅ ရက်အထိနေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်ဈေးရောင်းပွဲတော်ကို မုံရွာစီးပွားရေးတက္ကသိုလ်စာကြည့်တိုက်ဌာနမှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မုံရွာစီးပွားရေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အောင်ဇော်လင်း

ဟိုတယ်ဝန်ဆောင်မှု ဖွင့်ပွဲကျင်းပ

မုံရွာ ဩဂုတ် ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ဩဂုတ် ၁၁ ရက်နံနက် ၈ နာရီက ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်ဝန်ကြီးများ၊ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေတို့ တက်ရောက်ခဲ့သည်။ သင်တန်းသားစုစုပေါင်း ၁၀၀ ရှိပြီး ၎င်းကဲ့သို့သင်တန်းမျိုးကို ယခုအကြိမ် အပါအဝင် ၁၃ ကြိမ်ရှိပြီး ၃၉၈၇ ဦးတက်ရောက်ပြီးဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းဖြစ်သော ဟန်လင်းမြို့သို့ သွားရောက်လေ့လာခဲ့သည်။ သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံခြင်းနှင့် ထုတ်လုပ်ခြင်းဝန်ဆောင်မှုသင်တန်းတို့ကို ပို့ချပေးမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် ဩဂုတ် ၁၄

လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ရန်ကုန်မြို့၌ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သုံးလသင်တန်းများဖြစ်သော စက်ချုပ်သင်တန်း၊ ခ‌ောတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာ သင်တန်းများကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အဆိုပါ သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၉၆၆၀၇၁၂၊ ၀၉-၄၂၀၁၂၄၈၄၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေးအဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ကယ်လုယက်မှုဖြစ်ပွား

ခမောက်ကြီး ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၄၈) အနီးတွင် ဆိုင်ကယ်လုယက်မှုတစ်ခု ဩဂုတ် ၆ ရက်ကဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကိုစိန်လှဆိုသူသည် အဆိုပါနေ့ ညနေပိုင်းတွင် ဒဂုံတင်းဘားဆီအုန်းကုမ္ပဏီမှ ခမောက်ကြီးမြို့သို့အပြန် ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၄၈) အနီးတွင် အမည်မသိလူနှစ်ဦးက လမ်းကြုံလိုက်ရန် အကူအညီတောင်းသဖြင့် တင်ခေါ်ရန်ဆိုင်ကယ်ကို ရပ်ပေးလိုက်စဉ် တစ်ဦးက ကိုစိန်လှ၏ လည်ပင်းကိုညှစ်ပြီး ဓားဟုယူဆရသည့်အရာဖြင့် ထိုးလိုက်သဖြင့် ကိုစိန်လှလဲကျသွားရာ ဆိုင်ကယ် Honda (wave-i 125) ကိုမောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကိုစိန်လှမှာဒဏ်ရာများရရှိပြီး ခမောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ်ဆေးဝါးကုသမှုခံယူပြီး ခမောက်ကြီးမြို့နယ် ရဲတပ်ဖွဲ့က ဆိုင်ကယ်လုယူထွက်ပြေးသူများ အမြန်ဆုံးဖမ်းဆီးရမိရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ဂျေ၊ မြေကွက်အမှတ် ပဥ္စမတန်းစား(၈၈)၊ မြေကွက်တည်နေရာအမှတ်(၃၆)၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁။ ဦးသိန်းတန်(ခ)ကျော်ကျော်ဇင်၊ ၂။ ဒေါ်ခင်သိန်းတင့်၊ ၃။ ဒေါ်ခင်သိန်းဌေး၊ ၄။ ဒေါ်သန်းသန်းဝင်း) အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းတန်(ခ)ကျော်ကျော်ဇင်(လူပျိုကြီးဘဝဖြင့်)လည်းကောင်း၊ အမွေဆိုင်ညီမတစ်ဦးဖြစ်သူ ဒေါ်ခင်သန်းလွင်မှ အပျိုကြီးဘဝတို့ဖြင့် အသီးသီးကွယ်လွန်သဖြင့် ကျန်အမည်ပေါက်များ ၁။ ဒေါ်ခင်သိန်းတင့် ၁၂/မဂတ(နိုင်)၀၂၁၇၈၄၊ ၂။ ဒေါ်ခင်သိန်းဌေး ၁၂/မဂတ(နိုင်)၀၂၁၈၂၆၊ ၃။ ဒေါ်သန်းသန်းဝင်း ၁၂/မဂတ(နိုင်)၀၂၁၇၉၄တို့ကညီမများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၈၉)၊ မြေကွက်တည်နေရာအမှတ်(၁၈၉)၊ သုမိတ္တာ(၆)လမ်း၊ (ဦးရွှေစန်း-စီအေ-၀၄၈၄၅၈) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးရွှေစန်း၊ (မိခင်)ဒေါ်တင်လှတို့ကွယ်လွန်သဖြင့် ဦးထွန်းထွန်းနိုင် ၁၂/ဥကမ(နိုင်)၀၂၅၆၉၀၊ ဦးလှအေး ၁၂/ဥကမ(နိုင်)၀၂၅၆၈၅၊ ဦးဝင်းအောင် ၁၂/ဥကမ(နိုင်)၀၂၅၆၈၈၊ ဒေါ်ခင်မာသစ် ၁၂/ဥကမ(နိုင်)၁၄၄၀၆၂၊ ဦးဝင်းနိုင် ၁၂/ဥကမ(နိုင်)၀၂၅၈၅၆၊ ဦးလှဝင်း ၁၂/ဥကမ(နိုင်)၀၂၅၆၈၉တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၁၈၅၊ မြေတည်ရာအမှတ် ၁၈၅၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဒေါ်မေရန်ဘီ CD၀၂၄၈၂၂)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မရန်ဘီ ကွယ်လွန်သဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် ၁၅၅/၂၀၁၃ အရ ထုတ်ပေးသည့်အမွေထိန်းလက်မှတ်စာနှင့် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇အရ အမွေထိန်းပစ္စည်းစီမံခန့်ခွဲခွင့်ပြုသည့်စီရင်ချက်နှင့်အမိန့်တို့ကိုတင်ပြ၍ ဦးသန်းထွန်း (DBN - ၀၀၇၇၈၅) အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ တောင်ရပ်အရှေ့၊ အမှတ်(၂)နေ ဦးစောလွင်-ဒေါ်မြင့်မြင့်စိန်တို့၏သားဟာကင်း(ခ)သက်ကိုကိုလွင် ၈/ခမန(နိုင်)၁၈၀၂၇၄ သည် မိဘ၏ဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောအတိုင်း ၅-၈-၂၀၁၄ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏အရှုပ်အရှင်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

ဦးစောလွင်-ဒေါ်မြင့်မြင့်စိန်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊မြေကွက်အမှတ် ၁၄၄၈၊ မြေကွက်တည်နေရာအမှတ် ၁၄၄၈၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်လှိုင် CE-၁၀၀၈၃၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်လှိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်စိန် ၁၂/ဗဟန(နိုင်)၀၅၉၂၂၈၈ က ကွယ်လွန်သူ၏ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၁၁၅၁၊ မြေကွက်တည်နေရာအမှတ်(၁၁၅၁)၊ ဧရာ ၂လမ်း၊ (ဦးအေးမောင် ပီအမ်အီး-၁၀၁၅၀၄) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးအေးမောင် ကွယ်လွန်သဖြင့် ဒေါ်သန်းနု ၁၂/ဥကတ(နိုင်)၀၂၉၅၂၂ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၄၉၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၄၉၈၊ သလ္လာဝတီ(၁)လမ်း၊၁၀/မြောက်ရပ်ကွက်၊သာကေတမြို့နယ် ဦးဇော်ဝင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးဇော်ဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၆၂/၁၄ (၂၂-၁-၂၀၁၄)ရသူ ဦးအမိရ်ဟင်းဇာ(ခ)ဦးစိန်လှမှ မြေတိုင်းလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၇ခုနှစ်တွင် အရောင်းမြေပုံလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ထုတ်ယူခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိတင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ မြေကွက်အမှတ်(၄၆)၊ ဇရိယာ ၄ဒသမ ၀၆၆ဧက၏ Portion မြေကွက်တည်နေရာအမှတ်(၂၃)၊ ဝါးခင်းကျောင်းလမ်း၊ ဈေးဘွားကြီးကုန်း၊ အင်းစိန် ရန်ကုန်မြို့တော် စည်ပင်သာယာအမည်ပေါက် အစိုးရမြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်လည်းကောင်း၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း ကတိစာချုပ်တို့ဖြင့် Portion ပေ(၆၆·၆/၅၅×၄၉·၆/၅၁)ပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူစန်း ၁၂/လကန(နိုင်)၀၂၀၅၀၃ က အပိုင်ပေးကမ်းခြင်း မှန်ကန်ကြောင်း ဦးထွန်းမြအောင်၏ ကျမ်းကျိန်လွှာ အရပ်ကတိစာချုပ်အဆက်စပ်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ မြေကွက်အမှတ်(၆၈၇)၊ မြေကွက်တည်နေရာအမှတ် ၆၈၇၊ ဇေတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိန်လှအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်လှ(ဖခင်)နှင့် ဒေါ်အုန်းကြည်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁) ဒေါ်တင်တင်ဦး ၁၂/သကတ(နိုင်)၀၇၇၁၂၉၊ (၂) ဦးတင့်ဝေ ၁၂/သကတ(နိုင်)၀၇၇၁၃၀၊ (၃) ဦးတင့်ရွှေ ၁၂/သကတ(နိုင်)၀၇၇၆၈၆၊ (၄) ဦးတင့်ဌေး ၁၂/သကတ(နိုင်)၀၇၇၆၇၄တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၃၁၇/က·ခ)၊ မြေကွက်တည်နေရာအမှတ်(၁)၊ ဗိုလ်မင်းခေါင်လမ်း၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဒေါ်တင်တင်ဝင်း O/RGN-၀၀၅၂၇၈၊ ၂။ ဒေါ်ပြုံးပြုံးထွန်း ၁၂/သကတ(နိုင်)၀၈၃၉၈၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကို အမည်ပေါက် ဒေါ်တင်တင်ဝင်း+ ဒေါ်ပြုံးပြုံးတို့ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် သကတ/၃ (ရန်) ၀၉၀၅ ဒေါ်တင်တင်ဝင်း၊ ဒေါ်ပြုံးပြုံးထွန်း အမည်ပေါက်နှင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြဝတီမြို့ ရွှေမြင်းဝန်ဘုရားအနောက်ပတ်လမ်း ကွန်ကရစ်လမ်းဖွင့်

မြဝတီ ဩဂုတ် ၁၄

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန်ဘုရားကြီးတွင် မိဘပြည်သူများ၊ နိုင်ငံခြားသားဘုရားဖူးဧည့်သည်များ ဘာသာရေး၊ သာသနာရေးကိစ္စများ ဆောင်ရွက်ရာတွင် သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ရည်ရွယ်၍ အများပြည်သူတို့၏ လှူဒါန်းငွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရွှေမြင်းဝန်ဘုရားကြီး အနောက်ဘက်ပတ်လမ်း(ဓာတုကလျာလမ်း)ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သည့်အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ လမ်းခင်းရာတွင် အရအသုံးငွေစာရင်းရှင်းတမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက လည်းကောင်း ရှင်းလင်းတင်ပြပြီး မြို့မိ မြို့ဖ ဦးထွန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အဆိုပါကွန်ကရစ်လမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအေးမြိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးနှင့် မြို့မိ မြို့ဖ ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ရွှေမြင်းဝန်ဘုရားအနောက်ဘက်ရှိ ကွန်ကရစ်လမ်းသစ်သည် အကျယ် ၂၂ ပေ၊ အရှည် ၉၃၇ ပေ၊ ထုခြောက်လက်မရှိပြီး အများပြည်သူ လှူဒါန်းငွေကျပ် ၄၃၆၄၈၀၂၃ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြဝတီမြို့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အများပြည်သူ လှူဒါန်းငွေဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းပေါင်း ၁၂ လမ်းအထိ အဆင့်တိုးမြှင့်ဆောင်ရွက်ပြီးဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

မြေယာဆုံးရှုံးမှု နစ်နာကြေးပေးအပ်

လပွတ္တာ ဩဂုတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု ရွှေးမြစ်နှင့် ပြာမလော့ မြစ်အကြား ရေငန်တားတာ အပိုင်း (၂က) တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြေယာဆုံးရှုံးမှု နစ်နာကြေးပေးအပ်ပွဲကို ကန်ဘက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ မြို့ပြတည်ဆောက်ရေး(၉)မှ ဦးတင်မိုးကျော်က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းခဲ့ပြီး နိုင်ငံတော်မှ နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေငန်တားတာ တည်ဆောက်ခြင်းကြောင့် ဆုံးရှုံးသွားသောမြေယာဆုံးရှုံးမှုအပေါ် နစ်နာကြေးများလည်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမြတ်သူက ဆုံးရှုံးခံ လယ်သမားများအတွက် လိုအပ်သော အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းက ပြောကြားရာတွင် လယ်သမားများ ချေးငွေရရှိရေး၊ လက်ရှိဖြစ်ပေါ်နေသော လုပ်ငန်းဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေး၊ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးများကို မိမိစွမ်းဆောင်နိုင်သရွေ့အောင်မြင်အောင် အားထုတ် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သို့သော အခက်အခဲများရှိပါစေ စိတ်ရောကိုယ်ပါ အပင်ပန်းခံ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရေငန်တားတာ တည်ဆောက်ခြင်းအတွက် မြေယာဆုံးရှုံးသွားသော ကန်ဘက်ကျေးရွာအုပ်စုမှ တောင်သူ ၂၅ ဦးနှင့် ထင်းပုံကွင်းကျေးရွာအုပ်စုမှ တောင်သူ ၅၀ တို့၏ မြေယာ ၁၁၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ငွေကျပ် ၄၇၂ သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မိုးခေါင်ရေရှား၍ နွားစာရှားပါးသဖြင့် ပြောင်းဖူးပင်ခြောက်များ ရပ်ဝေးမှသယ်ယူကြရ

မြိုင် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းသားလှကျေးရွာမှ တောင်သူများသည် မိုးခေါင်ရေရှား၍ နွားစာများရှားပါးသဖြင့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးအုပ်စု မောက္ကလန်အုပ်စုကျေးရွာများမှ တောင်သူများထံ သွားရောက်ပြီး ပြောင်းဖူးပင်ခြောက်များကို ဩဂုတ် ၁၁ ရက်က တောင်းခံကြရာ ယင်းကျေးရွာများမှ တောင်သူများက ပြောင်းဖူးပင်ခြောက်များကို အခမဲ့ပေးကြသဖြင့် တောင်းခံသူတောင်သူများက ပြောင်းဖူးများခူးချိုးပေးပြီး အိမ်အရောက်လိုက်ပို့ပေးခြင်း၊ ပြောင်းဖူးပင်များအခင်းထဲမှ အပြင်သို့ ဖယ်ရှားပေးခြင်းတို့ကြောင့် အခင်းရှင်များကလည်း ကျေးဇူးတင်စွာဖြင့် မော်တော်ကားများ၊ ထော်လာဂျီများဖြင့် ပို့ဆောင်ပေး၍ စက်များဖြင့် စဉ်းပြီးနွားများကို ကျွေးကြရကြောင်း သိရသည်။

(၁၃၅)

စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနားကျင်းပ

တောင်ငူ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကျင်းပရာ တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်နီလာစိုးက အမှာစကားပြောကြားပြီး တောင်ငူခရိုင် ဆရာဝန်ကြီး ဒေါက်တာခင်စန်းမြင့်က စံပြမိခင်ရွေးချယ်ရခြင်း၊ အာဟာရကျွေးမွေးနည်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဆုရရှိသူကလေးငယ်များနှင့် မိခင်များကို ဆုများချီးမြှင့် ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ စံပြမိခင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် အခမဲ့မျက်စိခွဲစိတ်ကုသပေးနေသော ကိုရီးယားနိုင်ငံ Lion Club အဖွဲ့မှ Dr. Jin-HAKLEE ခေါင်းဆောင်သောအဖွဲ့များက မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး **(အောက်ပုံ)** လူနာများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာန
နေ့စားဝန်ထမ်း ဦးထက်အောင် ၉/ပမန(နိုင်)၁၄၃၈၅၆
လာရောက်ဖြေရှင်းရန် သတိပေးကြော်ငြာခြင်း

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ နေ့စားဝန်ထမ်းဖြစ်သူ (ဘ) ဦးရွှေသွင်(ကွယ်လွန်)၊ (မိ) ဒေါ်တင်ဥ၏သား ဦးထက်အောင် ၉/ပမန(နိုင်)၁၄၃၈၅၆သည် ၃-၆-၂၀၁၄ရက်မှစ၍ ခွင့်မဲ့ပျက်ကွက်နေခဲ့ပြီး ယနေ့ထိ ဌာနရုံးသို့ ဆက်သွယ်လာခြင်းမပြုပါ။ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ (မြို့မဈေး)တည်ဆောက်မှုတွင် ဌာနပိုင်ဈေးမှ ဆိုင်ခန်းရမည်ဟုဆိုကာ ဈေးသူ/သားများထံမှ ငွေလိမ်လည်ရယူသွားသည်ဟု ဈေးသည်များ၏ တင်ပြချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ ဌာနအမည် အလွဲသုံးစားပြုမှုဆောင်ရွက်သွားသဖြင့် ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနရုံးသို့ အမြန်လာရောက်ဆက်သွယ်ဖြေရှင်းရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တာချီလိတ်မြို့

အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးကျော်ဝင်းမောင် ၁၁/ပဏတ(နိုင်)၀၀၇၉၀၇၏သမီး မနွဲ့အား မခင်ဝင်း ၁၁/ပဏတ(နိုင်)၀၈၁၈၆၄ ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ဝင်း**

ဖခင်အမည်မှန်

အထက(၁) စစ်တွေမြို့၊ နဝမတန်းမှ မခင်ချိုဦးနှင့် အဋ္ဌမတန်းမှ မခင်သူဇာ၏ ဖခင်အမည်မှန်မှာ မောင်အောင်သန်းဝင်း ၁၁/စတန(နိုင်)၀၆၂၉၄၁ ဖြစ်ပါကြောင်း။

မောင်အောင်သန်းဝင်း

ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ် ဆွမ်းချက် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မစိမ်းလဲ့လဲ့သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ၅/စကန(နိုင်)၁၄၃၆၄၈ ဖြစ်ပါကြောင်း။

ဦးကျော်ရွှေ

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ သတ္တမတန်း(B)မှ မမေဇူလိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ပဥလ(နိုင်)၀၇၈၈၁၆ ဖြစ်ပါသည်။

ဦးဝင်းဗိုလ်

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၂၆၃၀ Honda Dream C100 m5 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်အေး ၉/မနမ(နိုင်)၀၈၆၀၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာတိုက်ခန်းနေ ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးစိုင်းလုံဝမ်း ၁၃/ကတန(နိုင်)၁၆၆၆၆၇သည် မိသားစုဝတ္တရားများပျက်ကွက်လျက်ရှိပြီး နေအိမ်မှဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့မှာ ကျွန်မနှင့်မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မထောက်ရှန် ၁၃/ကတန(နိုင်) ၀၈၇၂၀၈

ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်အုပ်စု၊ အလကခွဲ(ကတ်ထိုက်)၊ သတ္တမတန်းမှ စိုင်းလာ၏ဖခင်အမည်မှန်မှာ စိုင်းဟောင် ၁၃/ကတန(နိုင်)၀၇၂၀၅၂ ဖြစ်ပါကြောင်း။

စိုင်းဟောင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးလွင်ဦး ၃/ကကရ(နိုင်)၁၅၄၃၉၆၏ ပတ်စ်ပို့ (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၅၅၀၆၈

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)၊ ယန်းခမ်းလနေ ဦးကျုန်း-ဒေါ်အားချွန်မွေတို့၏သား မောင်ကျလား ၁၃/ကတန(နိုင်)၁၂၃၈၂၆သည် မိဘ၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိ၏ဆန္ဒအလျောက် ပြုမူနေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျုန်း-ဒေါ်အားချွန်မွေ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/စက်စုရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၂၆ခ၊၂၆ဃ)၊ ဧရိယာ ၁ဒသမ ၀၆၃ဧကရှိ ဒေါ်လှလှရီ (ပါ)၃ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမျိုးသန့် ၁၂/ခရန(နိုင်)၀၈၅၈၀၇ (ဘ) ဦးအောင်ကျင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

၁။ မူဆယ်မြို့၊ ကောင်းနောင်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀.၀၂၉)ဧကရှိ မြေနေရာအား ဒေါ်အေးအေးခိုင်အမည်ဖြင့် ၁၆-၃-၂၀၀၅ မှ ၁၈-၃-၂၀၃၅ ထိ အမှုတွဲအမှတ်(၅၇၊မဆ၊၂၀၀၅) ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။

၂။ အဆိုပါမြေနေရာအား အနိုင်ဒီကရီဖြင့် လွှဲပြောင်းရရှိသူ ဦးဝင်းနိုင်(ခ)ရုံဟော့၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်စံကြည် ၁၃/လရန(နိုင်)၀၆၉၄၇၉ မှ ၎င်း၏လက်ဝယ်တွင် ပျောက်ဆုံးသွားသဖြင့် မိတ္တူကူးယူခွင့်ပြုနိုင်ပါရန် တင်ပြလာမှုအပေါ် ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀၊ ၀၈၂-၅၀၅၀၃

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၅၉၆၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B-5460 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

မိုးညှင်း ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၉ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူက သင်တန်းတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သိသင့်သိထိုက်သော ဌာနဆိုင်ရာများ၏ လုပ်ငန်းများအကြောင်းကို ရှင်းလင်းပို့ချသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူများအနေဖြင့် ဂရုတစိုက်သင်ယူကြရန်နှင့် သင်တန်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ မိုးညှင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၇၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လူကုန်ကူးမှုကာကွယ်ရေး ဟောပြော

ကျောက်ကြီး ဩဂုတ် ၁၄

ကျောင်းနေအရွယ်ကလေးများ လူကုန်ကူးမခံရစေရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ အထက(၁)ကျောင်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြောပွဲကို ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က လူမှောင်ခိုကူးမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ရဲမှူးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းခြင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဦးအောင်ကျော်မြင့်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက ၄င်းတို့နှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက လူမှောင်ခိုကူးမခံရရေးအတွက် သိသင့်သိထိုက်သည့်အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ကျင်းပခြင်းဖြစ်ပြီး ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ စာရင်းကောက်မည်

မိတ္ထီလာ ဩဂုတ် ၁၄

မိတ္ထီလာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများအပါအဝင် ကဏ္ဍ ၁၂ ခုတွင် စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ဩဂုတ် ၁၂ ရက်က ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားသည်။ ထို့နောက် စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးစီမံကိန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်မြမြစန်းက ရှင်းလင်းပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသည့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းဆိုင်ရာ စာရင်းအင်းအချက်အလက် ကောက်ယူ စုဆောင်းရေးလုပ်ငန်းတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ မြေဧရိယာနှင့်လူဦးရေ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အလုပ်သမားဆိုင်ရာ ကဏ္ဍ ၁၂ ခု သတ်မှတ်ထားပြီး အဆိုပါကဏ္ဍများမှ စာရင်းအင်း အချက်အလက် ညွှန်းကိန်း ၇၀ ကို ကောက်ယူသွားမည်ဖြစ်ကာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက် ကောက်ယူသွားကြမည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစဝ်နေလင်း၊ ခရိုင်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသန့်ဇင်၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၃၅)

မိတ္ထီလာတက္ကသိုလ် ကြက်ခြေနီသင်တန်းဆင်းပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၁၄

ကျောင်းသား ကျောင်းသူများ ကြက်ခြေနီအခြေခံရှေးဦးပြုစုနည်းပညာများ တတ်သိနားလည်ပြီး ပြည်သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် မိတ္ထီလာတက္ကသိုလ်ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၁၄)ဆင်းပွဲကို ဩဂုတ် ၁၁ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက အမှာစကားပြောကြားပြီး မိတ္ထီလာတက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှသန်းက ကြက်ခြေနီသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်စွာတက်ရောက်ခဲ့သူ သင်တန်းသားသင်တန်းသူ ၁၀ ဦးအား ထူးချွန်ဆုများကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်းတာဝန်ခံ ခရိုင်ဦးစီးမှူး ဦးနေဦးနှင့် သင်တန်းနည်းပြအဖွဲ့ဝင်များအားလည်းကောင်း ထူးချွန်ဆုများ၊ လက်ဆောင်ပစ္စည်းများကို တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေး၊ ပါမောက္ခများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သမဝါယမဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(နေပြည်တော်)နှင့် သမဝါယမတက္ကသိုလ်(သန်လျင်) သမဝါယမကောလိပ်(ဖောင်ကြီး)တို့တွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား/အရေအတွက်
(က)	အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန (နေပြည်တော်)	(၆၀'×၄၀'×၃၀') RC နှစ်ထပ်ရုံး (၁)လုံး (ခြံစည်းရိုး ၄၅၀' အမြင့် ၈' ကွန်ကရစ်တိုင် သံဇကာကွက်ကာရံခြင်းလုပ်ငန်းအပါအဝင်)
(ခ)	သမဝါယမတက္ကသိုလ်(သန်လျင်)	စာကြည့်တိုက် (၂၀၀'×၄၀'×၃၀') RC တစ်ထပ်(၁)လုံး
(ဂ)	သမဝါယမကောလိပ်(ဖောင်ကြီး)	(၁၀၀'×၃၀'×၂၅')RCနှစ်ထပ်ဆောင်(၂)လုံး

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာဖော်ပြသည့်ရက်မှစ၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး (စီမံခန့်ခွဲရေးဌာနခွဲ) နှင့် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး(ငွေစာရင်းဌာနခွဲ) ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၉-၂၀၁၄ရက် ၁၃း၀၀နာရီ နောက်ဆုံးထား၍ သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊နေပြည်တော်တွင် တင်သွင်းကြရမည်ဖြစ်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန်တွင် အိတ်ဖွင့်တင်ဒါများကို တစ်ပါတည်းဖွင့်ဖောက်၍ အဆိုပြုဈေးနှုန်းကြေညာမည်ဖြစ်ပါသဖြင့် သတ်မှတ်ချိန်ထက် နောက်ကျပေးသွင်းလာသော အိတ်ဖွင့်တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၀၂၇၊ ၄၁၀၃၉၇ နှင့် ဖုန်း-၀၆၇-၄၁၀၄၅၉၊ ၄၁၀၃၃၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမည်ပြောင်း

ဦးမောင်ထိုက်၏သမီး ဆီဆိုင်မြို့၊ ဘုရားဖြူ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းမူဟူးအား ယနေ့မှစ၍ နန်းမူဟွမ်နီးဟု ပြောင်းလဲခေါ်ပါရန်။

နန်းမူဟွမ်နီး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Computer Table (Chip Board)	200-Nos
၂။	Lab Table (6' × 3' × 2.5)	12-Nos
၃။	Swivel Chair (Iron)	30-Nos
၄။	Aluminium Locker (6 boxs)	6-Nos
၅။	Office Cubicle Wall Table	6-Nos
၆။	Book Shelf (Steel)	3-Nos
၇။	Waiting Chair 4-Seats	4-Nos
၈။	Chair 4-seats (Teak)	20-Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၆-၈-၂၀၁၄ရက် ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတွင် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးကွန်ပျူတာတက္ကသိုလ်

မွေးမြူရေးပညာဘွဲ့ (BAnimSc)ကို မွေးမြူရေးပညာဘွဲ့ (BASc)ဟု ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မွေးမြူရေးပညာဘွဲ့ (BAnimSc) (၄)နှစ်သင်တန်း တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို ၂၆-၈-၂၀၁၄ရက်နှင့် ၂၈-၈-၂၀၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၂၇-၈-၂၀၁၄ရက်နှင့် ၂၉-၈-၂၀၁၄ ရက်တို့တွင် ကြေးမုံသတင်းစာ၌လည်းကောင်း အသီးသီးကြေညာခဲ့ပါသည်။

၂။ ယင်းကြေညာချက်နှင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ် စာမျက်နှာ(၃၅)ပါ အပိုဒ်(၄) အပိုင်းခွဲ(ခ)တို့တွင် ဖော်ပြပါရှိသည့် မွေးမြူရေးပညာဘွဲ့ (BAnimSc)ကို မွေးမြူရေးပညာဘွဲ့ (BASc)ဟု ပြောင်းလဲကြောင်း အသိပေးကြေညာအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကြော်ငြာခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် မော်တော်ယာဉ်များတွင် ကြော်ငြာလုပ်ငန်းများဆောင်ရွက်လိုပါ၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား ကြော်ငြာလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုသောအချက်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်ရုံးအမှတ် ၂၉ နှင့် ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၁၂)လိုင်း၊ ပုဇွန်တောင်မြို့နယ်(ထင်းပုံဆိပ်)တွင် စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၅၀၃၇၊ ၀၁-၂၉၁၃၅၂၊ ၀၉-၇၃၂၅၅၄၇၄၊
၀၉-၄၃၀၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅

ကြော်ငြာစိစစ်ရွေးချယ်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း အသိပညာပေးဟောပြော

ပုဏ္ဏားကျွန်း ဩဂုတ် ၁၄

ပုဏ္ဏားကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က မြို့မဇေစေတီ ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးက ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ အပါအဝင် မိုးရာသီခြင်ပေါသောအချိန်၌ ခြင်မှတစ်ဆင့်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများအကြောင်းနှင့် ရောဂါမဖြစ်ပွားအောင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်အန္တရာယ်ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များကိုအသုံးပြုရေး တိုက်တွန်းဟောပြောသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဌာနမှ သူနာပြုအဆင့် (၁) ဒေါ်မိုမိုထွန်းက ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါသည် ခြင်မှတစ်ဆင့်သယ်လာသော ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေသော ပလေဗီဗိုင်းရပ်စ်ပိုးအုပ်စုကြီးအောက်တွင်ရှိကြောင်း၊ လူကြီးလူငယ် အရွယ်စုံ၌ ဖြစ်နေကြသည်ကိုတွေ့ရှိနေရကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ သေဆုံးနှုန်းမှာ ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ ရှိသည်ကိုတွေ့ရကြောင်း၊ သာမန်အအေးမိတုပ်ကွေးရောဂါ လက္ခဏာများနှင့်ဆင်တူပြီး နှာစေးခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်းများဖြစ်ကာ လူတစ်ဦးနှင့် တစ်ဦးရောဂါဖြစ်ပွားပုံ ကွာခြားကြောင်း၊ နှစ်ရက်၊ သုံးရက်အကြာတွင် အပြင်းဖျားပြီး တက်ခြင်း၊ အကြောဆွဲခြင်း၊ သတိလစ်ခြင်းစသည့် ဦးနှောက်အမြှေးရောင် လက္ခဏာများပြလာမည်ဖြစ်ကြောင်း၊ ခြင်မှတစ်ဆင့်ကူးစက်ပြီး ကူးစက်မှုလွယ်ကူကာ ကုသမှုနောက်ကျလျှင် အသက်အန္တရာယ် စိုးရိမ်ရသောရောဂါဖြစ်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် အရေးကြီးကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိနှင့် ခြင်ကိုက်မခံရအောင် ကြိုတင်ကာကွယ်ခြင်းမှာ အကောင်းဆုံးဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး အလားတူ ဟောပြောပွဲများကို ကျေးရွာများသို့ပါ ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သူ(ပုဏ္ဏားမြို့)**

သတင်းတိုများ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု လွိုင်ကော်၌ကျင်းပ

ကယားပြည်နယ် အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဦးကိုးရယ်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးငယ်များကို ဝန်ကြီးနှင့်အဖွဲ့က ဗီတာမင်(အေ)၊ သံချဆေး၊ ကိုယ်ဝန်ဆောင် အားဆေးများ တိုက်ကျွေးပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိခင်နှင့်ကလေးများကာကွယ်ဆေးများတိုက်ကျွေး

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်ရှိ တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးတိုက်၊ ဆေးထိုးပေးခြင်း အစီအစဉ်ကို ဩဂုတ် ၉ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ရာ မြို့နယ်ခွဲကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ၊ ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ NGO အဖွဲ့များက ရပ်ကွက်အတွင်းရှိ တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား တီဘီရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါ ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်နှင့် ပိုလီယိုရောဂါကြိုတင်ကာကွယ်ဆေးများ တိုက်ကျွေး၊ ထိုးနှံပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

ဟိုပန်မြို့၌ ရေဘေးသင့်အိမ်ထောင်စုများနှင့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်

ဟိုပန် ဩဂုတ် ၁၄

ရှမ်းပြည်နယ် ဟိုပန်မြို့၌ ဩဂုတ်လဆန်းပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အိမ်ထောင်စုများ ရွှေ့ပြောင်းခဲ့ရပြီး တောင်သူများလည်း သီးနှံများပျက်စီးသဖြင့် ရေဘေးသင့်အိမ်ထောင်စုများနှင့် တောင်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်က ရေဘေးသင့်ပြည်သူများ၏ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများပြေလည်မှုရရှိရန်နှင့် သီးနှံများပျက်စီးသည့်တောင်သူများ အထောက်အကူဖြစ်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဦးစီးအဖွဲ့အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ၊ အတွင်းရေးမှူးဦးမျိုးအောင်၊ တိုင်းစီမံကိန်းဒုတိယညွှန်ကြားရေးမှူး ဦးဟုတ်စွန် ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်တို့က ရေဘေးသင့်အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၀၂ စုအတွက် ငွေကျပ် ၃၀၆၀၀၀၀ နှင့် ပျက်စီးသီးနှံ ၄၂၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၂၂၀၀၀၀ စုစုပေါင်းငွေကျပ် ၇၂၈၀၀၀၀ ကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

ဟိုပန်မြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုနှင့် တောင်သူများအား ထောက်ပံ့ပေးမှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ဩဂုတ် ၅ ရက်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲ အထကကျောင်းတွင် ကျောင်းဝင်းသန့်ရှင်းသာယာရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ ရေမြောင်းများဖောက်လုပ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၉ ရက်က ကျောင်းသားကျောင်းသူများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်ခွဲ ပြန်/ဆက်)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(တင်ဒါအမှတ် ၁/၂၀၁၄-၂၀၁၅)
(စက်နှင့်စက်ပစ္စည်း)

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)၏ 66/11KV, 10MVA Sub-Station ပြုပြင်မွမ်းမံခြင်းအတွက် လိုအပ်သော အောက်ပါလျှပ်စစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(a)	11KV Incoming Switch Gear Cabinet	1 Set
(b)	11KV Outgoing VCB Control Panel	5 Sets
(c)	66KV Remote Control Panel (without GCB)	1 Set
(d)	Battery Bank and Battery Charger (Nickel Cadmium) (Complete Set)	2 Sets
(e)	11KV 95mm 2 × 3C Power Cable	660 meter
(f)	11KV Joint Kit	8 No
(g)	11KV Termination Kit	6 No

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၄ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) **နေပြည်တော်** - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ် ၃၇၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈
(၂) **ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(၃) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၉-၂၀၁၄ရက်၊ ၁၆:၀၀နာရီ
(၄) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) ညွှန်ကြားရေးမှူး (စီမံရေး)၊ အထည်အလိပ်လုပ်ငန်း
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၉-၂၀၁၄ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆(လိုင်းခွဲ-၃၃၃၃)

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Lot.No.1(X-2000)(မာဇဒါဂျစ်) B-600(လေးဘီး)H-2000, T-2000 (၂ တန် ကုန်တင်ယာဉ်)မှ ယာဉ်အပိုပစ္စည်းများ	၄၀၂၄ မျိုး	HI- 12/001
(ခ)	Lot. No.2 (X-2000) (မာဇဒါဂျစ်) H-6000 (လေးဘီး)မှ ယာဉ်အပိုပစ္စည်းများ	၂၆၈ မျိုး	HI- 12/002

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot.No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၈-၈-၂၀၁၄ရက်မှ ၁၁-၉-၂၀၁၄ရက် ၁၂း၀၀ နာရီ
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁၁-၉-၂၀၁၄ ရက် (၁၂း၀၀)နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၁-၉-၂၀၁၄ ရက် (၁၃း၀၀)နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊ အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)
ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇

အမည်ပြောင်း

ဦးဝင်းတင် ၁၀/မလမ(နိုင်)၀၁၉၂၅၄၏ သမီး ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်းတန်းအောင် မအိသဉ္ဇာဝင်းအား မမေမြတ်သင်းခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မေမြတ်သင်းခိုင်

အမည်ပြောင်း

ဦးမြင့်ထွန်းဦး ၁၂/မဘန(နိုင်)၀၀၆၅၆၂၏သမီး ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မအိဖူးပွင့်အား မအေးပြည့်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

အေးပြည့်ပြည့်ဖြိုး

သတင်းတိုများ

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြော

ရှမ်းပြည်နယ် မိုးနဲမြို့နယ်တွင် လျှပ်စစ်မီးအသုံးပြုသူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို မိုးနဲမြို့ပေါ်ရှိ ပေါ့မိုင်းရပ်ကွက် နာဟောင်ရပ်ကွက်များတွင် ဩဂုတ် ၁၁ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ ဒုရဲမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူးတို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယရဲမှူး၊ သန္နိမီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

အမှိုက်ပုံအား မီးရှို့စဉ် စွန့်ပစ်ထားသော ဂက်စ်ဖြည့်သည့်ဘူး ပေါက်ကွဲ၍ ဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ရှမ်းပြည်နယ် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် နယ်မြေ (၈) နဂါးပွတ်ဘုန်းကြီးကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ရှမ်းမြေလတ်သားအသင်း(တောင်ကြီး-မိတ္ထီလာ)မှ ဥက္ကဋ္ဌ ဦးတိုးမောင် (၇၄ နှစ်) အေးသာယာမြို့ စက်မှုဇုန်နေသူနှင့် ဦးလောပု(ခ) ဦးစိန်လင်း(၅၀ နှစ်) တောင်ကြီးမြို့ အကွက်ကြီးအမှတ်(၆၄)နေသူတို့ နှစ်ဦးသည် ဘုန်းကြီးကျောင်း တောင်ဘက်ဝင်ပေါက် ယာဘက်အုတ်တံတိုင်း အတွင်း၌ အမှိုက်ပုံနှင့် သစ်ခြောက်များကို မီးရှို့ခဲ့သည်။

တင်ပို့ကုသ

ထိုသို့ မီးရှို့စဉ် အမှိုက်ပုံအတွင်းစွန့်ပစ်ထားသော ဂက်စ်မီးခြစ်များကို ဂက်စ်ဖြည့်သည့် အရှည်ရှစ်လက်မခန့်ရှိ သံဘူးမှာ မီးအပူရှိန်ကြောင့် ထိပ်ဝ ပွင့်ထွက်ကာ ပေါက်ကွဲခဲ့သဖြင့် ဦးလောပု(ခ)ဦးစိန်လင်းနှင့် ဦးတိုးမောင်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါနေရာသို့ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ ဒဏ်ရာရရှိသူနှစ်ဦးကို တောင်ကြီး စဝ်စံထွန်း ဆေးရုံသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။

ကိုရဲ

အလုံမြို့နယ် မြို့နယ်လျှပ်စစ် အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးထွားညွန့်နှင့် လျှပ်စစ်ဝန်ထမ်းများ ဩဂုတ် ၉ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းများနှင့် အတူ အောက်ကြည့်မြင်တိုင်လမ်းရှိ ကောင်းကင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းစဉ်။

တင်မောင်ဦး(အလုံ)

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား တွံတေး၌ကျင်းပ

တွံတေး ဩဂုတ် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရွှေလှေချောင်(တွံတေး)အုပ်စု သဲကုန်းကျေးရွာဓမ္မာရုံ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

လူငယ်များနေ့အခမ်းအနားကို လူသာရင်ဝေါလ်ဖက်ဒရေးရှင်း(Lutheran World Federation) မြန်မာနှင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျေးရွာ ၁၀ ရွာမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော လူငယ်အမျိုးသား အမျိုးသမီးများ ပါဝင်သည့် အဖြူရောင်အလင်းတန်းအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် တွံတေးအုပ်စု အုပ်ချုပ်ရေးမှူးဦးစောထူးဒိုက အမှာစကားပြောကြားပြီး လူသာရင်ဝေါလ်ဖက်ဒရေးရှင်းမြန်မာမှ ကျေးရွာတာဝန်ခံ ဦးပြည့်စုံထက်တို့က လုပ်ငန်းလုပ်ဆောင်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

လူသာရင်ဝေါလ်ဖက်ဒရေးရှင်းမြန်မာသည် ရပ်ရွာပြည်သူများ စွမ်းဆောင်ရည်မြင့်တက်လာပြီး ဦးဆောင်စိတ်ရှိလာစေရန်၊ ကျေးရွာများတွင် လူငယ်အင်အားများပြားလာပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကျေးရွာအပြင် အခြားမြို့ရွာများနှင့်ချိတ်ဆက်ပြီး ကွန်ရက်များဖွင့်ကာ ဆောင်ရွက်တတ်လာစေရန်နှင့် ကျေးရွာတိုင်းတွင် လူငယ်ခေါင်းဆောင်များပေါ်ပေါက်လာပြီး အချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

မျိုးလှိုင်

အရန်သားဖွားသင်တန်းဆင်းပွဲနှင့် ဆေးသေတ္တာပေးအပ်ပွဲ ကျင်းပ

မော်လိုက် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် အရန်သားဖွား ဆရာမများ သင်တန်းဆင်းပွဲနှင့် ဆေးသေတ္တာပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ၊ သင်တန်းသူများ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆန်းလွင်ဦးက သင်တန်းဆင်းပွဲအခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အရန်သားဖွားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် ဆေးသေတ္တာပုံးများကို ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ခရိုင်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ကျော်ပွား(မော်လိုက်)

လူကုန်ကူးမှုကာကွယ်ရေး ပညာပေးဟောပြော

ပန်လုံ ဩဂုတ် ၁၄

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့နယ်ခွဲတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ပန်လုံအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးက အမှာစကားပြောကြားပြီး ပန်လုံရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်အောင်ကျော်စိုးက လူကုန်ကူးမှုအန္တရာယ်၊ လူကုန်ကူးခြင်းမခံရအောင် သတိပြုရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ကျောင်းသူကျောင်းသားများအား ဟောပြောခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်းများ၊ ရေ/သန့်ပစ္စည်းများနှင့် မြို့ပြပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ခန်းမအတွက်

(၁) လျှပ်စစ်လုပ်ငန်း

Lot(1)- Transformer ၂ လုံးနှင့် H.T Line ပေ (၆၂၂)ဆွဲခြင်းအတွက် လိုအပ်သောပစ္စည်းများ

Lot-(2)- Compound Lighting အတွက်လိုအပ်သောပစ္စည်းများ

Lot(3)-အတွင်းလျှပ်စစ်မီးနှင့်မိုးကြိုးလွှဲတပ်ဆင်ခြင်းအတွက် လိုအပ်သောပစ္စည်းများ

Lot(4)- လူစီးဓာတ်လှေကားအတွက် လိုအပ်သောပစ္စည်းများ

(၂) ရေ/သန့်လုပ်ငန်း

Lot(1)- အတွင်းရေ/သန့်အတွက် လိုအပ်သောကြွေထည်ပစ္စည်းများ

Lot-(2)- ပြင်ပရေ/သန့်အတွက် လိုအပ်သော PVC ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ

Lot(3)-ပေ ၄၀ အမြင့် ဂါလန် ၁၀၀၀၀ Steel Trastle နှင့် Water Treatment Plant အတွက် လိုအပ်သောပစ္စည်းများ

Lot(4)- Internal & External Fire Fighting အတွက် လိုအပ်သောပစ္စည်းများ

Lot(5)- External Sewer Line အတွက် လိုအပ်သော PVC ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ

(၃) မြို့ပြလုပ်ငန်း

Lot(1)- Angle Roof Truss & Colour Coated Matel Sheet With Heat Cover Roofing Sheet Area (26534) Sft

Lot-(2)- Plaster Board Ceiling With 6I Frame Including Paint Finished Area (55918) Sft

Lot(3)- Parquet Floor Including Liquer Finished Area (10800) Sft

Lot(4)- Granite Floor (2'x2') Area (9526) Sft

Lot(5)- Aluminium Door, Window & Fixed Glass Curtain Wall Area (10649) Sft

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၄-၈-၂၀၁၄ ရက်မှ ၂၇-၈-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၃၀-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ

(ဂ) **တင်ဒါဖွင့်ရက်/နေရာ** - ၂-၉-၂၀၁၄ ရက် ၁၀း၃၀နာရီ (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၅၄၁၊ ၂၃၇၆၄နှင့် အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်း၊ အထူးအဖွဲ့(၆) မန္တလေးမြို့ ဖုန်း-၀၂-၇၆၀၀၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

မအူပင်တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော အိတ်ဖွင့်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ် ပရဝဏ်အတွင်း ၂၀-၉-၂၀၁၄ရက်မှ ၁၉-၉-၂၀၁၅ရက်အထိ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းတစ်စုံလျှင် ကျပ်၅၀၀၀ နှုန်းဖြင့် ဝယ်ယူပြီး ၁၆-၉-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း သင်တန်းရေးရာဌာန ဖုန်း-၀၄၅-၃၀၁၄၀ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊ မအူပင်တက္ကသိုလ်

ကျေးဇူးတင်ဝမ်းမြောက်လွှာ

ဒိုက်ဦးမြို့၊ အမှတ်(၄)၊ ကျောင်းစုရပ်ကွက်နေ ဖခင်ကြီး(ဆရာဦးစံရွှေ)အား ရည်စူး၍ မိခင်ကြီးဒေါ်လှမြင့်အား အမှူးထားကာ ရန်ကုန်မြို့၊ အင်းစိန်မင်းဓမ္မလမ်းနေ ဗိုလ်မှူးသန်းထွန်း(ငြိမ်း)-မခင်မြတ်မွန်မိသားစုမှ မေတ္တာဝေစီ (အခမဲ့)နာရေးကူညီမှုအဖွဲ့သို့ ငွေကျပ်လေးသိန်းတန်ဖိုးရှိသော မီးစက်တစ်လုံးလှူဒါန်းမှုကို ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မေတ္တာဝေစီ(အခမဲ့)နာရေးအဖွဲ့
ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့

စရိုက်ဆိုတဲ့အကျင့်ဟာ လူတစ်ယောက်ရဲ့ ပျော့ကွက်အားနည်းချက်ပဲ
လူတစ်ယောက်ကို ချုပ်ကိုင်လိုလျှင် အဲဒီလူရဲ့ စရိုက်သိထားရမယ်
မိမိမှာရှိတဲ့ စရိုက်ဆိုးတွေကိုလည်း သိထားပြီး ကြိုးစားပယ်ဖျောက်ရမယ်

စရိုက်ခြောက်ပါး သဘောတရားများ

အရှင်ဇောတိက (ညောင်တုန်း)

ပညာဝိကစာပေ မှထုတ်ဝေသည်

အရှင်ဇောတိက(ညောင်တုန်း)၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ နောက်ဆုံးရလဒ် ၂။ ဘာဝနာရှေ့သွားတရားများ
၃။ တရားအမြင်ရှိစေချင် ၄။ ဝိသုဒ္ဓိကျင့်စဉ်တရား

ဝယ်ယူရရှိနိုင်သောနေရာများ

ရှင်သာမဏေဓမ္မဗိမာန် (အာဇာနည်လမ်း၊ရွှေတိဂုံဘုရားအလယ်ပစ္စယာ)၊ အင်းဝစာအုပ်တိုက် (ပန်းဆိုးတန်းလမ်း)၊ ဓမ္မရောင်ခြည် (သိမ်ကြီးဈေး) အလင်းတန်း (ယုဇနပလာဇာ)၊ ဣစ္ဆာသယ (ရွှေတိဂုံတောင်ဘက်မုခ်)၊ သစ္စာမဏ္ဍိုင် (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)၊ ပါရမီစာပေ (ကမ္ဘာအေးဘုရား)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၉၄၃၃၁၊ ၀၉-၂၅၀၁၅၁၆၆၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ မြို့သစ်(ဂ)၊ ရှမ်းတန်း(၈)လမ်း၊ အမှတ်(၅/၄၃)နေ ဦးတင်ထွန်းနိုင်၊ ဒေါ်တင်တင်အုန်းတို့၏သား မောင်ဇေယျာမင်း ၇/ပခန(နိုင်)၂၈၀၈၈၄သည် မိဘများအား ကိုယ်ထိလက်ရောက်စော်ကားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးတင်ထွန်းနိုင် ၇/ပခန(နိုင်)၀၅၇၆၅၉
ဒေါ်တင်တင်အုန်း ၇/ပခန(နိုင်)၀၅၇၅၄၈

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကျိုက္ကနဲရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ် (၈၆)၊ မြေချိန်ဧရိယာ ဝ.၁၁ဧ၀၇၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်မှန်သမျှကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းကြူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးဇော်ဝင်း (ဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၇၇)
အမှတ် ၆၅၊ ပျဉ်ထောင်တန်းရပ်၊ ကျိုက္ကနဲရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၈၇၀၀၆၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဈေးလမ်းသွယ်(၁)၊ အလျား(၃၆ပေ ၃လက်မ)၊ အနံ (၁၆ပေ ၃လက်မ) (၂၁ပေ ၆လက်မ)၊ (၂၁ပေ ၃လက်မ)တည်ရှိသည့် ကျွန်ုပ်မိတ်ဆွေ ဦးဟိန်းရဲဂေါင် ပိုင်ဆိုင်သည့်မြေကွက်ပေါ်တွင် တရားဝင်အဆောက်အအုံဆောက်လုပ်သွားမည်ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ပြီး စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာပါသည်။

ညွှန်ကြားချက်အရ-

ဦးထွန်းလှ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၁၄)
အမှတ် (၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၇၃၁၀၈၃၃၂၊ ၀၉-၂၅၄၄၁၅၂၃၄၊ ၀၉-၄၂၁၀၁၉၇၈၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၁၊ မြေကွက်အမှတ် ၅၈၃၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိသော ဦးခင်ထွန်းအမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးဇော်မင်းဦး ၁၄/မအန(နိုင်)၁၂၁၃၆၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ (စဉ်-၃၂၆၉၃)	ဦးဝင်းထိုက် (စဉ်-၃၆၇၃၇)
LL.B, D.B.L, D.M.L	LL.B, D.B.L

Myanmar United Land အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးကုမ္ပဏီ
အထက်တန်းရှေ့နေများ
အမှတ် ၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၁၊ မြေကွက်အမှတ် ၅၆၇၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိသော ဒေါ်ရင်စိန်အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးရဲကျော်စွာအောင် ၁၂/ဥကတ(နိုင်)၁၄၂၀၂၂ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ (စဉ်-၃၂၆၉၃)	ဦးဝင်းထိုက် (စဉ်-၃၆၇၃၇)
LL.B, D.B.L, D.M.L	LL.B, D.B.L

Myanmar United Land အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးကုမ္ပဏီ
အထက်တန်းရှေ့နေများ
အမှတ် ၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ မြေကွက်အမှတ် ၃၁၉(က)၊ မြေဧရိယာ ပေ(၂၀×၆၀)ရှိ ဦးမြင့်ဌေး ၁၂/တမန(နိုင်)၀၂၆၈၃၂ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ် ၃၁၉(ခ)၊ မြေဧရိယာပေ(၂၀×၆၀)ရှိ ဦးခင်မောင်ဦး ၁၂/တမန(နိုင်)၀၂၅၂၇၆ အမည်ပေါက် မြေချပါမစ်မြေကွက်တို့အား အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၀၈၀၆၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းခန့် LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၃၄၁၇)
အမှတ်(၂၂၂)၊ တုသိတာ ၁လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၃၃၆၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၂ရပ်ကွက်၊ ရွှေလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇၊ မြေကွက်အမှတ် ၉၆၊ အကျယ်အဝန်း (၄၀'×၆၀')ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်း ၇/ဖမန(နိုင်)၀၈၉၅၆၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်စိုးမြတ်
ဖုန်း-၀၉-၅၁၄၂၃၁၆

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြဝင်း(တောင်ကြီး)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၉၆)နှစ်

ဒေါက်တာစဝ်လေင်ဝမ်း(ခ)ပင်းပင်း (ဒုတိယဆေးရုံအုပ်၊ မြတ်တော်ဝင်အထွေထွေရောဂါကုဆေးရုံ၊ တောင်ကြီးမြို့)၏အဘွား ဒေါ်မြဝင်း အသက်(၉၆)နှစ်သည် ၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမြင့်-ဒေါက်တာခိုင်ခိုင်ကျော်နှင့်
မန္တလာဆေးရုံမိသားစု

ဝမ်းနည်းကြေကွဲခြင်း
တန်ကင်တင်း(ခ)ဒေါ်တင်တင်
အသက် (၉၁)နှစ်

ပါမောက္ခ ဒေါက်တာခင်လှ (ပါမောက္ခချုပ်-ငြိမ်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး)နှင့် ဒေါ်မာဂရက်သောင်းတို့၏မိခင် ဒေါ်တင်တင်သည် ၂၇-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဌာနမှူးနှင့်ဆရာမများ
ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောမြိုင်
အသက် (၈၆)နှစ်

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်ဝင်းမောင်-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင် ဒေါ်စောမြိုင်သည် ၁၁-၈-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

(ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့် (စိန်ရတနာအထည်မိသားစု)

ဝမ်းနည်းကြောင်းကြေညာခြင်း

စီးပွားရေးတက္ကသိုလ်၊ ကျောင်းသားဟောင်း ကိုကျော်မြင့်(၁၉၉၃ Stat)၏ မိခင်ကြီး ဒေါ်မြညွှန့် အသက်(၇၆)နှစ်သည် ၉-၈-၂၀၁၄ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ ၁၉၉၁-၉၂-၉၃စီးပွားရေးတက္ကသိုလ် ကျောင်းသား/သူဟောင်းများအဖွဲ့မှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၁-၉၂-၉၃
စီးပွားရေးတက္ကသိုလ်ကျောင်းသား/သူဟောင်းများအဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ အကွက်(၆၆၀)၊ ပုတီးတန်းရပ်ကွက်နေ ဦးထိန်သင်း-ဒေါ်သို့တင်တို့၏သား ၅-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ကိုအောင်ကိုဝင်း(ခ)ဦးကို၏နာရေး၊ ရက်လည်၊ ဆွမ်းကျွေး၊ တရားနာပြီးသည့်အချိန်ထိ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းစကားပါး၍ မေးမြန်းကြကုန်သော ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ချမ်းမြသုခ နာရေးကူညီမှုအသင်းကြီးအားလည်းကောင်း၊ အကွက်(၆၆၀)၊ ပုတီးတန်းရပ်ကွက်၊ ဖြူးနီဓမ္မဗိမာန် ဝေယျာဝစ္စ လူငယ်အသင်းအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး (မြိတ်)
Director
Pho La Min Trading Co.,Ltd.
အသက်(၃၉)နှစ်

မြိတ်မြို့၊ ကန်ကြီးရပ်၊ ကမ်းနားလမ်း၊ အမှတ် ၃၃နေ(ဦးလိန်)-ဒေါ်မြဝင်းတို့၏သား၊ မနုနုကြည်(ခ)မမီးနု၏ခင်ပွန်း၊ မဖူးဖူး(ခ)မဆုယမုံဖြိုး၊ မပီးပီး(ခ)မနှင်းအိန္ဒြာခိုင်တို့၏ဖခင်၊ ကိုဝင်းဌေး-မစန်းစန်းမူတို့၏မောင်၊ ကိုဖိုးချွန်(ခ)ကိုထွန်းထွန်းနိုင်-မနုနုသိန်း၊ ကိုဖိုးဟောင်း(ခ)ကိုညီညီဝင်း-မမွှေးမွှေး၊ ကိုဖိုးရှိန်(ခ)ကိုထွန်းထွန်းဝင်း-မမေလေး၊ ကိုဖိုးရီ(ခ)ကိုတင်စိုး-မနန်းစန္ဒီတို့၏ညီ၊ ကိုဘာဘူ(ခ)ကိုစိုးမိုးနိုင်-မစန္ဒီလေးလွင်တို့၏အစ်ကိုသည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး (မြိတ်)
Director
Pho La Min Trading Co.,Ltd.
အသက်(၃၉)နှစ်

မြိတ်မြို့၊ (B)လမ်း၊ ကန်ကြီးရပ်နေ ဦးကြည်ဝေ-ဒေါ်ရပ်ကော်တို့၏သားသမက်၊ ဦးအောင်မျိုးဝေ-ဒေါ်သီသီစိမ့်၊ ဦးယုနိုင်-ဒေါ်ချယ်ရီထွေးတို့၏ အစ်ကို/မောင်၊ မနုနုကြည်(ခ)မမီးနု(ခြူးစတိုး)၏ခင်ပွန်း၊ မဖူးဖူး(ခ)ဆုယမုံဖြိုး၊ ပီးပီး(ခ)နှင်းအိန္ဒြာခိုင်တို့၏ဖခင်သည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အကြိုင်
အသက် (၈၅)နှစ်

ပါမောက္ခ ဒေါက်တာဦးဇော်သန်းထွန်း-ဒေါ်ကြည်ကြည်ညွှန့်တို့၏မိခင်ကြီး ဒေါ်အကြိုင် အသက် (၈၅)နှစ်သည် ၉-၈-၂၀၁၄ ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဝေဖြိုးနှင့်မိသားစု
လင်းရောင်နီအထူးကုဆေးခန်း
လှည်းကူးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းညွှန့် (မြန်အောင်)
(B.Ed၊ အထက်တန်းပြ-ငြိမ်း)
အသက် (၇၆)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဒေါ်သီတာအောင်၏မိခင်သည် ၁-၈-၂၀၁၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အင်းစိန်စက်မှုသိပ္ပံ(မြို့ပြ)
၁၉၈၇ ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိုးနိုင်
သမဝါယမဦးစီးဌာန(ငြိမ်း)
အသက် (၇၁)နှစ်

ကော့မှူးမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဒေါ်သန်းညွှန့်၏ချစ်လှစွာသော ခင်ပွန်း ဦးစိုးနိုင်(သမဝါယမဦးစီးဌာန-ငြိမ်း)သည် ၂-၈-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်များအားလုံးမှ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရပါသည်။

အမှုဆောင်အဖွဲ့နှင့် အသင်းဝင်များ
ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

(OILER) Tg.Tual Khan Pau ၏မိခင် Daw Anna Khai Theih Cing အသက် (၇၀)သည် ၇-၈-၂၀၁၄ ရက် ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

CAPT; ဦးမျိုးသန့်အုန်း
CHIEF ENG; ဦးဌေးလွင်
M.V THERESA SHANDONG မှ ရေယာဉ်ဝန်ထမ်းများ

အထူးနှမြောတသ ဝမ်းနည်းကြေကွဲခြင်း
မနှင်းဝင့်ဖြူစင်
(Sale Executive, Tiger Supply Co.,Ltd.)
အသက် (၂၃)နှစ်

မနှင်းဝင့်ဖြူစင်သည် ၉-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

MD/Director နှင့် Tiger Supply Co.,Ltd. မှ
ညီအစ်ကိုမောင်နှမများ

အထူးနှမြောတသ ဝမ်းနည်းကြေကွဲခြင်း
မနှင်းဝင့်ဖြူစင်
(Sale Executive, Tiger Supply Co.,Ltd.)
အသက် (၂၃)နှစ်

မနှင်းဝင့်ဖြူစင်သည် ၉-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Tiger Supply Co.,Ltd.
Sales & Marketing Department

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၇၊ မြေကွက်အမှတ် ၅၊ မြေအမည်ပေါက် ဦးညွှန့်စိန် ၁၂/မဂတ(နိုင်)၀၄၈၀၂၆ ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်စန္ဒာအောင် ၁၂/သကတ(နိုင်)၁၆၅၂၈၅ က မြေချပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဘားအံမြို့၊ အမှတ် (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၅/၁၀၁)တွင် နေထိုင်သော ဦးသန်းထွဋ် ၃/ဘအန(နိုင်) ၀၉၁၉၁၆၏ဇနီး ဒေါ်ဌေးဌေးဝင်း ၃/ဘအန(နိုင်) ၀၅၈၀၉၀ သည် ကျွန်တော်မရှိခိုက် နေအိမ်မှ ၂၀၀၆ခုနှစ် ဇွန်လမှစ၍ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ကျွန်တော်၏ ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲလိုက်ပါသည်။ ဒေါ်ဌေးဌေးဝင်းနှင့်ပတ်သက်သော အဆိုးအကောင်းမှန်သမျှအားလုံးကိုလုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးသန်းထွဋ်
၃/ဘအန(နိုင်)၀၉၁၉၁၆
အမှတ် (၅/၁၀၁)၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့

လူမှုရေးကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်စန်းကြည် (ညောင်လေးပင်)
အသက် (၉၀)

၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး နာမကျန်းဖြစ်စဉ်တစ်လျှောက် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ပြုစုပေးခဲ့သည့် အမှတ် (၂)၊ တပ်မတော်ဆေးရုံကြီး ခုတင် ၅၀၀ မှ တပ်မှူးနှင့်တကွ ဖျားနာပါမောက္ခ ပါရဂူကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ အမျိုးသား အမျိုးသမီးသူနာပြုအရာရှိများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ အရာရှိများ၊ အရာထမ်းအမှုထမ်းများ၊ အိမ်တိုင်ရာရောက် လာရောက်ကြည့်ရှုပေးခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများ၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ လုပ်အားအလှူ၊ သက်န်းနှင့် လှူဖွယ်ပစ္စည်းအလှူများပေးခဲ့ကြသည့် ဆရာသမား၊ ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမများနှင့် ဆေးရုံအသီးသီးမှ Physiotherapist တပည့်အရာရှိများ၊ ဗိုလ်လေးများ၊ ပြည်တွင်းပြည်ပမှ တယ်လီဖုန်း၊ E-mail, Face book၊ သတင်းစာများမှ နှစ်သိမ့်အားပေးခဲ့ကြသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျန်ရစ်သူမိသားစုများမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အကြိုင်
အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာခင်ဇော်-ပါမောက္ခ ဗိုလ်မှူးကြီးကေသီထွန်းတို့၏ မိခင်ကြီး ဒေါ်အကြိုင် အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအုပ်ကြီး၊ အရာရှိများ၊ သူနာပြုနည်းပြများနှင့် အကြပ်စစ်သည်များ
တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရွှေရီ
အသက် (၆၃)နှစ်

ကော့သောင်းမြို့၊ အထ္ထဝါရပ်ကွက်၊ စပယ်လမ်း၊ အမှတ်(၃၄၄)နေ ဦးအုန်းမြ(ခ)ဦးမောင်အုန်း၏ဇနီး ဒေါ်ရွှေရီ အသက်(၆၃)နှစ်သည် ၅-၈-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစစ်သောင်း(ခ)ဦးစီတုံး-ဒေါ်နှင်းရီ
ကနက်သီရိ၊ သရက်ချောင်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးစိုးငွေ (ငြိမ်း)
ဥက္ကဋ္ဌ၊ မြို့နယ်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ကျောက်တံတားမြို့နယ်
အသက်(၇၅)နှစ်

မြို့နယ်ရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးငွေ(ငြိမ်း)သည် ၁၂-၈-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ကျောက်တံတားမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ထွေး
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်မင်းအောင်နှင့်ဇနီး
ထီးပွင့်ကန်ကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်မြင့်
အသက် (၇၁)နှစ်

သူငယ်ချင်း ဦးစိုးမြင့်ထွန်း(ခ)မရန်ဘရန်ရှောင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်မြင့်သည် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၇၊ ၁၉၉၁ မြို့ပြအင်ဂျင်နီယာကျောင်းဆင်းများ

(၁)လပြည့်ကောင်းမှုကုသိုလ်ကိုအမျှပေးဝေခြင်း
(၁၅-၈-၂၀၁၄)
ဦးသက်ဦး
ပန်းဥယျာဉ်စားသောက်ဆိုင် ပုသိမ်မြို့
အသက် (၅၄)နှစ်

မြေမြတ်မဟာဗုဒ္ဓဂယာ၌ ၂၀၀၈-၂၀၁၂ တွင် နှစ်ကြိမ်တိုင် ရဟန်းခံခဲ့ခြင်း၊ ပိုင်းလော့ဆရာတော်၏တရားရသောနေရာ ငပုတောမြို့နယ် တောင်ချောင်းကျေးရွာရှိ အောင်တော်မူကျောင်းတွင် ဘုရားခန်းဆောက်တည်ခြင်း၊ ဓမ္မာရုံတွင်ကြမ်းခင်းခြင်း၊ ဆရာတော်အား သိက္ခာထပ်ခြင်း၊ ပုသိမ်(စွန်းလွန်ဆရာတော်ကြီး)သိက္ခာထပ်ခြင်း၊ မြတ်မော်တင်စေတီတော်ကြီး၏ မြတ်မော်တင်ကျောင်းကို ဝတ္ထုငွေများလှူဒါန်းခဲ့ပါသည်။

ချို နေ့စဉ်ပြုလုပ်ခဲ့သော ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ အမျှ…အမျှ…အမျှ ရောက်ရာဘဝမှ သာဓုခေါ်၍ သံသရာဝဋ်ဆင်းရဲမှ အမြန်လွတ်ကင်းနိုင်ပါစေ။

ကျန်ရစ်သူဇနီးနှင့် သားသမီးမြေးတစ်စု

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး (မြိတ်)
Director

Pho La Min Trading Co.,Ltd.
အသက်(၃၉)နှစ်

(ဦးလိန်)-ဒေါ်မြဝင်းတို့၏သား ကိုဇော်ဇော်မိုး အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အချိန်မတိုင်မီ ကွယ်လွန်သွားသည့် ညီလေးကိုဇော်ဇော်မိုးအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးညိုမင်း
မင်းဇာနည်ကုမ္ပဏီလီမိတက်မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောလှိုင် (ညောင်လေးပင်)
(တော်ဝိ-စိန်ဝေလျှံဆေးလိပ်ခုံ)
အသက်(၉၁)နှစ်

ညောင်လေးပင်မြို့၊ စက်ရုံလမ်း၊ အမှတ် ၄၆/ကနေ (ဦးဖေသက်-ဒေါ်ပုလေး)တို့၏ သမီး၊ (ဦးစမ်းမောင်)၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်ရှုတည်၊ ဒေါ်စမ်းစမ်းမူတို့၏မိခင်၊ မမေဦးနိုင်-ဗိုလ်ကြီးလင်းထက်၊ မောင်ထက်ဦးနိုင်တို့၏အဘွား၊ မောင်ဇေလင်းနိုင်၏ ဘွားဘွားကြီးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ညောင်လေးပင်မြို့အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၄ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလှ
(ချောင်းမီးတိုကျေးရွာ ဘုတလင်မြို့နယ်)
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁)ကျောင်းတိုက်၊ ပါရမီလမ်း၊ ရွှေမြင့်မိုရ်ကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ဦးစီးပဓာန နာယက ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်)၏ ဖခမည်းတော်ကြီး၊ သားသမီး ခြောက်ယောက်တို့၏ဖခင်၊ မြေး ၂၉ယောက်၊ မြစ် ၄၈ ယောက်၊ တီသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ချောင်းမီးတိုကျေးရွာ၌ ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၄ရက် နံနက် ၆နာရီမှ ၈ နာရီအထိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရွှေမြင့်မိုရ်ဆရာတော်နှင့်
ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုံးတင် (သုံးခွမြို့)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ(ဦးဘိုးဝင်း-ဒေါ်လှ)တို့၏သမီး၊ (ဦးဖူးညို-ဒေါ်ထူး)တို့၏သမီးချွေးမ၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၅) နေ ဦးကျော်အောင်၏ဇနီး၊ ဦးခင်မောင်ဦး(ဥပဒေအကြံပေး၊ စစ်ဥပဒေချုပ်ရုံး၊ နေပြည်တော်)-ဒေါ်စန်းစန်းမြင့်၊ ဦးစိန်ဖေ(ညောင်ပင်လေးဈေး)-ဒေါ်မြစန်းကြည်၊ ဒေါ်အေးချို၊ ဒေါ်ချိုချိုအောင်(လ/ပြ၊ အထက-၂၊ ဗဟန်း)၊ ဦးစိန်မင်း၊ ဦးဝင်းနိုင်ကျော် (လှမြန်မာဆန်/ဆီ)-ဒေါ်လှိုင်လှိုင်ထွေး (လ/ထ ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ ကိုမျိုးထိန်သိန်း-မမျိုးမျိုးဆင့် (အထက-၆၊ ပဲခူး)၊ ကိုဝေလင်းဦး (Y.D.E Co.,Ltd.)-မငြိမ်းချမ်းအေး၊ ကိုဇင်မင်းဦး-မနန်းလောင်းလောင်း၊ ကိုမျိုးမင်းအောင်-မသင်းသင်းဆွေ(ကြည်နူးဖိတ်စာ)၊ ကိုရန်ပိုင်အောင် (3rd Engineer JSM Co.,Ltd.)၊ မနှင်းသီသီအောင်(Final Part II၊ ဆေး-၁)၊ မောင်ကောင်းပြည့်စုံ(Grade-8D,TTC)၊ မအိမ့်မြတ်မှူး(Grade-4C,TTC)တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၀နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၅/၃၇၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်လတ်(ခ)ဦးဘိုခဲ (ထားဝယ်)
တောအုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ထားဝယ်မြို့
အသက်(၇၆)နှစ်

ထားဝယ်မြို့၊ ကညံ့ရပ်၊ ဒါနလမ်းခွဲ၊ အမှတ်(၄၄၇)နေ (ဦးလူလူ-ဒေါ်လှမေ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးသစ်တုန်း-ဒေါ်ဖွားကြည်)တို့၏သားသမက်၊ အမှတ်(၂၈၅)၊ ကညံ့ရပ်၊ ဒါနလမ်းနေ (ဒေါ်စန်းမူ)၏ခင်ပွန်း၊ [ဦးဘိုမောင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)]-ဒေါ်သန်းနွဲ့တို့၏ညီ၊ [ဦးတင်ငွေ(ကုန်သွယ်/လယ်ယာ)]-ဒေါ်အင်ကြည်(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)၊ ဆရာမဒေါ်အေးအေးသန်း(အထက-၃၊ ထားဝယ်-ငြိမ်း)၊ ဦးမောင်မောင်သန်း(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)-ဆရာမ ဒေါ်မြသန်း(အထက-၁၊ ထားဝယ်-ငြိမ်း)တို့၏အစ်ကို၊ ဦးအောင်မိုးလတ်(တောအုပ်ကြီး၊ သစ်တောဦးစီးဌာန၊ ပျော်ဘွယ်မြို့)-ဒေါ်ညိုညိုသိမ့်၊ ဦးကျော်စိုးလတ်(R.S Computer Centre)-ဒေါ်ရီရီစိုး၊ ဦးသောင်းတိုးလတ်-ဒေါ်ယဉ်ယဉ်ခိုင်မင်း၊ ဦးဇေယျာလတ်-ဒေါ်မြမြစန်း၊ ဦးမိုးလွင်(ELPL-ကန်ဘောက်)-ဒေါ်စုသီရိလတ်၊ ဒေါ်ယမင်းဖြူဖြူလတ်(ခရိုင်သစ်တောဦးစီးဌာန-ကော့သောင်းမြို့)၊ ဦးကျော်လင်းအောင် -ဒေါ်ဇွန်ဏီလတ်တို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းဝင်း
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဒေါ်ချိုချို၏ခင်ပွန်း၊ ဦးဝင်းခိုင်-ဒေါ်ခင်ချိုဝင်း၊ ဒေါ်စန္ဒာ၊ ဒေါ်စန္ဒီဝင်း၊ ကိုခိုင်စိုးရတို့၏ဖခင် မောင်သုခန့်အောင်(ILBC P3)၊ မောင်မင်းခန့်တို့၏ အဘိုး ဦးထွန်းဝင်းသည် ၁၀-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆန်းလင်း-ဒေါ်ချိုချိုအောင်မိသားစု(ရန်ကုန်မြို့)

ဂူးဂူး(ခ)ဦးနိုင်ထွန်းဦး
TUN YAUNG CHI CO.,LTD. Managing Director
အသက်(၅၇)နှစ်

အင်းစိန်မြို့နယ်၊ ရွှေပြည်အေးလမ်းနှင့် လမ်းသစ်လမ်းထောင့်(တော်ဝင်အိမ်ရာ)၊ ခြံအမှတ် ၉၆Dနေ (ဦးသောင်းတင်)-ဒေါ်ကျင်မြိုင်တို့၏တတိယသား၊ (ဦးအေး-ဒေါ်ချွေးမ)တို့၏သားသမက်၊ ဒေါ်မြမြအေး(ထွန်းရောင်ခြည်ပွဲရုံ)တို့၏ခင်ပွန်း၊မောင်ဇော်ဝင်းထွန်း၊ မောင်ကျော်ကျော်တို့၏ဖခင်သည် ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဂူးဂူး(ခ)ဦးနိုင်ထွန်းဦး
TUN YAUNG CHI CO.,LTD. Managing Director
အသက်(၅၇)နှစ်

အင်းစိန်မြို့နယ်၊ ရွှေပြည်အေးလမ်းနှင့် လမ်းသစ်လမ်းထောင့်(တော်ဝင်အိမ်ရာ)၊ ခြံအမှတ် ၉၆Dနေ (ဦးသောင်းတင်)-ဒေါ်ကျင်မြိုင်တို့၏တတိယသား၊ ကျူဇင်ကတ်(ခ)ဦးဘမောင်၏အစ်ကို၊ ကျူစွီရောက်(ခ)ဒေါ်စန်းစန်းရီ-ဦးစံဟိုး၊ ကျူခစ်ချောင်း(ခ)ဦးတင်ထွန်း-ဒေါ်အေးအေးခင်၊ ကျူစွီဟာ(ခ)ဒေါ်အုန်းရီ-ဦးစိုးမြင့်တို့၏ ညီ/မောင်၊ ကျူခစ်စိန်(ခ)ဦးမျိုးထွန်းဦး-အင်ကျင်းကျင်း (ခ)ဒေါ်ကြူကြူတို့၏တတိယအစ်ကို၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်၄း၀၅ နာရီတွင်ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ၈/FMI အိမ်ရာ၊ မြေကွက် ၁၅၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးချင်ရှုထွန်း၊ ဒေါ်တင်တင်အေး(ခ)ဒေါ်တင်တင်ဝင်း ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၅၉၇၂/၂၀၁၁)တင်ပြ၍ ဦးဝေယံမင်းလွင် ၁၂/လသယ(နိုင်)၀၆၇၇၄၁၊ ဦးသော်ဇင်ဦး ၁၂/လသယ(နိုင်)၀၆၇၇၆၅၊ ဦးမင်းထူးဖုန်း ၁၂/လသယ(နိုင်)၀၆၇၇၆၆၊ ဒေါ်ရွှေစင်သန့် ၁၂/လသယ(နိုင်)၀၇၀၈၈၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ H၊ မြေကွက်အမှတ် ၃၅၄၊ မြေကွက်တည်နေရာအမှတ် ၂၁၊ ဗိုလ်ဉာဏလမ်း၊ ဗဟန်းမြို့နယ်(ဦးအောင်ကြည်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေ အမည်ပေါက် ဦးအောင်ကြည်မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၂၀၅/ ၃-၉-၁၃)ဖြင့် ပိုင်ဆိုင်သူ ဦးတင်စိုး ၁၂/သလန(နိုင်) ၀၀၄၈၉၇၊ ဦးသန်းငွေ ၁၂/ဗဟန(နိုင်) ၀၄၄၇၃၄၊ ဦးခင်မောင်မြတ် ၁၂/ဗဟန(နိုင်)၀၃၇၂၀၇၊ ဒေါ်ခင်စန္ဒာစိုး ၁၂/ဗဟန(နိုင်)၀၄၀၆၁၁တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၆၁၈/၂၉-၈-၂၀၁၃)ရသူ ဒေါ်နန်းအောင်မြ ၁၃/မဆတ(နိုင်)၀၀၁၉၀၃ မှ ၂၀၁၃ ခုနှစ် အရောင်းအဝယ်မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့် Power မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း
ကိုကျော်စိုးလှိုင်
အသက်(၂၈)နှစ်

၃၀-၇-၂၀၁၄ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်သော ကိုကျော်စိုးလှိုင် အသက်(၂၈)နှစ်အား Bangkok Airways လေယာဉ်ပေါ်၌ စေတနာမေတ္တာဖြင့် ကူညီပေးခဲ့သော ဆရာဝန် (ဂျာမနီနိုင်ငံ)နှင့် ခရီးသည်များ၊ လေယာဉ်ဝန်ထမ်းများ၊ ချင်းမိုင်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ပေးခဲ့သော လေယာဉ်မှူးများ၊ Chiang Mai Maharaj Nakorn Hospital (Suan Dok) ဆေးရုံမှ ဆရာဝန်များနှင့် တာဝန်ရှိသူများ၊ အထူးသဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ခွင့်ပြုချက်နှင့် လိုအပ်သည်များကို ကူညီပေးခဲ့သော ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးထွန်းအေးနှင့် ကိုထွန်းထွန်းအောင်တို့အားလည်းကောင်း၊ ချင်းမိုင်မြို့မှ ဗန်ကောက်မြို့၊ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့လေကြောင်းဖြင့် သယ်ဆောင်နိုင်ရန် ကိစ္စအဝဝ အစမှအဆုံး ကူညီဆောင်ရွက်ပေးခဲ့သော ချင်းမိုင်မှ ဒေါ်မီမီးအားလည်းကောင်း၊ ချင်းမိုင်မြို့ရှိ ဝပ်ဆိုင်မွန်း(မြန်မာဘုန်းတော်ကြီးကျောင်း)မှ ဆရာတော် ဦးကောဏ္ဍညနှင့် သံဃာတော်များအားလည်းကောင်း၊ Bangkok Airways မှ ဝန်ထမ်းနှစ်ဦးဖြစ်သော Mr.Pakpoom Varaha နှင့် Mr.Noppharat တို့အားလည်းကောင်း၊ ကိုရဇာမြင့်၊ မနန်းစမ်ဟွမ်၊ မနန်းမွေဖောင်နှင့် အဘက်ဘက်မှအစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသူများအားလည်းကောင်း၊ ရန်ကုန်မြို့သို့ရောက်စဉ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဒုရဲမှူး တင်မောင်ဝင်း(ရန်ကုန်လေဆိပ်သတင်းတပ်ဖွဲ့)၊ ဒုရဲအုပ်အောင်မင်းသွေး(ရန်ကုန်တိုင်းသတင်းတပ်ဖွဲ့)၊ အန်ကီမကြူသန်းနှင့် ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မန္တလေးမြို့ ချမ်းမြသုခနာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများအားလည်းကောင်း၊ ၂၉လမ်း၊ ၈၂×၈၃လမ်းကြား၊ ခက်ရှူးချင်ကြီ တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်းမှ တာဝန်ရှိသူများ၊ လူကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးခဲ့သူများ၊ ဖုန်းဖြင့် နှစ်သိမ့်အားပေးခဲ့သူများ၊ အေးရိပ်ငြိမ်သုသာန်သို့ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန် ဒါယိကာမကြီး

ဒေါ်စောမြိုင် (ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်)

အသက်(၈၆)နှစ်

(ဦးအောင်ဖြူ-ဒေါ်မြရီ)တို့၏သမီး၊(ဦးအောင်ရွှေ-ဒေါ်အုန်းမေ)တို့၏သမီးချွေးမ၊ အမှတ် ၈၅၀၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပနေ (ဦးဘအုန်း)၏ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း)-ဒေါ်မြင့်မြင့်ကြည်၊ ဦးဆန်းအောင်(စီမံကိန်းညွှန်ကြားရေးမှူး)(တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ သစ်တောဦးစီးဌာန)-ဒေါ်စန်းစန်းနွယ်၊ ဦးသန်းကြည်-ဒေါ်နုနုစိန်တို့၏မိခင် ဒေါ်စောမြိုင် အသက်(၈၆)နှစ်သည် ၁၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင်ကြီး ဒေါ်တင်ထွေး အသက်(၈၆)နှစ်သည် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း-ဇနီး
ဒေါက်တာဒေါ်ငွေငွေငြိမ်း မိသားစုနှင့်
အားကစားဝန်ကြီးဌာနမှဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ပို့ (မော်ကျွန်း)

(၄၈)မိုးကုတ်ယောဂီ

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ် ၁၇၈နေ (ဦးစစ်ကောင်း-ဒေါ်စော)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ စာရေးဆရာမ ဒေါ်တိုးတိုး၏ညီမ၊ (ဦးကြည်ဝင်း)-ဒေါ်မာမာဦး၊ ဦးသက်တင်-(ဒေါ်မာရီဆန်း)၊ ဦးသိန်းဇံ-ဒေါ်မို့မို့အောင်၊ ဦးသက်အောင်-ဒေါ်ဝါဝါဝင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(အထူးကြပ်မတ်ကုသဆောင်)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးဒေါ်လှိုင်ကြင်(ငြိမ်း)

(တပ်မတော်မှတ်တမ်းရုံး) (မော်လမြိုင်မြို့)

အသက်(၇၇)နှစ်

မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်၊ တောင်ဝိုင်းလမ်း၊ ခြံအမှတ်(၁၇-က)၊ အမှတ် ၂၈နေ(ဦးအေးကုတ်-ဒေါ်ကျင်စိန်)တို့၏သမီး၊ မိတ္ထီလာမြို့နေ (ဦးအုန်းရွှေ)-ဒေါ်ခင်ကြည်တို့၏သမီးချွေးမ၊ ဒု-အရာခံဗိုလ်ဦးစိန်လှိုင်(ငြိမ်း)၏ဇနီး၊ (ဦးလှိုင်ဆွေ့-ဒေါ်ကျင်တီ)၊ (ဦးတင်ဝင်း)-ဒေါ်ကျင်မလှိုင်၊ ဒေါ်တင်တင်မြင့်တို့၏ညီမ၊ မိတ္ထီလာမြို့နေ ဦးဝင်းမောင်(လက်ထောက်စက်ရုံမှူး၊ ငြိမ်း)-ဒေါ်မြလေး(အလုပ်ရုံခွဲမှူး၊ငြိမ်း)၊ ဦးမျိုးညွန့်-ဒေါ်ဝင်းကြိုင်၊ ဒေါ်နှင်းနှင်း၊ ဦးသိန်းဟန်၊ ဒေါ်စန်းစန်း၊ ဦးအောင်ကိုဆန်း၊ ဦးဇော်ဝင်းနိုင်တို့၏အစ်မ/ညီမ၊ တူ/တူမခုနစ်ယောက်တို့၏အဒေါ်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၁၄-၈-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ဝဝး၀၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ညွန့်ရီ(မုဒုံ) အထပြ(ငြိမ်း)

အသက်(၆၂)နှစ်

မုဒုံမြို့နေ (ဦးထွန်းမောင်-ဒေါ်သန်းစိန်)တို့၏သမီးကြီး၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ (ဦးစိန်လွန်း-ဒေါ်မြညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(တောင်)၊အောင်စကြာလမ်း၊ အမှတ် ၄၀၇/ကနေ ဦးချစ်လွင်(ဦးစီးအရာရှိ၊ ငြိမ်း၊ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)၏ဇနီး၊ မောင်နန်းဦး-မချိုသက်လွင်၊ မောင်လွင်ဇော်မျိုး-မဇင်မာအေးဟန်၊ မောင်လွင်အောင်မျိုးတို့၏မိခင်သည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထွန်းမြကျော်

(စစ်တွေမြို့)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံ ၃လမ်း၊ အမှတ် ၇၇၅(ခ)နေ ဒေါ်လှယဉ်နု(ကျန်းမာရေးမှူး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်လှိုင်လှိုင်ဝင်း-ဦးသိန်းထွန်းဦး၊ ဦးစောလှိုင်ဘွား-ဒေါ်စပယ်ခိုင်၊ (ဦးစောနိုင်ဘွား)၊ ဦးစောညီညီ၊ ဦးစောပိုင်ဘွား-ဒေါ်ခင်ဖြိုးဝေ၊ ဦးစောအောင်ဘွား - ဒေါ်ဇာနည်ဝင်းသောင်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက် (သောကြာနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

ဟာဂျီမိုဟမ္မဒ်ကေဖာယသွလ္လာ(ခ)

ဦးဘထွန်း

R.M.S Foreign Post (ငြိမ်း)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အမှတ် ၇၊ သီရိမာလာလမ်းနေ (ဟာဂျီ ရှဗီအွလ္လာဟ်-ဟာဂျီမရှဟရ်ဘာနူး)တို့၏သား၊ ဆရာကြီးအလ်ဟာဂျီမိုဟမ္မဒ်ဟေဒါယသွလ္လာဟ် (ဟဒီးစ်ပါမောက္ခချုပ်၊ တာမွေ)၏ညီ၊ ဟာဂျီမဟွစ်(န)အာရာဘာနူး-ဟာဂျီမ ရရှီဒဟ်ဘာနူး၊ ဟာဂျီ မိုဟမ္မဒ်ဝေလာယသွလ္လာဟ်(ခ)ဦးအေးလွင် - ဟာဂျီမတွာဟေရဟ်ဘာနူးတို့၏ အစ်ကို၊ ဟာဂျီမ ခဒီဂျဟ်ဘီဘီ(ခ)ဒေါ်ခင်တီ၏ခင်ပွန်း၊ သားသမီး ငါးယောက်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၈-၂၀၁၄ရက်(တနင်္လာနေ့) ဇုဟိုရ်နမားဇ်အပြီး မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးစွန္နီ ကဘာရ်စတာန် ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အင်ကြည်(ထားဝယ်) စွန်းလွန်းယောဂီ

အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်နေ (ဦးဘသိန်း-ဒေါ်သင်းမေ)တို့၏သမီး၊ (ဗိုလ်ကြီးမောင်တင်)၏ဇနီး၊ ဦးတင်စိန်(တရားလွှတ်တော် ရှေ့နေ) - (ဒေါ်ခင်လှနွယ်၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏မိခင်၊ ဦးအောင်ကျော်စိုး (ဒုတိယရေကြောင်းအင်ဂျင်နီယာ)-ဒေါ်ထိုက်ထိုက်ခင်၊ ဗိုလ်ကြီးကျော်သူစိုး(ငြိမ်း)(First Officer, Air Bagan Ltd.)-ဒေါ်သီတာမျိုး၊ ဒေါ်ယဉ်ယဉ်နွယ်စိုး (Myanmar Treasure Resorts) တို့၏အဘွား၊ မဆုနှင်းထက်၊ မစိုးရတနာထက်၊ မစိုးရတနာအောင်တို့၏ဘွားဘွားကြီးသည် ၁၄-၈-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မယေ (ကျောက်ဖြူ-စနဲ)

အသက်(၉၀)

(ဦးရွှေလှ)၏ဇနီး၊ ဒေါ်ခင်စောရွှေ-ဦးလှရွှေ၊ (ဒေါ်ခင်ကြည်)၊ ဒေါ်ခင်ခင်မြ-ဦးရွှေထင်(အမှုဆောင်အင်ဂျင်နီယာ၊ MOGE)၊ ဦးခင်ဖေ(5-DI)-ဒေါ်သန်းနွဲ့၊ ဒေါက်တာခင်မောင်လှ(ဒဿနိကဗေဒ)-ဒေါ်ဖြူဖြူမာတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက် ၃၀၊ ငါးလွှာ(ဘီ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၈-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်အကြိုင် (ဇာသပြင်၊ မော်လမြိုင်) အသက်(၈၅)နှစ် နာရေးကြော်ငြာတွင် **(ပါမောက္ခ ဒေါက်တာခင်ဇော်-ပါမောက္ခ ဗိုလ်မှူးကြီးကေသီထွန်း)အစား ပါမောက္ခ ဒေါက်တာခင်ဇော်-ပါမောက္ခ ဗိုလ်မှူးကြီးကေသီထွန်း**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ပို့(မော်ကျွန်း) (၄၈)မိုးကုတ်ယောဂီ

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ် ၁၇၈နေ (ဦးစစ်ကောင်း-ဒေါ်စော)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ စာရေးဆရာမ ဒေါ်တိုးတိုး၏ညီမ၊ ဦးဌေးဝင်း-ဒေါ်တင်တင်မြင့်၊ (ဦးဝင်းမောင်)-ဒေါ်ယဉ်ကြည်၊ ဦးစိုးလွင်-ဒေါ်ဖြူဖြူဝေ၊ ဦးမြတ်သူ၊ ဦးညိုဝင်း၊ ဦးအောင်မင်းသိန်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးသိန်းဝင်း၊ ဒေါ်ဖြူဖြူငြိမ်း၊ ဦးတင်ဝင်းလှိုင်-ဒေါ်ရီရီအောင်၊ ဦးကိုကိုလင်းတို့၏အဒေါ်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(အထူးကြပ်မတ်ကုသဆောင်)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထွန်းလွင်

လ/ထမန်နေဂျာ၊ ဆသရ(ငြိမ်း)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက် ၃၃၊ အခန်း 1/B နေ (ဦးအုန်းမောင်-ဒေါ်ရွှေဆင့်)တို့၏သား၊ ခရမ်းမြို့နေ(ဦးမောင်ဆိုင်)-ဒေါ်တင်လှတို့၏သားသမက်၊ ဒေါ်ကျင်ရွှေ၏ခင်ပွန်း၊ ဒေါ်အိဖြူဖြူထွန်း(လ/ထမန်နေဂျာ၊ သမဝါယမဦးစီးဌာန)၊ ဒေါ်သူဇာထွန်း(လ/ထမန်နေဂျာ၊ ငွေစာရင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၊ ဗိုလ်အောင်သက်ထွန်းတို့၏ဖခင်၊ ဦးသန်းဝင်း-ဒေါ်ရွှေမြိုင်၊ (ဦးအောင်မြင့်)တို့၏ညီ/မောင်၊ ဦးလှမြင့်-ဒေါ်ခင်သန့်ဇင်၊ (ဦးသန်းနိုင်)၊ ဒေါ်စိုးစိုးမြင့်(အထက-၄၊ ကမာရွတ်)၊ ဒေါ်ရင်ရင်ထွေးတို့၏အစ်ကိုသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးရွှေဟိုး (မအူပင်)

အသက်(၇၉)နှစ်

မအူပင်မြို့၊ ကမ်းနားတာပြင်၊ (၅)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၈၇နေ (ဦးပု-ဒေါ်ပု)တို့၏သားကြီး၊ (ဦးအင်ဟုတ်-ဒေါ်ဝါရင်း)တို့၏ သားသမက်၊ ဒေါ်လွမ်း၏ခင်ပွန်း၊ ဦးအေး-ဒေါ်တင်တင်တို့၏မောင်၊ ဦးအော်ခါး-(နော်တပိုးတာ)၊ ဦးကျော်လွင်-ဒေါ်ခင်ယုမြင့်၊ ဦးဝင်းလွင်-ဒေါ်ဖြူဖြူ [ဒေါ်လှမြင့်(ခ)အပွေး]၊ ဦးယုံမင်း-ဒေါ်ချင်ဝေ့တို့၏အစ်ကိုကြီး၊ ဦးစိုးဝင်း-ဒေါ်မိုးမိုး၊ ဦးဇော်ဝင်း(USA) - ဒေါ်ခင်ဆွေလတ်(USA)၊ဦးလှဝင်း-ဒေါ်ဝါဝါဦး၊ဦးဇော်မင်းဦး(USA) - ဒေါ်ခင်ခင်ရီ(USA)၊ ဦးဇော်လင်းဦး - ဒေါ်ခင်ယင်းမာတို့၏ဖခင်၊တူ၊တူမ၁၈ယောက်တို့၏ဦးလေး၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်၇နာရီတွင်ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ပြည်လမ်း၊အမှတ် ၂၇၀(၂-က) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(စမ်းချောင်းနေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ စမ်းချောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းနွယ်(ခ)

ဒေါ်အေးလှ (စစ်တွေ)

အထပြ၊ အထက(၂)ဒဂုံတောင်

အသက်(၄၅)နှစ်

စစ်တွေမြို့၊ မင်းဘာကြီးလမ်း၊ ဆင်ကူးလမ်းရပ်ကွက်နေ (ဦးအောင်ကျော်ဖြူ)-ဒေါ်မနုဖြူတို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၃၂၈/B၊ ပထမထပ်နေ ဦးမြသိန်း၊ ဒေါ်ဦးတင်အေး၊ဦးတင်အောင်-ဒေါ်လှလှဝင်း (Royal Sun Co.,Ltd.)၊ (ဦးအောင်သန်းတင်)-ဒေါ်မြမြသန်း၊ ဒေါ်အောင်သန်း(ခ)ဒေါ်မချော (ကထိက၊ ပထဝီဝင်ဌာန၊ ပဲခူးတက္ကသိုလ်)တို့၏ညီမ၊ ဦးခင်မောင်အေး(ခ)ဦးဆန်းအောင်၏အစ်မ၊ မောင်စိုးသူအောင်-မစန္ဒီကျော်(Royal Sun Co., Ltd.)၊ မောင်ကောင်းပြည့်စုံ(ခေတ္တ-ဩစတြေးလျ)၊ မောင်ကျော်မင်းချေ-မမြတ်ဝိုင်းသူ၊ မစုမြတ်ဖြိုးတို့၏အဒေါ်၊ မရှင်မချေ၏အဘွားလေးသည် ၁၄-၈-၂၀၁၄ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ

ဦးအုန်းကြည်(မော်လမြိုင်မြို့)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၃၀၊ မြေညီ၊ သိမ်ဖြူလမ်းနေ(ဒေါ်မြသင်)၏ခင်ပွန်း၊ ဦးခင်မောင်ထွန်း - ဒေါ်ကြည်ကြည်သန်း၊ (ဦးသန်းထွန်း)-ဒေါ်ခင်အုန်းသန်း၊(ဦးတင်ကြိုင်)-ဒေါ်မြင့်မြင့်အေး၊ (ဦးခင်မောင်လတ်) - ဒေါ်တင်တင်စိန်၊ ဦးဝင်းမြင့်-ဒေါ်ခင်ခင်ထူး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဦးမင်းသိန်းထွန်း - ဒေါ်ခင်ခင်ဌေး၊ (ဦးကိုကိုထွေး)တို့၏ဖခင်၊ မြေး ၂၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည်၁၄-၈-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ဝဝး၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရွှေကြေး (ပုသိမ်)

အသက်(၈၇)နှစ်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၀၂၂နေ (ဦးရွှေရင်-ဒေါ်စောရင်)တို့၏သား၊ (ဒေါ်မြခင်)၏ခင်ပွန်း၊ ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)ရာသက်ပန်အသင်းဝင် အမှုဆောင်နာယကကြီး ဦးရွှေကြေးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ခင်လှ(ခ)

ဒေါ်ညို (ဇဟန်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဇဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဇဟန်း ၂လမ်း၊ အမှတ် ၈နေ (ဦးမောင်ကြီး-ဒေါ်မြမေ)တို့၏သမီးထွေး၊(ဦးလှတင်)၏ဇနီးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ခင်လှ(ခ)

ဒေါ်ညို (ဇဟန်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဇဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဇဟန်း ၂လမ်း၊ အမှတ် ၈နေ ဦးကိုကို - ဒေါ်ဝင်းမြင့်(ခ)ဒေါ်ဖြူဖြူ၊ ဦးသန်းဦး - ဒေါ်နီနီတင်တို့၏ မိခင်၊ ကိုဖြိုးဝေတင် - မကြည်သာမြင့်၊ ကိုထွန်းထွန်း-မယုဇနတင်၊ မတင်ဇာဝင်းတို့၏အဘွား၊ မဆုဝတီထွန်း၏ဘွားဘွားကြီးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ငွေရင်

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ အမှတ် ၂၊ ငွေပြည်သာ ၁ လမ်းနေ (ဦးဖိုးပိန်-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ (ဒေါ်အိ)၊(ဦးလှမောင်)၊(ဦးကြည်ဝင်း)တို့၏ညီမ၊ (ဦးချစ်လွင်)၏ဇနီး၊ ဦးဟန်ဝင်းအောင်၊ ဦးဝေလွင် - ဒေါ်ဖုဏ်းကလျာ၊ ကိုမင်းကျော်ဝေ၊ ကိုရွှေလင်းအောင်တို့၏မိခင်၊ မချောသီရိခိုင်၏အဘွားသည် ၁၄-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၄ရက် (စနေနေ့)နံနက် ၉း၄၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယကာကြီး

ဦးဟိုးကြီး(ခ)ယူဟုန်ခိုင်(ခ)ဦးမောင်ခိုင်

ဥက္ကဋ္ဌ(ခင်တျမ်းဘုရားကျောင်း)၊ ဒုဥက္ကဋ္ဌ(ကျန့်တိတ်ဘုရားကျောင်း)

စိန်မြားကြာဆံစက်၊ သုံးခွမြို့

အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်း၊ အမှတ် ၉၅နေ ဒေါ်ညွန့်တင်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးစိန်ငွေ-ဒေါ်အေးမြင့်၊ ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ကြည်(Laser Media)၊ ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့်-ဒေါ်မြင့်ကြည်၊ ဦးထွန်းရွှေ-ဒေါ်ဇင်အေးခိုင်၊ ဦးဘိန်း-ဒေါ်တင်တင်ခိုင်၊ ဦးရီမောင်-ဒေါ်ဇင်ငွေးခိုင်(အောင်စကြာထီဆိုင်)၊ ဦးအောင်ဝင်း၊ ဒေါ်နွယ်နွယ်ခိုင်၊ ဦးကိုကို-ဒေါ်ခိုင်အေးမာ(စိန်ရတီဇာဘော်လီ)၊ ဦးဇော်ထွန်း-ဒေါ်ဇင်လင်းခိုင်(Mobile Bank)၊ ဦးသန်းတင့်-ဒေါ်ခိုင်ယဉ်မွန်ထွေးတို့၏ဖခင်ကြီး၊ မြေး ၂၄ယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယကာကြီး

ဦးဟိုးကြီး(ခ)ယူဟုန်ခိုင်(ခ)ဦးမောင်ခိုင်

ဥက္ကဋ္ဌ(ခင်တျမ်းဘုရားကျောင်း)၊ ဒုဥက္ကဋ္ဌ(ကျန့်တိတ်ဘုရားကျောင်း)

စိန်မြားကြာဆံစက်၊ သုံးခွမြို့

အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်းနေ (ဦးတစ်လာ-ဒေါ်ကြူး)တို့၏မြေး၊ (ဦးအော်ဟစ်-ဒေါ်ရှို့)တို့၏သားကြီး၊ (ဦးတွာခန်း-ဒေါ်ကွီရာ)တို့၏တူ၊ (ဦးအဟိုက်)-ဒေါ်စွန်တီ၊ (ဦးကျင်မိုး-ဒေါ်တင်ဥ)တို့၏အစ်ကိုကြီးသည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်ဖေ(ကင်းမော်ရွာ၊ သံတွဲမြို့) အသက်(၈၀)

(မိုး/ဇလ၊ ငြိမ်း)

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ကင်းမော်ရွာနေ(ဦးလှထွန်းအောင်-ဒေါ်မိဆိတ်)တို့၏သား၊ (ဦးမောင်ဘ-ဒေါ်ဇကလေး)တို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်၊ ခရေလမ်း၊ အမှတ် ၅/၂/၁၅နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ သံတွဲမြို့၊ ကင်းမော်ရွာနေ (ဒေါ်အုံးခင်-ဦးသိန်းတင်)၊ ဒေါ်အုန်းတင်တို့၏မောင်၊ ဦးသိန်းနိုင်-ဒေါ်ကြည်ကြည်၊ (ဦးမောင်ညိမ်း-ဒေါ်အုန်းကြည်)တို့၏အစ်ကို၊ (ဦးမြင့်စိုး-ဒေါ်ဌေးဌေး)၊ ဦးဝင်းမြင့်၊ ဦးဉာဏ်လင်း-ဒေါ်လွင်လွင်ဦး၊ ဦးအောင်ထူးနိုင်-ဒေါ်အေးအေးမာ၊ ဦးသန်းစိုး-ဒေါ်ခင်လေးနိုင်၊ ဦးကျော်ဝင်းနိုင်-ဒေါက်တာခိုင်ခိုင်လင်း၊ ဦးစိုးဝင်းထွန်း-ဒေါ်ခိုင်မိုးဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၄-၈-၂၀၁၄ရက် နံနက် ၁၁း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းသိန်း

(ရုံပိုင်ကြီး၊ ငြိမ်း)

အသက်(၇၁)နှစ်

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]		[illegible]					[illegible]
	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible] Furniture	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ

Triple 'A' Cement Int'l Co.,Ltd. ရုံးခွဲ

လိပ်စာပြောင်းလဲဖွင့်လှစ်ခြင်း

ယခင်အမှတ် ၉၀၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်မှ ခြံအမှတ် ၉၊ သီရိမင်္ဂလာ ၁ လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဖုန်း-၀၁-၂၃၀၆၂၃၈၊ ၀၁-၂၃၀၆၂၃၉တို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်းနှင့် ကုမ္ပဏီကိစ္စအဝဝကို ဤလိပ်စာနှင့် ဖုန်းနံပါတ်တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/1284၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးသန်းထွန်း ၇/ရတရ(နိုင်) ၀၀၅၃၉၅ (မှ)	ဒေါ်ကြူကြူအေး ၁၂/စခန(နိုင်)၀၁၂၈၄၂	တိုက်အမှတ် ၈၊ အခန်းအမှတ် ၄၂၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးငွေးမြင့် EMGI-၁၀၇၉၆၀ ယုဇနဆောက်လုပ်ရေး(မှ) ဦးဝင်းလှိုင် ၁၃/ကမန(နိုင်)၀၀၀၁၇၁(မှ) ဦးကြည်လင်း ၁၂/လသန(နိုင်)၀၀၇၀၇၄(မှ)	မနန်းအားကိုက် ၁၃/လခန(နိုင်)၀၃၉၇၂၂	တိုက်ခန်းအမှတ်(၇၂၁) ခုနစ်လွှာ၊ညောင်ပင်လေးဈေးအိမ်ရာ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့် လမ်းမတော်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်၁၈၊ ဦးပိုင်အမှတ် ၆၆ မြေဂရန်သည် ဒေါ်ဒွဲရာ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်ကို ဗန်းမော်မြို့၊ သာစည်ရပ်ကွက်နေ အစ်မဖြစ်သူ ဒေါ်လုလု(ခ)လုကြည်က ဒေါ်ဒွဲရာထံမှ လွန်ခဲ့သော ၃၂ နှစ်မှစ၍ နှုတ်ကတိဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်လုလု(ခ)လုကြည်က ချွေးမဖြစ်သူ ဒေါ်ဆိုင်းမွန်းသို့ လွှဲပြောင်းပေးအပ်ထားပါသည်။ ယင်းမြေကွက်ကို ဒေါ်ဒွဲရာအမည်မှ ဒေါ်လုလု(ခ)လုကြည်၏ချွေးမ ဒေါ်ဆိုင်းမွန်း အမည်သို့ တရားဝင်အမည်ပေါက် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အမည်လွှဲပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆိုင်းမွန်း
သာစည်ရပ်ကွက်၊ ဗန်းမော်မြို့

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

[illegible]

[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၉	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ရွှေပြည်သာမြို့နယ် တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၀

ဒေါ်ခင်ဌေးဌေးဝင်း နှင့် ဦးစိန်ဝင်း ပါ(၂)
တရားလို တရားပြိုင်များ

ရွှေပြည်သာမြို့နယ်၊ (၅/၁)ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊အမှတ် ၂၄၀နေ ဦးစိန်ဝင်းပါ(၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ခင်ဌေးဌေးဝင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စံသိန်း)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး

[illegible]

[illegible]

[illegible]

[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁–၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁–၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

မြန်မာ့အလင်း

ဂျာနယ်စီးပွားကြေးကစား

၂၀၁၄ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

ပန်းဆိုးတန်းလမ်းမှ နန်းသီတာဆိပ်ကမ်းသို့ ဆက်သွယ်ထားသည့် စက်လှေကားတပ် လူကူးခုံးကျော်တံတား တည်ဆောက်နေ

စာ - ၃

လူမှုစီးပွား

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ

စာ - ၆

ပရီမီယာလိဂ်ရဲ့ချန်ပီယံစစ်တမ်း

စာ - ၂

ပြီးခဲ့တဲ့ရာသီက ချန်ပီယံဖြစ်ခဲ့တဲ့ မန်စီးတီး။ အခြားအသင်းတွေ အသင်းအင်အားကို အပြင်းအထန်ဖြည့်တင်းနေတဲ့အချိန် အေးဆေးသက်သာပဲရှိနေတယ်။ ဒါပေမယ့် ရာသီအစပြိုင်ပွဲ မလာခင် ရက်ပိုင်းမှာပဲ ပေါ်တိုအသင်းရဲ့ ခံစစ်မှူး မန်ဂါလာကို ပရီမီယာလိဂ်ရဲ့ နောက်တန်းခံစစ်မှူးခေါ်ယူခဲ့မှုမှာတော့ စံချိန်သစ်တင်သွားခဲ့ရတဲ့ ပြောင်းရွှေ့ကြေး ၃၂ သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ ဒါဟာ မန်စီးတီးအသင်းအတွက်တော့ ဒီနှစ်နွေရာသီမှာ ပေါ်တိုအသင်းကနေ ဒုတိယမြောက်ခေါ်ယူလိုက်တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ပထမခေါ်ယူထားခဲ့တဲ့ ကစားသမားကတော့ ကွင်းလယ်ကစားသမား ဖာနန်ဒိုပါပဲ။ မန်ဂါလာကိုခေါ်ယူမှုဟာ မန်စီးတီးအသင်းအတွက် လက်ရှိနွေရာသီဈေးကွက်မှာတော့ ငါးဦးမြောက် ကစားသမားဖြစ်ပါတယ်။

မိုးပြာရောင်တပ်သားသစ် မန်ဂါလာ

■ အောင်က ■

မန်ဂါလာ

မန်စီးတီးအသင်းအနေနဲ့ကလည်း ပြီးခဲ့တဲ့ ရာသီကတည်းက အသင်းရဲ့ ကစားသမားစုဖွဲ့မှု အင်အားက အကောင်းဆုံးရှိနေခဲ့တဲ့ အသင်းပါ။ ဒါပေမယ့် လက်ရှိပရီမီယာလိဂ်အသင်းတိုင်းအတွက် အရေးကြီးဆုံးကစားသမားလိုအပ်မှုက နောက်တန်းခံစစ်ပိုင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပရီမီယာလိဂ်မှာတော့ နောက်တန်းခံစစ်မှူးတွေရဲ့ အခန်းကဏ္ဍက ပိုမိုကြီးထွားလာခဲ့ပါတယ်။ ဒါကြောင့်လည်း ထိပ်တန်းအသင်းကြီးတိုင်းဟာ အသင်းရဲ့ ခံစစ်ပိုင်းနဲ့ ပတ်သက်ပြီး ခံစစ်ကစားသမားတွေကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးတွေ ပေးပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းရဲ့ နောက်တန်းခံစစ်ပိုင်းနဲ့ပတ်သက်ရင်တော့ အင်အားနည်းတဲ့ အသင်းတော့မဟုတ်ပါဘူး။ မန်းစီးတီးအသင်းဟာ လက်ရှိနွေရာသီမှာ အသင်းရဲ့ ခံစစ်မှူးထွက်ခွာသွားမှုကို ကြည့်မယ်ဆိုရင် ဝက်စ်ဘရွန်းအသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ လက်စကော့တစ်ယောက်သာရှိပါတယ်။ လက်ရှိ မန်စီးတီးအသင်းကို ကြည့်မယ်ဆိုရင်လည်း ယခုနွေရာသီမှာခေါ်ယူထားခဲ့တဲ့ ဆက်ဂ်ညာ၊ မန်ဂါလာတို့မပါဘဲ ရှစ်ဦးလောက်ရှိပါတယ်။

ဒါဆိုရင်တော့ မန်စီးတီးအသင်း အနေနဲ့ အခုလောက် နောက်တန်းခံစစ်အင်အားမှာ စုဖွဲ့မှုကောင်းတာတောင် ဘာဖြစ်လို့ နောက်တန်းခံစစ်မှူးတစ်ဦးကို ပရီမီယာလိဂ် စံချိန်တင်ကြေးနဲ့ခေါ်ယူရသလဲဆိုပြီး မေးခွန်းထုတ်စရာတော့ ကောင်းနေပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ၂၀၁၃-၁၄ရာသီကို ကြည့်မယ်ဆိုရင် သိနိုင်ပါတယ်။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်ခဲ့တယ်ဆိုပေမယ့် ပေးဂိုးအနည်းဆုံးအဖြစ်တော့ မရပ်တည်နိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ရာသီက ပေးဂိုးအနည်းဆုံး ရပ်တည်နိုင်ခဲ့တဲ့ အသင်းကတော့ ချယ်လ်ဆီးအသင်းဖြစ်ပြီး မန်စီးတီးအသင်းထက် ပေးဂိုး ၁၀ ဂိုး လျော့နည်းတာ တွေ့ရမှာပါ။ ဒါ့အပြင် ချန်ပီယံလိဂ်မှာတော့ စောစောစီးစီး အိမ်ပြန်ခဲ့ရတယ်။ ဒါကြောင့်လည်း မန်စီးတီးမန်နေဂျာ ပယ်လီဂရီနီအနေနဲ့ အသင်းကို ပရီမီယာလိဂ်ရဲ့အင်အား အတောင့်တင်းဆုံး အသင်းအဖြစ် ရှိလာဖို့အတွက် နောက်တန်းခံစစ်ပိုင်းကို အကောင်းဆုံး အင်အားဖြည့်တင်းနေခြင်းလည်း ဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ရဲ့ နောက်တန်းခံစစ်မှူးဝယ်ယူမှုကို ကြည့်မယ်ဆိုရင် ယခု မန်စီးတီးအသင်းကနေ မန်ဂါလာကို ပေါင် ၃၂ သန်းနဲ့ခေါ်ယူမှုဟာ ပရီမီယာလိဂ်သမိုင်းမှာတော့ ဈေးအကြီးဆုံး နောက်တန်းခံစစ်မှူးအဖြစ်လည်း စံချိန်တင်သွားခဲ့ပါတယ်။ ပရီမီယာလိဂ်ရဲ့ ဒုတိယပြောင်းရွှေ့ကြေး အများဆုံးကစားသမားကတော့ မန်ယူအသင်းက ခေါ်ယူထားခဲ့တဲ့ ခံစစ်မှူး လုခ်ရှောဖြစ်ပါတယ်။ တကယ်တော့ မန်ဂါလာဟာ ပြင်သစ်မှာ မွေးဖွားခဲ့ပေမယ့် ပြင်သစ်စကားကို အဓိက ပြောကြတဲ့ ဘယ်လ်ဂျီယံနိုင်ငံ နာမူမြို့ကလေးကို ငါးနှစ်သားကတည်းက ပြောင်းရွှေ့သွားခဲ့ရပါတယ်။ သူဟာ အဲဒီကိုပြောင်းရွှေ့ခဲ့ရပြီးတဲ့နောက်မှာတော့ နာမူမြို့လေးရဲ့ ကလပ်အသင်းလေးဖြစ်တဲ့ လက်စတင်အသင်းမှာ စတင်ကစားခဲ့ပြီး ၁၃ နှစ်သားမှာတော့ နာမူမြို့ရဲ့ အသင်းဖြစ်တဲ့ ယူအာနာမူ အသင်းမှာ စတင်ပြောင်းရွှေ့ကစားဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီမြို့ကလေးဟာ သူ့အတွက်တော့ ဘောလုံးပညာကို စတင်ခဲ့တဲ့နေရာလို့ ပြောရမှာပါ။

ပရီမီယာလိဂ်စံချိန်တင် ခံစစ်မှူးများပြောင်းရွှေ့မှု	
အမည်	ပေါင်
မန်ဂါလာ	၃၂ သန်း
လုခ်ရှော	၃၁ သန်း
ဖာဒီနန်	၃၀ သန်း
လက်စကော့	၂၂ သန်း
လူးဝစ်ဇ်	၂၁ သန်း

အဲဒီ နာမူအသင်းမှာ သူဟာ တိုးတက်မှုတွေနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် စတန်းဒက်လီဂီအသင်းကနေသူ့ကို မျက်စိကျပြီး သုံးနှစ်စာချုပ်နဲ့ စတင်ခေါ်ယူလိုက်ပါတယ်။ မန်ဂါလာဟာ ကနဦးအစက တိုက်စစ်မှူးတစ်ဦးအနေနဲ့ ကစားခဲ့ပေမယ့် စတန်းဒက်လီဂီကို စတင်ပြောင်းရွှေ့ခဲ့ပြီးတဲ့နောက်မှာတော့ သူ့ရဲ့နေရာနဲ့လုံးဝပြောင်းပြန်ဖြစ်တဲ့ နောက်တန်းဘယ်အစွန်နေရာကို စတင်ကစားခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သူဟာ ဗဟိုခံစစ်နေရာကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာအသင်းမှာတော့ အသက် ၁၇ နှစ်ကျော်အရွယ်မှစတင်ပြီး အရန်အသင်းကနေ အသင်းကြီးမှာပါ ပါဝင်ကစားခွင့် စတင်ရရှိလာခဲ့ပါတယ်။ အဲဒီနောက်သူဟာ အသင်းနဲ့ ငါးနှစ်စာချုပ် ချုပ်ဆိုလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး သူ့ရဲ့တရားဝင်နံပါတ်ရရှိခဲ့ပြီး သူ့ရဲ့ ကျောနံပါတ်ကတော့ ၂၂ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စတန်းဒက်လီဂီဟာ သူ့အတွက်တော့ အောင်မြင်မှုတွေ စတင်ပေါက်ဖွားခဲ့ရာနေရာလို့ ပြောရမှာပါ။

သူဟာ ၂၀၁၁ ခုနှစ်မှာတော့ စတန်းဒက်လီဂီကနေ ပေါ်တိုအသင်းကို ယူရို ၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့ပါတယ်။ သူဟာ ပေါ်တိုအသင်းကို စတင်ရောက်ရှိခဲ့တဲ့ နှစ်မှာတော့ မိုက်ကွန်၊ ရိုလန်ဒို၊ အော်တာမန်ဒီတို့ပြီးမှသာ ပွဲထွက်ကစားခွင့် ရရှိထားခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယရာသီမှာတော့ သူဟာအသင်းမှာ အဓိက ခံစစ်မှူးတစ်ဦးအဖြစ် ကစားခွင့်စတင်ရရှိခဲ့ပါတယ်။ သူဟာ ပေါ်တိုအသင်းမှာ ကစားခဲ့တဲ့ သုံးရာသီအတွင်း ၉၂ ပွဲပါဝင်ကစားပြီး ၁၃ ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအသင်းအနေနဲ့ သူ့ရဲ့ ခြေစွမ်းပိုင်းနဲ့ ပတ်သက်ပြီး သဘောကျခဲ့တာကြောင့် ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာအင်အားဖြည့်တင်းတဲ့အနေနဲ့ ခေါ်ယူထားခဲ့တဲ့ မိုးပြာရောင်တပ်သားသစ် မန်ဂါလာဟာ မန်စီးတီးအသင်းအတွက်တော့ အကောင်းဆုံး နောက်တန်းခံစစ်တံတိုင်းဖြစ်လာမလားဆိုတာကိုတော့ . . . . .

စိတ်ဝင်စားဖွယ်ရာများကြားမှ

မန်ယူရဲ့ အနာဂတ်

ဒီမာရီယာ

ဗန်ဟားလ်အဝင် ပြုပြင်ပြောင်းလဲမှုများနဲ့ မန်ယူ။ ခေတ်သစ်တစ်ခုထုဆစ်ဖန်တီးနိုင်စွမ်း ရှိမရှိဟာ လတ်တလော ထုတ်နုတ်သုံးသပ်ချင်စရာ အကောင်းဆုံးအဖြစ် နက်နက်ရှိုင်းရှိုင်းကို ထိုးထွက်လာတယ်။ အထူးသဖြင့် မန်ယူဟာ အခုအချိန်အထိ ကြီးကြီးမားမား အပြောင်းအလဲမရှိသေးတာမှန်တယ်။ အဝင်ဆိုလို့ ဟာရီယာနဲ့လုခ်ရှော။ အဲဒီလောက်ပဲ။ အထွက်ဆိုလို့လည်း ဖာဒီနန်၊ ဗီဒစ်၊ အီဗရာ၊ ဘတ်တနာတို့ပဲရှိသေးတယ်ဆိုတော့။ အရင်က မန်ယူနဲ့ ပတ်သက်ပြီး ပြောစရာမရှိခဲ့ပေမယ့် အခုပြောမှရမယ့်အချိန် ရောက်လာပြီ။

ပြောရမယ်ဆိုရင်တော့။ ပရီမီယာလိဂ်ကြေညာတ် ၁၆ ရက်ဆိုစပြီ။ အတော်လေးကပ်နေတဲ့အချိန်။ အပြောင်းအရွှေ့ဈေးကွက်ကလည်း ပိတ်ဖို့လဝက်လောက်သာလိုတော့တယ်။ ပြောရရင် ထိထိမိမိမဖြည့်၊ မပြင်ခဲ့တဲ့ မန်ယူအတွက် အသွက်နိုင်ဆုံးသွက်အောင် လှုမ်းမှရတော့မယ့်သဘော။ ပြီးတော့ အဲဒီလိုအခြေအနေမှာ မန်ယူနဲ့ ပတ်သက်ပြီး သတင်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့်ထွက်လာတယ်။ အရောင်းစာရင်းနဲ့အဝယ်စာရင်း အရှင်းဆုံးပြောမယ်။ ဟာနန်ဒက်ဇ်၊ ဖယ်လိုင်နီ၊ ဇာဟာ၊ ဝီလ်ကိန်း၊ နာနီ၊ အန်ဒါဆန်၊ ရာဖေးလ်တို့ ခုနစ်ဦးတိတိ ထုတ်ရောင်းမယ်ဆိုပြီး တိတိကျကျကို သတင်းထွက်တယ်။ ပြီးတော့ ဗန်ဟားလ်ကိုယ်တိုင်က ဒီမာရီယာကိုခေါ်မယ်ဆိုတဲ့သတင်းကိုလည်း မငြင်းဘူး။ ဒါ့အပြင် ပေါင်သန်း ၁၀၀ ကျော်သုံးပြီး အားဖြည့်မယ်လို့ကို ပြောတာ။ ရာသီသစ်မစခင်မှာတင်ရအောင်ဖြည့်မယ်လို့ပြောတာဆိုတော့။ ကျန်နေသေးတဲ့ အချိန်အတိုင်းအတာ အကန့်အသတ်ရှိမှုနဲ့ များပြားတဲ့ မန်ယူရဲ့ပြုပြင်ပြောင်းလဲလိုမှုများကို ချိန်ကြည့်။ ငြိမ်တုန်းက ငြိမ်ခဲ့သမျှ လက်ကျန်အချိန်တိုလေးအတွင်းမှာ မန်ယူရဲ့အရွေ့ဟာ ဘယ်အထိ အရှိန်ပြင်းလာမလဲဆိုတာတောင် မခန့်မှန်းနိုင်ဘူးဆိုတော့။ သေချာတယ်။ မန်ယူအကြောင်း မပြောလို့ကို မဖြစ်တော့ဘူး။

အထူးသဖြင့် လက်ရှိဖြစ်ပျက်နေမှုတွေအရ ဒီအချိန်တိုလေးအတွင်း မန်ယူမှာအပြောင်းအလဲ ကြီးကြီးမားမားဖြစ်ကိုဖြစ်မယ်။ အသင်းကနေ ခုနစ်ဦးထွက်မယ်။ ထွက်သွားပြီးသား ဖာဒီနန်၊ ဗီဒစ်၊ အီဗရာ၊ ဘတ်တနာတို့နဲ့ပေါင်းရင် အထွက်စာရင်းက ၁၁ ဦး တိတိရှိမယ်။ လက်ရှိထွက်နေတဲ့ သတင်းတွေအရ ဗီဒဲလ်၊ ဒီမာရီယာ၊ ဟမ်မဲလ်၊ ကူရာဒါနိုတို့ကိုပြောသလို ခေါ်နိုင်မယ်။ (ခေါ်လို့လည်းရနိုင်လောက်ဖွယ်ရှိတယ်။ ကူရာဒါနိုနဲ့တောင် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရထားပြီးပြီလို့ သတင်းတွေထွက်နေတယ်) ဆိုရင် ခေါ်ပြီးသား လုခ်ရှော၊ ဟာရီယာတို့နဲ့ ပေါင်းလိုက်တဲ့အခါ အဝင်စာရင်းက ခြောက်ဦးအထိ (အဲဒီထက်များချင်လည်း များမယ်) အနိမ့်ဆုံးရှိမယ်။ အရှင်းဆုံးပြောရမယ်ဆိုရင် အထွက် ၁၁ ဦး၊ အဝင် ခြောက်ဦးနဲ့အထက်ဆိုတော့။ အဲဒါဟာ မန်ယူခေတ်တစ်ခေတ်ကို ပြန်သစ်ဖို့ အုတ်မြစ်က အစပြုပြင်ပြောင်းလဲမှုလို့ပြောကိုပြောလို့ရတယ်။ ပြီးတော့ အဲဒီကနေဖြာထွက်လာမယ့် တန်ပြန်သက်ရောက်မှုကလည်း ချင့်တွက်ချင်စရာကောင်းတယ်။

ဗန်ဟားလ်ရဲ့ လက်ရှိအမြစ်က ပြန်လည်တည်ထောင်မှု။ အဲဒါဟာ တစ်ဖက်ကကြည့်ရင် လုပ်ကိုလုပ်သင့်တဲ့အရာလို့ ပြောလို့ရနိုင်တယ်။ တခြားမကြည့်နဲ့။ ဖာဂူဆန်အထွက်မှာ ထိန်းမနိုင်သိမ်းမရပြိုသွားတဲ့ ဖြစ်စဉ်ကိုကြည့်။ ဖာဂူဆန်ရဲ့ ပါးနပ်မှု၊ ဖာဂူဆန်ရဲ့ ချင့်တွက်နိုင်အားတွေနဲ့ အောင်ပွဲတွေ ယူခဲ့တဲ့အသင်းက အဲဒီလိုဦးဆောင်သူ မရှိတဲ့နောက် ဝါးအစည်းပြေသွားခြင်းဟာ အသင်းရဲ့ ပင်ကိုကစားသမားအရင်းအမြစ် မပြည့်စုံမှုကြောင့်မှုဆိုတာ သိသိသာသာ ကောက်ချက်ဆွဲနိုင်တယ်။ အရှင်းဆုံးပြောရရင် မန်ယူမှာ အသင်းကြီးတစ်သင်းဆိုတဲ့ဟန်နဲ့ ကစားသမားစုဖွဲ့မှုမျိုးမရှိဘူးဆိုတော့ အခုဗန်ဟားလ်ရဲ့ပြုပြင်တည်ဆောက်နိုင်မှုကြားမှာ ၉၂ မျိုးဆက်တစ်ခုလို အပြိုင်အဆိုင်ဖွံ့ဖြိုး ပြည့်စုံတဲ့အသင်း၊ ပြိုင်ဘက်တိုင်းကို တင်းပြည့်ကျပ်ပြည့် စိန်ခေါ်နိုင်တဲ့အသင်း ဖြစ်လာနိုင်တာဆိုတော့ လက်သင့်မခံလို့ကိုမရဘူး။

အရှင်းဆုံးပြောမယ်။ ဗန်ဟားလ်ရဲ့ လက်ရှိအစီအမံသာ လက်တွေ့ဖြစ်လာရင် သူ့ရဲ့ ၃-၅-၂ကစားကွက်မှာ ဒီဂီယာ၊ ဖီးလ်ဂျုံးစ်၊ ဟမ်မဲလ်၊ စမောလင်း၊ ကူရာဒါနို၊ ဗီဒဲလ်၊ မာတာ၊ ဟာရီယာ၊ ဒီမာရီယာ၊ ရွန်းနေ၊ ဗန်ပါစီနဲ့ တကယ့်ကို ရင်ခုန်ဖွယ်ကောင်းတဲ့အထိုင် ဖြစ်မယ်။ ကိုယ့်အသင်းကိုယ် အဲဒါမျိုးမဖြစ်ချင်ဘူး ဘယ်သူရှိမလဲ။ ဒီတော့ ဗန်ဟားလ်ရဲ့ လုပ်ကွက်အပေါ် မကောင်းမြင်သူနည်းတယ်။ ဒါပေမယ့် တစ်ဖက်ကပြန်ကြည့်တဲ့ အခါကျတော့ တန်ပြန်သက်ရောက်လာတဲ့ဖိအားဒဏ်၊ အဲဒါက ကြောက်စရာ သိပ်ကောင်းလာနိုင်တယ်။

အခုခေါ်မယ်ဆိုတဲ့ စာရင်းအရ ချတွက်ရင် ကူရာဒါနိုက ပေါင်သန်း ၄၀၊ ဒီမာရီယာက ပေါင် ၅၅ သန်း၊ ဗီဒဲလ်က ပေါင်သန်း ၃၀၊ ဟမ်မဲလ်က ပေါင်သန်း ၃၀ ဆိုတော့။ ထပ်သုံးမယ့်ငွေပမာဏဟာ ပေါင် သန်း ၁၅၀ ဝန်းကျင်။ သုံးပြီးသားက ဟာရီယာနဲ့ လုခ်ရှောအတွက် ပေါင် ၅၆ သန်း။ စုစုပေါင်း ပေါင်သန်း ၂၀၀ လောက်သုံးမယ့်အခြေအနေ။ အဲဒီပမာဏဟာ တစ်ရာသီအတွင်း ဘယ်တုန်းကမှ မန်ယူမသုံးခဲ့တဲ့ပမာဏ။ ပရိသတ်ဆိုတာက အခက်အခဲကိုမကြည့်ဘူး လူစာရင်းနဲ့ အသုံးစရိတ်ကို အခြေခံကြည့်တာ။ ဒီလူတွေရှိပြီး ငွေဒီလောက်ကုန်ပြီးပြီ ဘာမှဖြစ်မလာဘူးဆိုတာက ဖိအားအဖြစ်ရှိမယ်။ ဖိအားဝင်ပြီဆိုရင် လုပ်ရကိုင်ရခက်မယ်။ နောက်တစ်ချက်က အပြောင်းအလဲများမှု။ အဲဒီအတွက် နားလည်မှုတစ်ခု တည်ဆောက်နိုင်ဖို့ အချိန်တစ်ခုလိုတယ်။ အဲဒီအချိန်မှာ ဘာမှမဖြစ်လို၊ ဘာမှမဖြစ်ရစကောင်းလားဆိုပြီးဖြစ်လာရင် အဆိုးဘက်ရောက်မယ်။

ဒီတော့ မန်ယူနဲ့ ဗန်ဟားလ်၊ အပြောင်းအလဲတစ်ခုအတွက် အစပျိုးချိန်။ မလုပ်မဖြစ်လုပ်သင့်တဲ့ အခြေအနေတစ်ခုနဲ့ တန်ပြန်ဆိုးကျိုးဖြစ်တည်နိုင်အား။ အဲဒါကို ချိန်ညှိနိုင်ဖို့တော့ လိုမယ်။ ။

■ လင်းဆက်

ပ ရီမီယာလိဂ်စပြီ။ အဲဒီမှာ မေးခွန်းတစ်ခု နက်နက်နဲနဲထွက်တယ်။ အခုတစ်ကြိမ် ပရီမီယာလိဂ်မှာ ဘယ်သူချန်ပီယံဖြစ်မှာလဲတဲ့။ မန်စီးတီးလား၊ ချယ်လ်ဆီးလား၊ အာဆင်နယ်လား၊ လီဗာပူးလား၊ မန်ယူလား အယူအဆအမျိုးမျိုး။ အကောက်အယူအမျိုးမျိုးနဲ့ ဘယ်လိုပဲကောက်ချက်ဆွဲဆွဲ။ အဖြေတစ်ခုကိုတော့ ဘယ်သူမှ ထိထိမိမိဆွဲထုတ်မပြနိုင်ကြဘူး။ အသင်းတစ်သင်းကို အထောက်အကူကောင်းကောင်းနဲ့ ဒါချန်ပီယံလို့ ထုတ်နုတ်ချမပြနိုင်ကြဘူး။ တစ်ခုပဲပြောနိုင်တာက ချန်ပီယံဖြစ်ဖို့၊ ဖြစ်နိုင်တဲ့အသင်း ၄၊ ၅ သင်းရှိမယ်။ အဲဒီအတွက် အကြိတ်အနယ်ရှိ မယ်ဆိုတာတစ်ခုပဲ။ အဲဒီထက်ဘာမှ ပိုမပြောနိုင်ကြဘူး။ ပြောလို့လည်းမရဘူး။

ပရီမီယာလိဂ်ရဲ့ ချန်ပီယံစံတမ်း

ဝေမိုးဆက်

ပြောရမယ်ဆိုရင် ဒီတစ်ကြိမ် ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်နိုင်လောက်တဲ့အသင်းတိုင်းက ပြုပြင်အားနဲ့ မာန်တင်းမှု။ အဲဒါတွေမှာ သိပ်ကောင်းကြတယ်။ အထူးသဖြင့် အဆင့်တစ်ခုကို ရောက်ဖို့၊ အောင်မြင်မှုတစ်ခုကို ရဖို့ ဆိုရာမှာ ရောက်လိုစိတ်၊ ရလိုစိတ်ရှိဖို့ သိပ်အရေးကြီးတယ်ဆိုတော့ အဲဒီစိတ်အခြေခံနဲ့ တွက်ဆတဲ့အခါ ထိပ်တန်းအသင်းကြီးတိုင်း အဲဒီလိုစိတ်အခြေခံ ပြည့်ပြည့်ဝဝရှိကိုရှိတယ်။ ချယ်လ်ဆီးဆိုရင် မော်ရင်ညိုရဲ့ ဒုတိယမြောက်ရာသီ။ ရိုးရိုးလေးပဲမြင်ကြည့်။ ဒုတိယအကြိမ်ဆိုတာ ဘယ်နည်းနဲ့မဆို ပထမအကြိမ်ထက်ပိုမြင့်တဲ့အဆင့်ကို မှန်းတတ်ကြတယ်။ ဒီတော့ ချယ်လ်ဆီးရဲ့ ဒီတစ်ကြိမ် ဦးတည်မှုဟာလည်း ချန်ပီယံဆုဆိုတာထက် တစ်ဆင့်ကလေးတောင် မနိမ့်နိုင်ဘူး။

အဲဒီအတွက် သူတို့ရဲ့ လုပ်ကွက်တချို့ကို ချပြမယ်။ ပြောရမယ်ဆိုရင် မနှစ်က မော်ရင်ညိုဟာ သူ့ရဲ့ပထမဆုံးရာသီမှာ ချန်ပီယံဖြစ်ရမယ်လို့ တစ်ခွန်းမှမပြောဘူး။ သူ့ရဲ့ရည်ရွယ်ရင်းက အသင်းကို ပြန်ပြီးတည်ဆောက်ရေး၊ အခုအဲဒီကာလကို ကျော်ပြီ။ အဲဒီအချိန်မှာ သူ့ရဲ့လုပ်ကွက်ကလည်း စေ့စေ့စပ်စပ်နိုင်တာတွေ့ရတယ်။ မလိုတာတွေဖယ်တယ်။ မနှစ်က စစ်ကြောခဲ့မှုမှာတွေ့ရတဲ့ လိုအပ်ချက်တိုင်းကိုဖြည့်တယ်။ ဆိုတော့ သူတို့ရဲ့ဦးတည်ရာဟာ ချန်ပီယံဆုကလွဲရင် အခြားမဖြစ်နိုင်ဘူးလို့ လွယ်လွယ်ကူကူပဲ ခန့်မှန်းနိုင်မယ်။ ပြီးတော့ အဲဒီစိတ်မျိုး အခြားအသင်းတွေမှာလည်း ပြည့်ပြည့်ဝဝတွေ့ရတယ်။ လီဗာပူးဆိုရင် မနှစ်က ချန်ပီယံဖြစ်နိုင်လောက်ပြီးမှ မဖြစ်ခဲ့မှုကို ဒီနှစ်လက်တုံ့ပြန်လိုစိတ်ရှိတယ်။ မန်ယူလည်း အရုပ်ဆိုးအကျည်းတန်ခဲ့ရတဲ့ မနှစ်က အတွက် ဒီနှစ်သိက္ခာပြန်ဆယ်လိုစိတ် ကောင်းကောင်းရှိတယ်။ မန်စီးတီးကျတော့ လက်ထဲကဆုဖလား ပြန်ပျောက်မသွားအောင် တင်းခံကြိုးစားမယ့်သူ။ အာဆင်နယ်ဆိုတာကတော့ မနှစ်ကတည်းက ချန်ပီယံဖြစ်ချင်လွန်းလို့ အသင်းရဲ့ အပြောင်းအရွှေ့ပေါ်လစီကို တောင်ပြောင်းခဲ့တာဆိုတော့။ သေချာတယ်၊ ချန်ပီယံဖြစ်နိုင်လောက်တဲ့အသင်းတိုင်းမှာ ဖြစ်ချင်စိတ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာခံယူချက် ပြင်းပြင်းပြပြဖြစ်မှုမျိုးကိုရှိတယ်။

တစ်ခုပဲ။ အဲဒါက အဲဒီစိတ်နောက်ကို လိုက်ပါနိုင်တဲ့အား ဘယ်အထိရှိကြသလဲဆိုတာပဲ။ စိတ်ရှိပေမယ့်၊ ခံယူချက်

ပြင်းပြပေမယ့် အဲဒီစိတ်နဲ့ခံယူချက်နောက်ကိုလိုက်နိုင်တဲ့အား မရှိရင်လည်း အဆုံးစွန်အထိ မပြီးမြောက်နိုင်ဘူး။ အဲဒီအချက်အတွက် သာဓကတစ်ခု အရင်ပြောမယ်။ အဲဒါက အာဆင်နယ်ရဲ့ ဖြစ်တည်မှု၊ ပြောရမယ်ဆိုရင် အာဆင်နယ်ဟာ မနှစ်ကမတိုင်ခင်အထိ ရှစ်ရာသီဆက် ဆုဖလားမဲ့ခဲ့တယ်။ အဲဒီရဲ့ တွန်းကန်အားက ဆုဖလားတစ်လုံးရယူလိုစိတ်ကို အာဆင်နယ်အသိုင်းအဝိုင်းတစ်ခုလုံးမှာ ပြင်းပြင်းပြပြကိန်းဝပ်စေတယ်။ အဲဒီအတွက်ကြောင့်လည်း တစ်ခါမှ မသုံးဖူးတဲ့ငွေမျိုးနဲ့ အိုဇေးလ်ကိုခေါ်တယ်။ အဲဒီရဲ့ အကျိုးဆက်အရ အသင်းက တူတူတန်တန်ပြန်ဖြစ်လာပေမယ့် အားလုံးမပြည့်စုံတဲ့အခါ ရာသီတစ်ဝက်မှာတင် ယိုင်ထွက်သွားတယ်။

ဒီတော့။ အဲဒါနဲ့အခြေခံပြီး တစ်သင်းချင်းစီကို နည်းနည်းပြောမယ်။ ပထမဆုံးအဖြစ် အာဆင်နယ်ကိုကြည့်တဲ့အခါ မနှစ်ကထက်ပိုပြီး ပြည့်ပြည့်ဝဝတော့ရှိတယ်။ ပြောရမယ်ဆိုရင် အာဆင်နယ်ဟာ မနှစ်က အထိုင်ကို ဆက်ထိန်းထားနိုင်တယ်လို့ပြောရင်ရတယ်။ အထွက်ဆိုလို့ ဗာမေလန်နဲ့ ဆက်ဂ်ညာ နှစ်ဦးပဲရှိတယ်။ ဗာမေလန်နေရာမဖြည့်နိုင်သေးပေမယ့် ဆက်ဂ်ညာနေရာအတွက် ဒီဘူချီနဲ့ ချမ်ဘာတို့နှစ်ဦးတောင်ခေါ်ထားတယ်။ ပြီးတော့ ဆန်ချက်ဇ်ကိုလည်း ခေါ်ထားတဲ့အခါ အတော်လေး ပြည့်ပြည့်ဝဝရှိလာနိုင်တယ်။ အထူးသဖြင့် အိုဇေးလ်၊ ရမ်ဆေး၊ ဖလာမီနီတို့ရဲ့ ကွင်းလယ်အားနဲ့ ဆန်ချက်ဇ်၊ ဝေါလ်ကော့၊ ဂီရောက်ဒ်တို့ရဲ့ တိုက်စစ်အတွဲအဖက်ဟာ တကယ်တမ်း နားလည်မှုပြည့်ဝခဲ့ရင် တကယ်ပဲအလုပ်ဖြစ်နိုင်တယ်။ ဒါပေမယ့် အာဆင်နယ်ရဲ့ အဓိကပြဿနာက အရန်အင်အားမပြည့်ဝမှုပဲ။ ချိန်ဘာလိန်၊ ရိုဆစ်စကီတို့ရှိနေပေမယ့် နည်းတယ်။ အဲဒီအတွက်ကြောင့်ပဲ ပွဲပန်းမှုနဲ့ ဒဏ်ရာပြဿနာတွေကို မထိန်းချုပ်နိုင်ဘဲ ရာသီတစ်ဝက်မှာ ယိုင်ထွက်သွားတယ်။ အခုလည်း ကစားသမားအချို့ ဖြည့်ထားပေမယ့် အရန်အင်အားပိုင်းက သိသိသာသာ တက်မလာဘူးဆိုတော့ အာဆင်နယ်ကို အမြင့်ဆုံးတွက်ဆမထားရဲဘူး။ မျှော်လင့်ချက်မထားရဲကြဘူး။

ပြောရမယ်ဆိုရင်တော့။ အဲဒီလို မတင်မကျအမြင်ခံရတဲ့ အထဲမှာ မန်ယူလည်းပါတယ်။ လီဗာပူးလည်းပါတယ်။ မန်ယူက ဗန်ဟားလ်လက်ထက်မှာ ယုံကြည်မှုနဲ့ စိတ်ဓာတ်ပိုင်းတိုးတက်လာပေမယ့် ပင်ကိုထူးချွန်သူနည်းတယ်။ ဖြည့်လည်းမဖြည့်နိုင်သေးဘူး။ ဥရောပပွဲမရှိလို့ပြည်တွင်းကိုပဲ အာရုံစိုက်ရမှာဖြစ်ပေမယ့် ဗန်ဟားလ်လိုချင်တဲ့ပုံစံကို အချိန်တိုတိုမှာ တိတိကျကျ တည်ဆောက်နိုင်ပါ့မလား။ စိုးရိမ်စရာနည်းနည်းရှိတယ်။လီဗာပူးကျတော့ အပြောင်းအလဲများလွန်းတယ်။ ကစားသမားသစ် ခုနစ်ဦးတိတိအဝင်ရှိတယ်။ အဲဒီအတွက် အချိန်လည်းလိုမယ်ဆိုတော့ မျှော်လင့်စရာဆိုလို့ မန်စီးတီးနဲ့ ချယ်လ်ဆီးပဲ ကျန်တယ်။ အဲဒီနှစ်သင်းကတော့ လုံလောက်တဲ့စုဖွဲ့မှုရှိတယ်။ မန်စီးတီးဆိုရင်ရော တစ်နေရာအတွက် ကစားသမားကောင်းနှစ်ဦးနှုန်းနဲ့ နှစ်သင်းစာရှိတယ်။ ချယ်လ်ဆီးကလည်း ဖိလစ်ပီလုဇ်၊ ကော်စတာ၊ ဖာဘရီဂတ်စ်၊ ဒရော့ဘာတို့အဝင်နဲ့ လိုအပ်ချက်မရှိသလောက်ပဲဆိုတော့။

ပရီမီယာလိဂ်စပြီ။ အဲဒီမှာ ချန်ပီယံဖြစ်မယ့် အသင်းကို ယတိပြတ် ထုတ်မပြနိုင်ပေမယ့် ဖြစ်နိုင်ခြေအရ မန်စီးတီးနဲ့ ချယ်လ်ဆီးကလွဲပြီး အခြားမရှိနိုင်ဘူး။ ။

အမျိုးသမီးတစ်ဦးအဖြစ် ဆက်လက်ရှင်သန်သွားမည့် လင်းနော့လူးဝစ်၏ မန်နေဂျာဟောင်း မာလွန်နေး



လင်းဆက်

ဗြိတိန် ဟဲဗီးဝိတ်လက်ဝှေ့သမားဟောင်း လင်းနော့လူးဝစ်အား အငြင်းပွားဖွယ်မရှိ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာစေရန် လမ်းညွှန်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး လက်ဝှေ့ပွဲစီစဉ်သူအဖြစ်လည်း လုပ်ကိုင်ခဲ့သူ ဖရန့်မာလွန်နေးသည် လက်ရှိအချိန်တွင် အမျိုးသမီးတစ်ဦးကဲ့သို့ ပြုမူနေထိုင်လျက်ရှိပြီး လိင်ခွဲစိတ်ကုသမှုခံယူရန် ပြင်ဆင်မှုများပြုလုပ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အမျိုးသမီးတစ်ဦးအနေဖြင့် နေထိုင်ချိန်တွင် မာလွန်နေးသည် သူ၏အမည်ကို ကီလိုင်းဟု ပြောင်းလဲထားသည်။

လန်ဒန်တွင် မွေးဖွားခဲ့ပြီး အားကစားလောကတွင် နှစ်ပေါင်း ၃၀ ကျော်ကျင်လည်ခဲ့ကာ လက်ရှိအချိန်တွင် ကီလိုင်းဟုအမည်ပြောင်းလဲထားသူ မာလွန်နေးသည် လွန်ခဲ့သည့်နှစ်နှစ်ခန့်ကတည်းက ဟိုမုန်းပြောင်းလဲခြင်း၊ ဆံပင်ပြုပြင်ပြောင်းလဲခြင်း၊ အသံပြောင်းလဲခြင်းတို့အတွက် ခွဲစိတ်ကုသမှုများ ခံယူခဲ့ကာ လက်ရှိအချိန်တွင် လိင်ပြောင်းလဲရေးအတွက် ခွဲစိတ်ကုသမှုခံယူရန် ပြင်ဆင်လျက်ရှိသည်။

အသက် ၆၁ နှစ်အရွယ်ရှိ မာလွန်နေး(ကီလိုင်း)သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း အားကစားလောကမှ အနားယူခဲ့သူဖြစ်သည်။

"ပြီးခဲ့တဲ့နှစ်အတွင်းမှာ လက်ဝှေ့အားကစားအပေါ် ချစ်ခင်စိတ်ကုန်ဆုံးနေခဲ့တာကြောင့် အားကစားလောကကနေ အနားယူခဲ့ပါတယ်။ စိတ်ကလည်း လက်ဝှေ့အားကစားအပေါ် ဆက်မရှိတော့ပါဘူး။ အားကစားလောကအပေါ် အာရုံစူးစိုက်မှုအပြည့်မထားရှိနိုင်ဘဲ လက်ဝှေ့ပွဲစီစဉ်သူအဖြစ် ဆက်လက်လုပ်ကိုင်နေမယ်ဆိုရင် ဒါဟာ တရားမျှတမှုမရှိပါဘူး။ ပြီးခဲ့တဲ့နှစ်ဟာ ပုဂ္ဂိုလ်ရေးအရ အခက်ခဲဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ပြီး အဲဒီနောက်ပိုင်းမှာ အခုလိုဆုံးဖြတ်ချက်ချခဲ့တာဖြစ်ပါတယ်"ဟု မာလွန်နေး(ကီလိုင်း)က ပြောသွားသည်။

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း လင်းနော့လူးဝစ်(၄၈နှစ်)က မာလွန်နေးနှင့် ပတ်သက်သည့်သတင်းကို ကြားသိရသည့်အတွက် အံ့အားသင့်မိကြောင်း၊ သို့သော်လည်း မာလွန်နေး၏ ဆုံးဖြတ်ချက်ကိုလေးစားကြောင်း သူ၏လူမှုရေးအင်တာနက်စာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး

ပန်းဆိုးတန်းလမ်းမှ နန်းသီတာဆိပ်ကမ်းသို့ ဆက်သွယ်ထားသည့် စက်လှေကားတပ် လူကူးခုံးကျော်တံတား တည်ဆောက်နေ

သတင်း-မိုးသူ၊ ဓာတ်ပုံ-မုဩ

ရန်ကုန်-ဒလကူးတို့သင်္ဘောဆိပ်တစ်ခုဖြစ်သော နန်းသီတာဆိပ်ကမ်းမှ ပန်းဆိုးတန်းလမ်းသို့ ဆက်သွယ်ထားသည့် စက်လှေကားတပ်လူကူးခုံးကျော်တံတားတစ်စင်းကို တည်ဆောက်လျက်ရှိပြီး စက်တင်ဘာလလယ်တွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ သိရသည်။

နန်းသီတာသင်္ဘောဆိပ်တွင် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလ၊ ကော့မှူး၊ တွံတေးစသည့် မြို့နယ်များမှ ရန်ကုန်မြို့တွင်းသို့ နေ့စဉ် လူဦးရေ ၄၀၀၀၀ နှင့် ၆၀၀၀၀ကြား ကူးလူးဆက်သွယ်သွားလာလျက်ရှိကြောင်း ကူးတို့သင်္ဘောလက်မှတ်အရောင်းဌာန၏ လက်မှတ်ရောင်းချရမှုများအရ သိရသည်။

သင်္ဘောဆိပ်ကို နံနက် ၅ နာရီမှ ည ၉ နာရီအထိ နေ့စဉ် အသုံးပြုလျက်ရှိပြီး လမ်းဖြတ်ကူးသူများ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းရေးနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လူကူးခုံးကျော်တံတားကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပန်းဆိုးတန်း-နန်းသီတာ လူကူးခုံးကျော်တံတားကို ခြောက်လမ်းသွား ကမ်းနားလမ်းမကြီးနှင့် လေးလမ်းသွားတိုးချဲ့ကမ်းနားလမ်းသစ်တို့ အပေါ်မှ ဖြတ်သန်းတည်ဆောက်လျက်ရှိကာ Schindler အမှတ်တံဆိပ်စက်လှေကား နှစ်စင်းလည်း တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ လူကူးခုံးကျော်တံတားမှာ အရှည်ပေ ၂၁၀ ရှိကာ အကျယ် ၁၂ ပေနှင့် အမြင့်ပေ ၂၀ ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံတားတည်ဆောက်မှု ၆၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လူအသွားအလာများသော နေရာများနှင့် ကျောင်းရှိသောနေရာများတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျှော့ချရန် လူကူးခုံးကျော်တံတားများ တည်ဆောက်လျက်ရှိပြီး ယခုနှစ်အတွင်း လူကူးခုံးကျော်တံတားသုံးစင်း တည်ဆောက်သွားမည်ဖြစ်ကာ မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့ရှိ တံတားမှာ ပြီးစီးနေပြီဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့်ကုန်တိုက်အနီးတွင် လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ပန်းဆိုးတန်း-နန်းသီတာ လူကူးခုံးကျော်တံတားပြီးစီးပါက ရန်ကုန်မြို့တွင် စက်လှေကားတပ်ထားသော ပထမဆုံး လူကူးခုံးကျော်တံတားတစ်စင်းဖြစ်လာမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး

စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကျင်းပရာ တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာစိုးက အမှာစကား ပြောကြားပြီး တောင်ငူခရိုင်ဆရာဝန်ကြီး ဒေါက်တာ ခင်စန်းမြင့်က စံပြမိခင်ရွေးချယ်ရခြင်း၊ အာဟာရကျွေးမွေးနည်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဆုရရှိသူကလေးငယ်များနှင့် မိခင်များကို ဆုများချီးမြှင့်ပေးအပ်သည်။ အခမ်းအနားသို့ စံပြမိခင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြသည်။ **ကျော်လှ(တောင်ငူ)**

ဧရာဝတီတိုင်းဒေသကြီး

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ပွဲ ဖျာပုံ၌ ကျင်းပ

ဖျာပုံမြို့ရှိ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲအခမ်းအနားနှင့် စံပြမိခင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီး၏ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စိန်စိန်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းတို့က အမှာစကားပြောကြားကြပြီး ငါးနှစ်အောက်ကလေးများကို ဗီတာမင်အဆေးလုံးများ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်များအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးကြသည်။

ယင်းနောက် စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲသို့ ဖျာပုံမြို့ပေါ်ရပ်ကွက် ၁၉ ခုမှ မိခင် ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သူဇာနွယ် (ဖျာပုံ)

မန္တလေးတိုင်းဒေသကြီး

နွားထိုးကြီးမြို့နယ် တံစိုးကျေးရွာအုပ်စု လယ်မြေဧက ၅၀၀ မိုးမြေပဲများစိုက်ပျိုးပြီးစီး

နွားထိုးကြီးမြို့နယ် တံစိုးကျေးရွာအုပ်စုတွင် မိုးရေလုံလောက်စွာရွာသွန်းမှုကြောင့် မိုးမြေပဲဧက ၅၀၀ ကို ဩဂုတ်၁၀ရက်က အပြီးသတ် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နွားထိုးကြီးမြို့နယ်မှာ မိုးရွာသွန်းမှုနည်းပါးတဲ့အတွက် စိုက်ပျိုးလုပ်ကိုင်လို့ မရဘဲ မိုးဦးသီးနှံတစ်ခုမှ မစိုက်ပျိုးလိုက်ရပါဘူး။ နောက်မိုးမျှော်ပြီး အရဲစွန့်နှမ်းကြဲတဲ့သူတွေလည်း မျိုးဆုံးတာပါပဲ။ ကျွန်တော်တို့ တံစိုးကျေးရွာအုပ်စု ကွင်းခြောက်ကွင်းမှာ တောင်သူနှစ်ဦးတည်းသာ နှမ်းမျိုးပြန်ရလိုက်ပါတယ်။ ဒါကြောင့် ဘာသီးနှံမှ မစိုက်ပျိုးသေးဘဲ ထွန်ရေးထယ်ရေးပြင်ထားပြီး အသင့်စောင့်နေကြရပါတယ်။ ဩဂုတ် ၆ ရက် ညနေ ၆ နာရီမှာ မိုးများစတင်ရွာသွန်းပါတယ်။ လေပြင်းတိုက်ခတ်ခြင်းမရှိဘဲ ရေဖောဖောပါအောင် ည ၉ နာရီထိုးတဲ့အထိ ရွာခြင်းဖြစ်ပါတယ်။ ရွာသွန်းတဲ့မိုးရေချိန်က စိုက်ပျိုးလုပ်ကိုင်နိုင်လောက်အောင် ရွာသွန်းခြင်းဖြစ်လို့ နောက်တစ်နေ့နံနက်မှာ မြေပြင်ပြီး မိုးမြေပဲများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ တံစိုးကျေးရွာအုပ်စုမှာ တံစိုးကျေးရွာ၊ ကမ်းနားကျေးရွာ၊ လက်သမားကန်ကျေးရွာ၊ ကန်လျားရှည်ကျေးရွာဆိုပြီး ရွာလေးရွာပါဝင်ပါတယ်။ လယ်ယာမြေအနေနဲ့ ကွင်းအမှတ် ၄၇၆၊ ကွင်းအမှတ်၄၇၈၊ ကွင်းအမှတ်၄၇၉(က)၊ ကွင်းအမှတ်၄၇၉(ခ)၊ ကွင်းအမှတ် ၄၈၀၊ ကွင်းအမှတ် ၄၈၁ဆိုပြီး ကွင်းခြောက်ကွင်းစလုံး မိုးမြေပဲများ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ တံစိုးကျေးရွာအုပ်စုအတွက်တော့ ဘုရားပေးတဲ့မိုးရေလိုပါပဲ။ အခြားကျေးရွာအုပ်စုတွေမှာတော့ ကျွန်တော်တို့လိုမိုးမရွာသေးလို့ မစိုက်ပျိုးနိုင်ကြသေးဘူးလို့ သိရပါတယ်" ဟု တံစိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ချစ်က ပြောကြားသည်။

အောင်မင်း(စဉ့်ကိုင်)

ကော့ကရိတ်မြို့၏ နာမည်ကျော် ကြာအင်း ဒူးရင်းသီး လှိုင်လှိုင်ပေါ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့၏ နာမည်ကျော် ကြာအင်းဒူးရင်းသီးနှင့် စက္ကဝက်ဒူးရင်းသီးများလှိုင်လှိုင်ပေါ်လျက်ရှိနေပြီဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

ကြာအင်းဒူးရင်း

ကော့ကရိတ်မြို့နှင့် ရှစ်မိုင်ခန့်အကွာ အနောက်တောင်အရပ်တွင် တောင်ကြာအင်းရွာကြီးတစ်ရွာရှိပြီး တောင်ကြာအင်းရွာမှ ဆက်သွားလျှင် ကြာအင်းတောင်ခြေ၌ ဒူးရင်းပင်များ အဓိကစိုက်ပျိုးပြီး ဒူးရင်းသီးများထွက်သော လောင်းကိုင်ရွာ၊ ဖားကျရွာ၊ သမိန်ဒွတ်ရွာတို့ရှိသည်။ ထို့အပြင် အခြားအနီးအနားရွာများမှလည်း အနည်းငယ်စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။ အဆိုပါနေရာများသည် တောင်ခြေရွာများဖြစ်သောကြောင့် အေးမြပြီး လျှိုမြောင်များဖြင့် ဒူးရင်းပင်အကြိုက်ရာသီဥတုနှင့် မြေအနေအထားရှိသည်။ နှစ်စဉ် ဒူးရင်းသီးပေါ်ချိန်ဝါဆိုလရောက်တိုင်း ဒူးရင်းခြံပိုင်ရှင်များက ရက်သတ်မှတ်၍ ဒူးရင်းသီးပွဲတော်ကျင်းပလေ့ရှိကြောင်း ဒေသခံများကဆိုသည်။ ဒူးရင်းပွဲတော်ကို ဒူးရင်းသီးလှိုင်လှိုင်ပေါ်ချိန်တွင် သုံးရက်ခန့်ကျင်းပလေ့ရှိသည်။ ကြာအင်းဒူးရင်းသီးကို မော်လမြိုင်၊ ဘားအံ၊ ရန်ကုန်နှင့် အခြားမြို့များမှ ဒူးရင်းသီးအဝယ်တော်များတောင်ကြာအင်းအထိ လာရောက်ဝယ်ယူကြကြောင်းသိရပြီး တောင်ကြာအင်းမှ စက်လှေကြီးများဖြင့် ကော့ကရိတ်မြို့ပေါ်သို့ တင်ပို့၍လည်းရောင်းချကြသည်။ ယင်းနောက် ကော့ကရိတ်မြို့မှတစ်ဆင့် မြဝတီမြို့နှင့် မဲဆောက်မြို့အထိ တင်ပို့ရောင်းချကြကြောင်း နာမည်ကျော်ကြာအင်း ဒူးရင်းသီးနှင့် စက္ကဝက် ဒူးရင်းသီးများ အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးက ဆိုသည်။

စက္ကဝက်ဒူးရင်းသီး

ကော့ကရိတ်မြို့၏တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင် ဒေါနတောင်ခြေ စက္ကဝက်ရွာကြီးရှိပြီး ဒူးရင်းပင်အဓိကစိုက်ပျိုးသောရွာကြီးဖြစ်သည်။ ကော့ကရိတ်သူ/သားများကို ကြာအင်းဒူးရင်းနှင့် စက္ကဝက်ဒူးရင်းဘယ်ဟာစားမလဲ မေးလျှင် စက္ကဝက်ဒူးရင်းကိုသာစားကြပေလိမ့်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။ စက္ကဝက်ဒူးရင်းသည် အသားထူ၏။ အရောင်လှ၏။ အနံ့ပြင်း၏။ အရသာချို၊ အလွန်ချို၊ ချိုခါး အမျိုးမျိုးရှိ၏။ ဒူးရင်းသီးအလုံးကြီး၏။ ကော့ကရိတ်မြို့သို့ စက်လှေကြီးများဖြင့်လည်းကောင်း၊ ထော်လာဂျီများဖြင့်လည်းကောင်း တင်ပို့ပြီး အနယ်နယ်အရပ်ရပ်မှ အဝယ်တော်များသို့ ရောင်းချကြကြောင်းသိရသည်။

"ဒီမှာတော့ ဈေးပေါတာပေါ့၊ ဈေးချိုတယ်လေ၊ အလုံးအလတ်တွေက တစ်လုံးကိုဈေးနှုန်းငွေကျပ် ၅၀၀၊ ၇၀၀ရှိတတ်ပါတယ်၊ အလုံးကြီးတွေဆို တစ်လုံးကို ဈေးနှုန်းငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ရှယ်ဆိုမှ တစ်လုံးကို ဈေးနှုန်း ငွေကျပ် ၂၅၀၀ ဖြစ်ပါတယ်၊ ကော့ကရိတ်ပေါက်ဈေးပြောတာနော်၊ တခြားမှာတော့မသိဘူး" ဟု ဒေသခံတစ်ဦးကဆိုသည်။ ဒူးရင်းသီးသည် အပူဓာတ်များသောအသီးဖြစ်ကြောင်း၊ ပတ်ဝန်းကျင်အပူချိန်များသောအချိန်တွင် သတိထားချင့်ချိန်၍ စားသင့်ကြောင်း၊ ရှေးလူကြီးများသည် ဒူးရင်းသီးစားပြီးလျှင် မင်းကွတ်သီးကိုအပူငြိမ်းစေရန်အတွက် စားပေးတတ်ကြောင်း၊ ဒူးရင်းသီးကို သန်ချဆေးနှင့် အချိန်နီးနီးစား ပျို့အန်တတ်ကြောင်း၊ ဒူးရင်းသီးစားပြီးလျှင် ကိုကာကိုလာဖျော်ရည်သောက်လျှင် ကိုယ်တွင်းအပူချိန်များ ကမောက်ကမဖြစ်တတ်၍ သေဆုံးနိုင်ဖွယ်ရာရှိကြောင်း ကော့ကရိတ်မြို့၏နာမည်ကျော် ကြာအင်းဒူးရင်းသီးနှင့် စက္ကဝက် ဒူးရင်းသီးများ အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးက ပြောပြခဲ့သည်။

ကရင်ပြည်နယ်

သတင်းနှင့် ဓာတ်ပုံ- စိုးဝင်း(SP)

ကချင်ပြည်နယ်

မိုးညှင်း-ဘီလူး-နန့်မွန်းကားလမ်း ရာသီမရွေးသွားနိုင်ရေးဆောင်ရွက်

ကချင်ပြည်နယ် မိုးညှင်းမြို့နှင့် အင်းတော်ကြီးဒေသ ရာသီမရွေးသွားလာနိုင်ရန် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရေးအတွက် မိုးညှင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့မှ ယန္တရားနှစ်စီးနှင့် သဲကျောက်တင်ကားများဖြင့် မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-နန့်မွန်း အမာခံမြေသား ကားလမ်းဆောင်ရွက်နေမှုများလုပ်ငန်းခွင်သို့ ဩဂုတ် ၁၀ ရက်က ကွင်းဆင်းသတင်းရယူသည်။

ဆောင်ရွက်မည်

နယ်မြေသတင်းထောက်၏ မေးမြန်းချက်အား "မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်းလုပ်ငန်းဖော်ဆောင်ရန်အတွက် ကချင်ပြည်နယ်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၆၇၈ ဒသမ ၅သန်း ချပေးပါကြောင်း၊ ယခုလုပ်ငန်းမှာ လမ်းအကျယ် ပေ ၅၀၊ လမ်းအရှည် ခြောက်မိုင်အတွင်း ၅ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမာခံမြေသားလမ်းကို ၂၀၁၅ ခုနှစ် မတ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်တွင် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" ဖြင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အေအီး ဦးအေးလွင်က ရှင်းလင်းပြောကြားသည်။

ပီတိစကား

မိုးညှင်းမြို့နှင့် အင်းတော်ကြီးသွားလာခြင်းအတွက် မိုးညှင်း-အင်ကြင်းကုန်း- ဇီးကုန်း-နန့်မွန်း ကားလမ်းမိုင် ၃၀ ကျော်ရှိ၍ မိုးညှင်း-ဟိုပင်-နန့်မွန်း ကားလမ်း ၃၅ မိုင်ရှိသည်။ ယခု မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်းမှာ ၁၃ မိုင် ၁ ဖာလုံရှိသည်။ ကားလမ်းကြောင်း သုံးသွယ်မှ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး အင်းတော်ကြီးကျေးရွာများလည်း မကြာမီ ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ဝမ်းသာပီတိစကားပြောဆိုသံများကို ကြားသိရသည်။

သတင်း - မျိုးအောင် (ရွှေရတု)

စစ်ကိုင်းတိုင်းဒေသကြီး

ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ မီးလင်းရေး ယက္ကန်းတိုင်ကျေးရွာတွင် ထရန်စဖော်မာတည်ဆောက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ယက္ကန်းတိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ၄င်းကျေးရွာ၏ ရွာလယ်လမ်းမတွင် လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းထားပြီး ကွန်ကရစ်တိုင်များကို ကျေးရွာအတွင်း စုစုပေါင်း ၄၁ တိုင် စိုက်ထူထားပြီးဖြစ်သည်။ အဆိုပါ ဓာတ်တိုင်များတွင် ကြိုးများသွယ်တန်းပြီးပါက အိမ်ထောင်စု ၁၅၃ စုနှင့် လူဦးရေ ၈၀၀ ကျော်ရှိသည့် ယက္ကန်းတိုင်ကျေးရွာတစ်ရွာလုံး ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ မီးလင်းတော့မည်ဖြစ်သည်။

"မိမိတို့ကျေးရွာအနေဖြင့် ကနီမြို့ ၂၄ နာရီမီးလင်းဖို့ မဟာဓာတ်အားလိုင်းကြိုးဆွဲရန် ကွန်ကရစ်တိုင်များ စိုက်ထူစဉ်က မိမိတို့ကျေးရွာအတွင်းမှ ဖြတ်ဆွဲမည်ကို သိရှိရချိန်မှစ၍ ပထမအကြိမ် တစ်အိမ်ထောင်ငွေကျပ် ၅၀၀၀၀ စတင်စုဆောင်းပြီး ကနီမြို့ ၂၄ နာရီ မီးလင်းချိန်တွင် ဒုတိယအကြိမ် တစ်အိမ်ထောင်ငွေကျပ် ၁၀၀၀၀၀ စီ ထပ်မံစုပြီးချိန်မှာ အလှူရှင် မုံရွာမြို့ ဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော် ဦးသူရိယက ငွေကျပ် သိန်း ၂၀ လှူဒါန်းပေးခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ငွေကျပ် ၄၉ သိန်းတန် ၁၆၀ ကေဗွီ ထရန်စဖော်ဖာကို ဝယ်ယူတည်ဆောက်ပြီးဖြစ်ပါတယ်၊ ယခု မီးလင်းရေးလုပ်ငန်းမှာ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ကျော်ခန့်ကုန်ကျမှာဖြစ်ပါတယ်" ဟု ယက္ကန်းတိုင်ကျေးရွာ အထောက်အကူပြုကော်မတီဝင် ဦးကျော်နိုင်က ပြောသည်။

"ကျွန်တော်တို့ရွာကတော့ လျှပ်စစ်မီးကို အလွန်လိုချင်နေကြပြီး ၂၄ နာရီ လျှပ်စစ်မီးရလာရင် ယခုထက်ပိုမိုဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမယ့်အပြင် မိမိတို့၏ သားသမီးများမှာ ယခင်ဖယောင်းတိုင်မီး၊ ဓာတ်ခဲမီးချောင်းများနဲ့ စာကြည့်နေရသည့်အဖြစ်ကနေ လျှပ်စစ်မီးဖြင့် စာကြည့်နိုင်တော့မှာပါ။ အမြန်ဆုံးနည်းနဲ့ အကောင်အထည်ဖော်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါကျေးရွာမှ ဦးကံထူးက ပြောကြားသည်။

သန်းဌေးအောင်(ကနီ)

မကွေးတိုင်းဒေသကြီး

အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများ၌ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များသာရောင်းချ

အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများ၌ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကိုသာ ရောင်းချရေး မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မုန့်ဈေးတန်းများ၌ အဆာပြေစားသောက်နိုင်သည့် မုန့်မျိုးစုံ၊ သရေစာများအပါအဝင်အမျိုးအမည်တိကျစွာဖော်ပြပြောဆိုနိုင်ခြင်းမရှိသည့် ရယ်ဒီမိတ်အစားအသောက်များလည်းပါဝင်လျက်ရှိနေရာ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများသာ ရောင်းချရေးနှင့် အာမခံချက်၊ ထောက်ခံချက်များ မပါရှိသည့် အစားအစာများကို ရောင်းချခြင်းမပြုရန် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးကြခြင်းဖြစ်ပြီး ဩဂုတ် ပထမပတ်မှစတင်ကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် စစ်ဆေးဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ကြရာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့၊ ကျန်းမာရေး၊ ပညာရေး၊ စည်ပင်သာယာဌာနများမှ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့သည် ဩဂုတ် ၈ ရက်က ဂန့်ဂေါမြို့ပေါ်ရှိ အထက်တန်းကျောင်းနှစ်ကျောင်းနှင့် မူလတန်း(လွန်)ကျောင်း သုံးကျောင်းတို့ရှိ မုန့်ဈေးတန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးသက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများ၊ မုန့်ဈေးတန်းတွင် ရောင်းချသည့် ဈေးသည်များနှင့်တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့်ညီညွတ်စေမည့် မုန့်၊ ပဲသရေစာများကိုသာ ရောင်းချကြရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၀၁)

နေပြည်တော်ကောင်စီနယ်မြေ

ဖရုံသီးများ ဈေးကောင်းရ၍တောင်သူများ တွက်ခြေကိုက်

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရွှေဖရုံသီးကို စီးပွားဖြစ်စိုက်ပျိုးသော ကျေးရွာတစ်ရွာဖြစ်သည့် ကူသပိတ်ကျေးရွာရှိ တောင်သူများသည် ယခုနှစ် ရွှေဖရုံသီးထွက်နှုန်းကောင်းမွန်သည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာသည် အိမ်ခြေ ၃၀၀ ကျော်ရှိပြီး ရွှေဖရုံသီးစိုက်ပျိုးသော တောင်သူ ၂၀၀ ကျော်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဌေးက ပြောပြသည်။ "ဧပြီလ ၁၅ ရက်ဆိုရင် စစိုက်ပြီ ကျွန်တော်တို့ဘက်မှာက မြေစေးဆိုတော့ ဖရုံစိုက်တဲ့သူတွေ အဆင်ပြေကြတယ်။ သဲစပ်မြေဆိုရင်တော့ စိုက်လို့အဆင်မပြေဘူး" ဟု ဦးအောင်ဌေးကပင် ဆက်လက်၍ပြောပြသည်။ ကူသပိတ်ကျေးရွာတွင် စိုက်ပျိုးသည့် ရွှေဖရုံစိုက်ခင်းများမှာ တစ်ဧကလျှင် အလုံးရေ ၆၀၀ မှ ၈၀၀ အထိ ထွက်ရှိကာမိတ္ထီလာမြို့ကို အဓိကတင်ပို့ရောင်းချပြီး အခင်းဈေးမှာ တစ်လုံး လျှင် အရွယ်အစားပေါ်မူတည်ကာ ငွေကျပ် ၄၀၀ မှ ၅၀၀ဖြင့်ရောင်းချပြီး မိတ္ထီလာမြို့တွင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ ရောင်းချရကြောင်း တောင်သူ တစ်ဦးကရှင်းပြသည်။ "မိတ္ထီလာက လမ်းဆုံ မြို့ဆိုတော့ အရောင်းအဝယ်ကတအား ကောင်းတယ်၊ ဒီကနေ တစ်နေ့ကို ၁၀ ဘီးကားနဲ့ ငါးစီး၊ ခြောက်စီး သယ်သွားလည်းကုန်တာပဲ။ ပွဲစားတွေက ကျွန်တော်တို့အခင်းထဲရောက်အောင် လာဝယ်တာ၊ ဒီနှစ်ရာသီဥတုက မိုးနည်းတော့ ဖရုံသီးကလည်း ထွက်သလားမမေးနဲ့ တောင်သူတွေ တော်တော်အဆင်ပြေကြတယ်"ဟု အဆိုပါ တောင်သူတစ်ဦးကပင် ဆက်လက်ပြောပြသည်။

ကိုလွင်(ဆွာ)

မွန်ပြည်နယ်

ဒေသန္တရဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲမှု စစ်တမ်းကောက်ယူ

အစိုးရနှင့် ပြည်သူများအကြား လူထုအခြေပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကောင်းမွန်သောအုပ်ချုပ်မှုစနစ်အတွက် အလေ့အကျင့်ကောင်းများ တည်ဆောက်ရန် (Comprehensive Development Education Center (CDEC) အဖွဲ့မှ အဖွဲ့ဝင် ခုနစ်ဦးတို့သည် ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ဩဂုတ် ၈ရက် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ တိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ခွဲခြားကာ အားနည်းချက်၊ အားသာချက်နှင့် လုပ်ဆောင် ချက်များကို ဆွေးနွေးပြီး ဒေသန္တရ ဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲမှု အထောက်အကူ ပြုစစ်တမ်းကောက်ယူခဲ့ကြသည်။

ထိုသို့စစ်တမ်းများကောက်ယူရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ သက်ဆိုင်သည့် ကိုယ်စားလှယ် တစ်ဦး၊ CDEC မှ တာဝန်ခံ ကိုယ်စားလှယ် တစ်ဦး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ် ငါးဦး၊ မြို့နယ်အထောက်အကူပြုကော်မတီ သုံးခုမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့လိုက်ဖွဲ့စည်းကာ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ ယင်းနည်းတူအဖွဲ့လိုက်ဖွဲ့စည်းကာ ဒေသတွင်းစီးပွားရေးနှင့် အုပ်ချုပ်မှု ယန္တရားဆိုင်ရာများကို ဆွေးနွေးပြီး စစ်တမ်းများ ကောက်ယူခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ နွေစပါးများ ရိတ်သိမ်း

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက ၅၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းတွင် GAP စနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုး နွေစပါးများကို စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက် (Combine - Harvester) ငါးစီးဖြင့် ဩဂုတ် ၈ ရက်က တစ်ပြိုင်တည်း ရိတ်သိမ်းပေးလျက်ရှိ ကြောင်းသိရသည်။

ရာသီဥတုအခြေအနေကြောင့် လေလွင့် ဆုံးရှုံးမှုမရှိစေရေးနှင့် မိုးစပါးအချိန်မီ ထပ်မံ စိုက်ပျိုးနိုင်ရေးတို့အတွက် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ယခုပုလဲသွယ်စပ်မျိုးနွေစပါးရိတ်သိမ်းရာတွင် တစ်ဧကတင်း ၁၅၀ မှ ၂၀၀အထိ ထွက်ရှိကြောင်း သက်ဆိုင်ရာနှင့် တောင်သူများထံမှ သိရသည်။

ကိုပေါက် (ဥက္ကာမြေ)

ကယားပြည်နယ်

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ

ကယားနီဒါန်း

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး ညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင် ၂၁ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသကြီးကြပ်ရေးမှူးများ (ကျွန်တော်တို့ဌာနအခေါ် ဖဖရမှူးများ)က မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီး၊ ပြည်နယ် နယ်မြေအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြကြသည်။

ညီငယ်တစ်ဦးဖြစ်သူ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကျော်သွင်က သူတာဝန်ကျရာ ကယားပြည်နယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ သူ၏ တင်ပြချက်များကို ကျွန်တော်စိတ်ဝင်စားသည်။ အကြောင်းမှာ ကယားပြည်နယ်သည် လွန်ခဲ့သည့်နှစ် ၃၀ ကတည်းက ကျွန်တော်ရင်းနှီးကျွမ်းဝင်ခဲ့သော၊ အမှတ်တရအကြောင်းအရာများစွာရှိခဲ့သော ဒေသတစ်ခုဖြစ်နေသောကြောင့်တည်း။

အမှတ်တရ ကယားဒေသ

၁၉၈၄ ခုနှစ်၌ ကယားပြည်နယ်ထဲမှာ စစ်ဆင်ရေးဝင်ရသည်။ စစ်ကြောင်း (၁)မှာ ကိုကျော်ဇင်သက်က IO၊ ကျွန်တော်က ရေး/ထောက်အရာရှိ AQ ၊ ကယားပြည်နယ်ထုံးစံအတိုင်း ဘယ်နေရာ၊ ဘယ်တော ဘယ်တောင်မှာမှ သွားလမ်းလာလမ်းရယ်ကမသာ။ ခြေတစ်ဖဝါးစာသာရှိသော လမ်းမျိုး၌ ညချီတက်မှုဖြင့် သွားရမည်ဆိုငြားအံ့။ ကျွန်တော်ရော ကိုကျော်ဇင်သက်ပါ ဘုရားတရားတ၍ သွားကြစမြဲ။ တိုက်ပွဲဖြစ်မှာကြောက်၍မဟုတ်။ ပါလာသော ဝန်တင်လား၊ မြင်းတွေ ချောက်ထဲပြုတ်ကျပြီး သေမှာစိုး၍ ဖြစ်သည်။ ဒီလိုနဲ့ ကယားပြည်နယ်ထဲမှ ဆီဘူး၊ သာအောက်၊ ကျေးကတော့၊ ဟိုယာ၊ ဘီယာစသော ဒေသများ၌ စတင်ကျင်လည်ခဲ့ရသည်။

ကယားအခေါ် **"ပနှယ်ခက"** ဟု ခေါ်သည့် ကျွဲခလောက်သံများသည် ကျွန်တော့်အဖို့ အလွန်သာယာသည့် တေးသွားသံစဉ်များဖြစ်ခဲ့သည်။ ဝင်ပေါက်တစ်ပေါက်တည်းသာရှိသော ရိုးရာအိမ်လေးများနှင့် (ဂေးထွန်းဘိုး) ခေါ်သည့် တံခွန်တိုင်များကိုလည်း ထူးခြားစွာတွေ့ခဲ့ရ၏။ ၁၉၈၇ ခုနှစ်ကတော့ ကျွန်တော်တို့ တပ်ရင်းပွဲပျက်သော နှစ်ဖြစ်သည်။ တပ်ခွဲ (၂)က ထီကနဲဆိုကွဲပြီ။ သံလွင်အရှေ့ခြမ်းမှာ တာတမော့စခန်း အတိုက်ခံရသည်။ ဗိုလ်ချစ်ဆွေ အပါအဝင် စစ်သည်တော်တော်များများ ကျသည်။ ဒါတွင်ပဲလားဆိုတော့ မဟုတ်ပါ။ ၁၉၈၈ ခုနှစ် နှစ်ဆန်းပိုင်း၌ တပ်ရင်းမှူးအသစ်နှင့် စစ်ကြောင်း(၁) မှ အရာရှိ/စစ်သည်များ ထပ်မံကျဆုံးသည်။ ရှားတော ဒေသဒေါ့ခေါအော့ ကျေးရွာအထွက်၌ ချုံခိုတိုက်ခိုက်ခံရ၍ ဖြစ်သည်။ တပ်မတော်သားဘဝ ကယားပြည်နယ်အတွင်းက အမှတ်တရများ။

လက်ကမ်း၍ လှမ်းလင့်ကာကြို

တစ်ချိန်တုန်းက ဘယ်လိုအနေအထားမျိုးနဲ့ပဲ တွေ့ခဲ့တွေ့ခဲ့၊ ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံးထဲကို သူတို့အဖွဲ့တွေ ရောက်လာချိန်မတော့၊ တာဝန်ရှိသူများ အားလုံးက ဝမ်းပန်းတသာကြိုဆို၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ ဝိုင်းဝန်းကူညီခဲ့ကြသည်။ သူတို့ဆိုသည်မှာ ကယားပြည်နယ်ထဲမှ ငြိမ်းချမ်းရေးအဖွဲ့များ၊ ၁၉၉၂ ခုနှစ်တွင် ဦးကေဘရယ်ပျံခေါင်းဆောင်သော KNG အဖွဲ့၊ ၁၉၉၄ ခုနှစ်တွင် ကလလတတအဖွဲ့နှင့် ကယန်း ပြည်သစ်ပါတီ အဖွဲ့တို့ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် KNPP အဖွဲ့ ဝင်ရောက်လာသည်။ ၎င်းအဖွဲ့များအပြင် KNDP အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီစသော အဖွဲ့ငယ်များပါ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ သက်ဆိုင်ရာ နယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ရင်းနှီးချစ်ကြည်စွာ၊ ယုံကြည်အားထားစွာ လက်တွဲခဲ့ကြသည်။ ထိုတွဲလက်များသည်ပင် ပြည်ထောင်စုကြီးအတွက် မြဲမြံသောပေါင်းစည်းအားများ ဖြစ်လာခဲ့သည်။

> " သက်ဆိုင်ရာ နယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ရင်းနှီးချစ်ကြည်စွာ၊ ယုံကြည်အားထားစွာ လက်တွဲခဲ့ကြသည်။ ထိုတွဲလက်များသည်ပင် ပြည်ထောင်စုကြီးအတွက် မြဲမြံသော ပေါင်းစည်းအားများ ဖြစ်လာခဲ့ "

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်

၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း မိုးဗြဲ-လဂျီနွဲ့-ပီကင်းလမ်း၊ ဆီဘူး-သိကျိတ်လမ်း၊ ဟိုယာ-ကေကောလမ်း၊ လိုဘာခို-ခူးပရားလမ်း၊ ပီကင်း-လအိ-လတိန်-ဆောင်းပြောင်းလမ်းများ ဖောက်လုပ်ပေးခဲ့သည်။ ဟိုယာ၊ ဒေါတမကြီး၊ မယ်စဲ့၊ ဘောလခဲ၊ ဆီဘူး၊ ခရက်ဒုံရွာတွေမှာ ဆေးရုံတွေ ဖွင့်လှစ်ပေးခဲ့သည်။ ရှားတော၊ ရွာသစ်၊ ဟိုယာ၊ ဒေါရောခူ၊ ဒေါညေးခူ၊ ဟိုစဲ့ကျေးရွာတွေမှာ အထက၊ အလကကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ ဘောလခဲ၊ ဖရူဆို၊ မယ်စဲ့၊ ဖားဆောင်းနှင့် ရှားတောစသည့်မြို့ရွာများ၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်း/တံတား လုပ်ငန်များအတွက် ၂၆၂၄ ဒသမ ၅၀ သန်း၊ ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၀၀၊ သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် သန်း ၁၈၀၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ် ၅ ဒသမ ၅၀ သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ် ၁၉၂ ဒသမ ၃၅ သန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ငွေကျပ် ၂၀၂ သန်း၊ သာသနာရေးလုပ်ငန်းအတွက် ငွေကျပ် ၄၃ ဒသမ ၇၀ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၇၂၅ သန်း၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၉၄ သန်း စုစုပေါင်း ၄၁၆၆ ဒသမ ၈၀ သန်း ခွင့်ပြုအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်မူ နယ်စပ်ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသည့် ဒေသ ၁၉ ခုစလုံး၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများ၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများဟူ၍ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကို ခွဲခြားသတ်မှတ်ထားပြီးဖြစ်သည်။ ကယားဒေသအတွင်း၌ ပြည်ထောင်စု ရန်ပုံငွေကျပ် ၃၀၃၉ ဒသမ ၇၆ သန်းဖြင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းများထဲတွင် ဟိုယာ-ဘီယာလမ်းပေါ်ရှိ ပေ ၇၀ တံတားနှစ်စင်း၊ ဟိုယာ-ကေကောလမ်းပေါ်၌ ပေ ၈၀ နှင့် ပေ ၅၀ တံတားနှစ်စင်း၊ ရှားတော-တာတမော့လမ်း ၃၄ မိုင် အနက် မြေလမ်း မိုင် ၂၀၊ ကျောက်ခင်းလမ်း မိုင် ၂၀ ဖောက်လုပ်ပေးခြင်း၊ ယင်းလမ်းပေါ်မှ တံတားနှင့် ရေပြွန်များတည်ဆောက်ပေးခြင်း၊ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များ၌ တံတားများတည်ဆောက်ခြင်း၊ မတူပီမြို့နယ် သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် မြို့နယ်ခန်းမ တည်ဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်း တည်ဆောက်ခြင်းတို့ ပါဝင်သည်။

ပြည်နယ်ရန်ပုံငွေဖြင့်လည်း ကျပ် သန်း ၃၁၅၆ ဒသမ ၀၅ သန်းသုံးစွဲ၍ ရှားတောမြို့နယ်အတွင်း ရှားတော-တင်လွယ်-နားအွန်မြေလမ်း ၂၄ မိုင် ဖောက်လုပ်ခြင်း၊ ဘောလခဲမြို့နယ်အတွင်း ရွာသစ်-ဝမ်ဗလ-ဖားဆောင်းမြေလမ်း မိုင် ၅၀၊ နန်းဖဲ-ဒေါ့စဲမြေလမ်း မိုင် ၁၀၊ ဒီးမော့ဆိုးမြို့နယ်၌ ခူးပရာ-ဘီသူအောက်မြေလမ်း ၁၅ မိုင်၊ ထနီးလာလဲ-ဘိုလျားလမ်းကျောက်ခင်းခြင်း ကိုးမိုင်၊ ဖရူဆိုမြို့နယ်တွင် ဒေါ့ရောခူ-ဖရူခေါ်-ဟန်လီ-မောသီဒိုကျောက်ခင်းလမ်း ၁၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများ အပါအဝင် အခြားသော လမ်း/တံတားလုပ်ငန်းများကိုလည်း တည်ဆောက်ဖောက်လုပ်ပေးရန် လျာထားပြီးဖြစ်သည်။

၎င်းအပြင် ရှားတော၊ ဖရူဆို၊ ဒီးမော့ဆို၊မယ်စဲ့၊ ရွာသစ်၊ ဘောလခဲမြို့နယ်များအတွင်း သောက်သုံးရေရရှိရေးလုပ်ငန်များ၊ ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းများ၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနာပြုကျောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ လျာထားဆောင်ရွက်ပေးမည်ဖြစ်သည်။

မြင့်စိုး(နတလ)

တီဆွန်ဂါ

ရော်ဂျာပလားတင်းနစ်ပြိုင်ပွဲ တီဆွန်ဂါနှင့် ရက်ဝမ်စကာ ချန်ပီယံဆုရရှိ

အောင်က

ပြီးခဲ့သည့် ဩဂုတ်လ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် Rodgers Cup တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ပြင်သစ်နိုင်ငံသား တီဆွန်ဂါကလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပိုလန်နိုင်ငံသူ ရက်ဝမ်စကာကလည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲသွားခဲ့သည်။

မာစတာစီးရီး တင်းနစ်ပြိုင်ပွဲများအနက်မှတစ်ခုဖြစ်ပြီး မြေမာကွင်းတွင် ယှဉ်ပြိုင်ရသည့်အဆိုပါပြိုင်ပွဲကို ကနေဒါနိုင်ငံ၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၏ နိုင်ခြေအဆင့် ၁၃သတ်မှတ်ခံခဲ့ရသူ တီဆွန်ဂါသည် တတိယအဆင့်တွင် နိုင်ခြေအဆင့် ၁ ဂျိုကိုဗစ်ကိုလည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့် ၈ အင်ဒီမာရေးကိုလည်းကောင်း အနိုင်ရရှိခဲ့သူဖြစ်ပြီး ဗိုလ်လုပွဲ၌ နိုင်ခြေအဆင့် ၂ ရော်ဂျာဖက်ဒါရာနှင့် ရင်ဆိုင်ခဲ့ရကာ ချန်ပီယံဆုရရှိခဲ့ခြင်း ဖြစ်သည်။

> ၂၀၀၈ ခုနှစ် Paris Masters တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သူ တီဆွန်ဂါအတွက် Rodgers Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုသည် မာစတာစီးရီးပြိုင်ပွဲများမှရရှိသည့် ဒုတိယမြောက် ချန်ပီယံဆုဖြစ်

အသက် ၂၉ နှစ်အရွယ်ရှိ ကမ္ဘာ့အဆင့် ၁၀ ဖြစ်သူ တီဆွန်ဂါသည် ဗိုလ်လုပွဲတွင် ဖက်ဒါရာအား ၇-၅၊ ၇-၆(၇-၃)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မာစတာစီးရီး တင်းနစ်ပြိုင်ပွဲများအနက်မှ ၂၀၀၈ ခုနှစ် Paris Masters တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သူ တီဆွန်ဂါအတွက် Rodgers Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုသည် မာစတာစီးရီးပြိုင်ပွဲများမှရရှိသည့် ဒုတိယမြောက် ချန်ပီယံဆုဖြစ်သည်။

တီဆွန်ဂါက "ဒီပြိုင်ပွဲမှာ ကျွန်တော် အကောင်းဆုံးကစားနိုင်ခဲ့ပြီး ပြိုင်ဘက်ကောင်းများစွာကိုလည်း အနိုင်ယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း ဒူးဒဏ်ရာခံစားခဲ့ရပြီးတဲ့နောက် ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်မှုတွေကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာပါ" ဟု ပြောသွားသည်။

Rodgers Cup တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပိုလန်နိုင်ငံသူ ရက်ဝမ်စကာက အမေရိကန် နိုင်ငံသူ ဗီးနပ်စ်ဝီလျံကို ၆-၄၊ ၆-၂ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ယခုပြိုင်ပွဲတွင် ရရှိခဲ့သည့် ချန်ပီယံဆုသည် ၂၀၁၄ ခုနှစ် တင်းနစ်ရာသီအတွင်း ကမ္ဘာ့အဆင့် ၅ဖြစ်သူ ရက်ဝမ်စကာ(၂၅နှစ်)ပထမဆုံးရရှိခဲ့သည့် ချန်ပီယံဆုဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဗီးနပ်စ်ဝီလျံသည် ဆီမီးဖိုင်နယ်အဆင့်တွင် ညီမဖြစ်သူ ကမ္ဘာ့အဆင့် ၁ တင်းနစ်မယ် ဆီရီနာဝီလျံနှင့် ရင်ဆိုင်ခဲ့ရကာ ဆီရီနာဝီလျံအား ၇-၆(၇-၂)၊ ၂-၆၊ ၃-၆ ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သူဖြစ်သည်။

ရက်ဝမ်စကာ

PUN HLAING HOSPITAL

အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုး ခွဲစိတ်ကုသမှုအစီအစဉ်

မှန်ပြောင်းဖြင့်ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း(Arthroscopy)၊ အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသခြင်း၊ Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသခြင်းနှင့် အခြားသောအရိုးရောဂါများကို ပန်းလှိုင်ဆေးရုံကြီးတွင်ဒူးဆစ်အစားထိုးခွဲစိတ်ကုသမှုပေါင်း (၁၆၀)ကျော်၊ တင်ပါးဆုံဆစ်ခွဲစိတ်ကုသမှုပေါင်း (၅၀)ကျော်နှင့်အခြားသောအရိုးရောဂါပေါင်းများစွာတို့ကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးသော စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံမှဆရာဝန်ကြီးတို့ ပူးပေါင်း၍ ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်နေ့အထိ လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၂၀၄၂၆၈၇၉ / မန္တလေး (၀၉) ၄၄၃၂၈၇၇၈၀ Email : enquiry.phlh@spa-mm.com